ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၂)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (28-10-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၈၁)

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ

၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပနေမှုများ တက်ရောက်ကြည့်ရှုအားပေး





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တိုင်းရင်းသားရိုးရာ၊ ကျေးလက်ရိုးရာ အကပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြိုင်ပွဲဝင်တိုင်းရင်းသားရိုးရာအကအဖွဲ့များ၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဆင်ဖြူရှင်ခန်းမနှင့် ပုဗ္ဗသီရိအားကစားခန်းမတို့၌ ကျင်းပလျက်ရှိသည့် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို တက်ရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲများသို့ နိုင်ငံတော်သမ္မတ၊ ဇနီးတို့နှင့်အတူ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်မောင်စိုးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အကဲဖြတ်ဒိုင် အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၊ စာမျက်နှာ ၁၆ ကော်လံ ၁

ရတနာပုံ ယနေ့ဗဟိုစရာ

၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ သတ္တမရက် အဆို၊ အတီးပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို ဒုတိယသမ္မတ ဦးညီစော တက်ရောက်ကြည့်ရှုအားပေး စာမျက်နှာ - ၁၇

စီးပွားရေးအကျိုးအမြတ်များ ရရှိအဆင်ပြေစေမည့် နေကြာသီးနှံ ဆောင်းပါး စာမျက်နှာ - ၁၀

၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၂၇

၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၂၉ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I) ကျောက်စိမ်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၉ ရက် နံနက် ၈နာရီခွဲတွင် MICC -I ၌ ကျင်းပမည်ဖြစ်ရာ ထိုသို့ကျင်းပပုံများကို နံနက် ၈ နာရီ ၁၅ မိနစ်မှစတင်ပြီး MRTV HD၊ MRTV Entertainment၊ MRTV NRC Channel၊ MWD HD Channel၊ စာမျက်နှာ ၂၃ ကော်လံ ၄ ❑


မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များနှင့် စစ်သည်များ ဗီယက်နမ်နိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၇

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှုဖြင့် ဗီယက်နမ်နိုင်ငံသို့ အောက်တိုဘာ ၂၀ ရက်မှစတင်၍ လေ့လာရေးသွားရောက်ခဲ့ကြသည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် စစ်မှုထမ်းဆဲစစ်မှုထမ်းဟောင်းနှင့် အစားခန့်ဝန်ထမ်းများ၏ သားသမီး ကျောင်းသား၊ ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့်အောင်မြင်သော စစ်သည်များပါဝင်သည့် မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များ ပါဝင်သော စာမျက်နှာ ၁၉ ကော်လံ ၁ ❍



မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များနှင့် စစ်သည်များ ဗီယက်နမ်နိုင်ငံအတွင်း လေ့လာလည်ပတ်ကြစဉ်။



အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း “အာနာဘ်” မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိ

နေပြည်တော် အောက်တိုဘာ ၂၇

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Very Severe Cyclonic Storm) “အာနာဘ်”(ARNAB)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါအားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း “အာနာဘ်”သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး စာမျက်နှာ ၂၀ ကော်လံ ၁ ❖

ရတနာပုံ
၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၈ ရက်
အယ်ဒီတာ့အာဘော်

နိုင်ငံ့သားကောင်းရတနာ ပြည်သူ့စစ်မှုထမ်းများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပုဒ်မ - ၃၈၅ တွင် **"ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့်နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်"** ဟူ၍ လည်းကောင်း၊ ပုဒ်မ -၃၈၆ တွင် **"နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်"** ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားသည်။

အဆိုပါပြဋ္ဌာန်းချက်များနှင့်အညီ လူငယ်လူရွယ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်များကို ထမ်းဆောင်လျက်ရှိကြရာ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁) ကို ၂၀၂၄ ခုနှစ် ဧပြီလမှ စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၂၉) ထိပင် ရောက်ရှိလာခဲ့ပြီဖြစ်ကာ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၂၇) ထိ သင်တန်းဆင်းပေးနိုင်ခဲ့ပြီဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းသင်တန်း တက်ရောက်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများသည် သင်တန်းတွင် စစ်ပညာသာမက အဖွဲ့အစည်းစိတ်ဓာတ်၊ စည်းစနစ်ကျနစွာ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်တို့အပြင် နိုင်ငံကောင်းရာကောင်းကျိုး ဆောင်ရွက်လိုသည့်စိတ်ဓာတ်များ ရရှိခဲ့ကြသည်။ ထို့ပြင် ပြည်သူ့စစ်မှုထမ်းသင်တန်း တက်ရောက်ပြီးသော လူငယ်များတွင် မိမိကိုယ်ကိုယုံကြည်မှု၊ မိမိအဖွဲ့အစည်းအပေါ်ယုံကြည်မှုများ တိုးမြင့်လာမည်ဖြစ်သည့်အပြင် စစ်မှုထမ်းခြင်းမှရရှိလာမည့် အတွေ့အကြုံနှင့် အသိပညာများသည် လူငယ်များ၏ အနာဂတ်ဘဝရပ်တည်မှုကို များစွာအထောက်အကူပေးနိုင်မည်ဖြစ်သကဲ့သို့ လုပ်ငန်းခွင်နယ်ပယ်တွင် ရင်ဆိုင်ကြုံတွေ့လာရမည့်အခက်အခဲများစွာကို ဖြေရှင်းရာတွင်လည်း စိတ်ပိုင်းဆိုင်ရာကြံခိုင်သန်စွမ်းမှုများ ရရှိစေမည်ဖြစ်ပေသည်။

ယခုအခါ သင်တန်းဆင်းပြည်သူ့စစ်မှုထမ်းများသည် တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသည်။

ထိုသို့ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်း စစ်သည်များထဲမှ စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ၊ ချီးကျူးဂုဏ်ပြုလက်မှတ်များရရှိခဲ့သူများလည်း ပေါ်ထွန်းနေပြီဖြစ်သည်။ တပ်ရင်း၊ တပ်ဖွဲ့များ၌ တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းများထဲမှ သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများကိုလည်း ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ အခမ်းအနားများဖြင့် ချီးမြှင့်အပ်နှင်းပေးအပ်ခဲ့ကာ နေရပ်အသီးသီးသို့ ပြန်လည်စေလွှတ်ခဲ့ရာ မိဘပြည်သူများကလည်း ဝမ်းသာအားရ ကြိုဆိုဂုဏ်ပြုကြသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်၏ကာကွယ်ရေးစွမ်းအား ခိုင်မာတောင့်တင်းစေရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီ ကိုယ်စီတာဝန်သိစိတ်များဖြင့် စစ်မှုထမ်းဆောင်ခြင်းကို တက်ကြွစွာဆောင်ရွက်နေကြပါသော နိုင်ငံတော်ကာကွယ်ရေးအတွက်အား သားကောင်းရတနာများကို ဂုဏ်ယူမိပါကြောင်း ရေးသားလိုက်ရပေသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၉၃၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ဝက်လက် အောက်တိုဘာ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၉၃၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၁၄၅၁ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၉၃၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ဖူးစားပြောင်းက ၂၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက် ပေးနေပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင် မြင်ဖို့၊ ပိုးမွှားရောဂါ ကျရောက်မှု မရှိစေဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးအသုံးပြုရေး စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း နှံကားစပါး ၁၆ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့



ရေကြည် အောက်တိုဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် စက်တင်ဘာလ အတွင်း နှံကားစပါး ၁၆ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည် မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအောင်က ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဩဂုတ်လ အတွင်း နှံကားစပါးတင်းရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း နှံကားစပါးတင်းရေ ၄၉၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ နှံကားစပါးတင်းရေ ၁၀၀ လျှင် ၁၄၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ရေကြည်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်းမှာ နှံကားစပါး ၁၆ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချခဲ့ပါတယ်။ ဒီဘက်က နှံကားစပါးတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ တင်ပို့ရောင်းချနေတဲ့ နှံကားစပါးတွေက အရည်အသွေးကောင်းတဲ့အတွက် အခုလထဲမှာလဲ အဝယ်လိုက်နေပါတယ်" ဟု ရေကြည်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအောင်က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

ပုသိမ်ကြီးမြို့နယ် ဂျိုင့်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ပုသိမ်ကြီး အောက်တိုဘာ ၂၇

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂျိုင့်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကို နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့်ငွေစာရင်း ဇယားပုံစံများပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁၇ ဦးကို ငွေကျပ် ၄၃ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် သုည ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၂၄ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၄ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများလည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အောင်ရဲကျော်

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

စဉ့်ကိုင်မြို့နယ် ဖောင်ဇင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

စဉ့်ကိုင် အောက်တိုဘာ ၂၇

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖောင်ဇင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယား ပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ဖောင်ဇင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ် ၁၅ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၇ ဦးကို ငွေကျပ် ၁၆ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၆ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၈၃ ဦးကို ရန်ပုံငွေကျပ် ၃၈ သိန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ပိုက ပြောပြ၍ သိရသည်။

အောင်ရဲကျော်

ပျော်ဘွယ်မြို့နယ် ဂွေးဇီးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

ပျော်ဘွယ် အောက်တိုဘာ ၂၇

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂွေးဇီးကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုကို အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ ဂွေးဇီးကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဂွေးဇီးကျေးရွာ၌ အရည်ပေ၂၄၀၀၊ အကျယ် သုံးလက်မရှိ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၇ ဒသမ ၅၆ သန်း အသုံးပြု၍ ဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဖြိုးထက်အောင်(ပျော်ဘွယ်)

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၇၁၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ကျွန်းလှ အောက်တိုဘာ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၇၁၈ ဧကထိ စိုက်ပျိုးပြီးပြီ ဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ဧက ၁၃၂၃၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၇၁၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ နှမ်းဧက ၁၃၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံ အနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာ ရှိပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ် မှန်ကန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေး အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

(၂၀၆)

နတ်တလင်းမြို့နယ် စက်ခုံကျေးရွာ၌ VRFPစီမံကိန်းရန်ပုံငွေ ထုတ်ချေး

နတ်တလင်း အောက်တိုဘာ ၂၇

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စက်ခုံကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP)ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်က ကျေးရွာမတည် ရန်ပုံငွေစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက ရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက VRFP စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၉ ဒသမ ၄ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် VRFPစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စက်ခုံကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၁၆ ဦးကို ငွေကျပ် ၃၉ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သန္တာ

ဗျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ပုစွန်အစုံ ပိသာချိန် ၄၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဗျာပုံ အောက်တိုဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး ဗျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ပုစွန်အစုံ ပိသာချိန် ၄၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဗျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေသီထွန်းက ပြောပြ၍ သိရသည်။

ဗျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဩဂုတ်လအတွင်း ပုစွန်အစုံ ပိသာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ပုစွန်အစုံ ပိသာချိန် ၄၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဗျာပုံမြို့နယ်ကနေ ရေထွက်ကုန်အများစု ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း ပုစွန်အစုံ ပိသာချိန် ၄၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပုစွန်တွေအပါအဝင် ရေထွက်ကုန်တွေကို အများအပြား တင်ပို့ရောင်းချနေရတာကြောင့် ရေထွက်ကုန်တင်ပို့ရောင်းချတဲ့လုပ်ငန်းနဲ့ ဆက်စပ်သူတွေ အလုပ်အကိုင် အခွင့်အလမ်းတွေ ပိုမိုရရှိလာပါတယ်။ ဒေသ ရေထွက်ကုန်တွေကို ကုန်တင်ကားတွေနဲ့ အများဆုံး တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချရာမှာလဲ အခက်အခဲမရှိပါဘူး"ဟု ဗျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီထွန်းက ပြောပြသည်။

ဗျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပုစွန်ဈေးနှုန်းများမှာ ပုစွန်ဆိတ်သေး တစ်ပိသာလျှင် ငွေကျပ် ၂၅၀၀၀ မှ ၂၅၅၀၀၊ ပုစွန်ဆိတ်ကြီး တစ်ပိသာလျှင် ငွေကျပ် ၂၅၅၀၀ မှ ၂၇၅၀၀၊ ပုစွန်ဘော့ချိတ်တစ်ပိသာလျှင် ငွေကျပ် ၂၇၀၀၀ မှ ၃၈၀၀၀၊ ပုစွန်ပြောင်ထုပ်ကြီး တစ်ပိသာလျှင် ငွေကျပ် ၄၅၀၀၀ မှ ၆၅၀၀၀ ထိ အမျိုးအစားနှင့် လတ်ဆတ်မှုအပေါ်မူတည်၍ ဈေးနှုန်းအပြောင်းအလဲရှိကြောင်း ဗျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီထွန်းက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း



ရွှေနတ်တောင်ခေါင်းလောင်းစာ

မောင်သာ(ရွှေဟောင်းသုတေသန)

ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းတွင် တည်ရှိသည့် မြို့နယ် ၁၄ ခုအနက် ရွှေတောင်မြို့နယ်သည် ပြည်ခရိုင်တွင်ပါဝင်သည်။ ရွှေတောင်မြို့နယ်အတွင်း၌ ဘုရား၊ ပုထိုး၊ စေတီပေါင်း ၁၇၅ ဆူရှိသည့် အနက် ရွှေနတ်တောင်စေတီနှင့် ရွှေမျက်မှန်ရုပ်ပွားတော်တို့သည် အထင်ရှားဆုံးဖြစ်သည်။

ရွှေနတ်တောင်စေတီသည် ရွှေတောင်မြို့နယ်မယားမာန်ကျေးရွာအုပ်စုတွင် ပါဝင်ကာ ရွှေတောင်မြို့မှ တောင်ဘက်သို့ လေးမိုင်ကွာဝေးသည့် ဒေဝါဂီရိခေါ် ရွှေနတ်တောင်ကုန်းပေါ်တွင် တည်ရှိသည်။ ရွှေနတ်တောင် စေတီတော်တည်ထားသည့် တောင်ကုန်းပေါ်၌ ကြေးခေါင်းလောင်း ၂၁ လုံးနှင့် ထီးတိုင် ၁၄ တိုင်တည်ရှိသည်။ ထိုခေါင်းလောင်းများတွင် ညောင်ရမ်းခေတ်က တင်လှူခဲ့သည့် ကြေးသွန်းခေါင်းလောင်းတစ်လုံးလည်း အပါအဝင် ဖြစ်သည်။

ထိုခေါင်းလောင်းသည် ရွှေတောင်မြို့သူမြို့သား၏ကောင်းမှု အလှူတော်တစ်ခုဖြစ်၍ ခေါင်းလောင်းတင်လှူသည့်ခုနှစ်သည် ခေါင်းလောင်းစာအရ မြန်မာသက္ကရာဇ် ၁၀၈၃ ခုနှစ်ဖြစ်သည်။ ခေါင်းလောင်းသည် သီးခြားအမည်မရှိဘဲ ရွှေတောင်မြို့သူမြို့သားများအလှူတော်ခေါင်းလောင်းဟု ထင်ရှားကာ မူလတည်ရှိသည့် နေရာဖြစ်သည့် ရွှေနတ်တောင်စေတီရင်ပြင်၌ တည်ရှိနေဆဲဖြစ်သည်။

သမိုင်းထဲက ရွှေတောင်

လက်ရှိ ပြည်ခရိုင်တွင်ပါဝင်သည့် ရွှေတောင်မြို့ကို ပုဂံခေတ်၊ နရသီဟပတ္တေမင်း(၁၂၅၆-၁၂၈၇)၏ ဒုတိယသားတော် ပြည်မြို့စားသီဟသူက စတင်တည်ထောင်ခဲ့သည်။ ထိုစဉ်က ရွှေတောင်မြို့၏ တည်နေရာသည် လက်ရှိ ရွှေတောင်မြို့မှ လေးမိုင်ကွာဝေးသည့် မြို့မရွာနေရာဖြစ်သည်။

မူလရွှေတောင်မြို့နေရာ၌ နေအိမ်များက ပြန့်ကြဲတည်ရှိကာ ဖျောက်ဆိပ်ကြယ်ပုံနှင့် တူညီသဖြင့် ဖျောက်ဆိပ်ရွာဟု အမည်တွင်ခဲ့သည်။ ဖျောက်ဆိပ်ရွာအနီးရှိ ကုလားချောင်း၊ ကြက်ဖြူတောင်၊ ဆားကျင်းတောင်၊ နွားသိုးတောင်တို့တွင် ရွှေသတ္ထုထွက်ခြင်းကို အစွဲပြုလျက်လည်းကောင်း၊ ရွှေနတ်တောင်စေတီ တည်ရှိသည့် ကဉ္စနာတောင်ကို အစွဲပြု၍လည်းကောင်း ပြည်မြို့စားသီဟသူနှင့် အမတ်ရန်မျိုးအောင် လက်ထက်တွင် ဖျောက်ဆိပ်ရွာကို ရွှေတောင်ဟု အမည်ပေးခဲ့သည်။

ကုန်းဘောင်ခေတ်၊ ဘိုးတော်ဘုရားလက်ထက်တွင် ရွှေတောင်၌ လူဦးရေစစ်တမ်းကောက်ယူခဲ့ကာ အုပ်ချုပ်မှုအဝဝကိုစီမံနိုင်ရန် မြို့ဝန်မောင်အင်္ဂါလက်ထက်၌ တစ်အိမ်လျှင် တစ်နှစ်အတွက် အခွန်ငွေ နှစ်ကျပ်ကောက်ခံခဲ့သည်။ ပုဂံမင်းလက်ထက်တွင် ပဲ့နင်ဦးမှုံကို မင်းကြီးမဟာမင်းလှမင်းခေါင်ကျော်ဘွဲ့ချီးမြှင့်ကာ ရွှေတောင်မြို့ဝန်အဖြစ် ခန့်အပ်ခဲ့သည်။ ဦးမှုံသည် ၁၈၅၂ ခုနှစ်တွင် ရန်ကုန်မြို့ဝန်အဖြစ် ပြောင်းရွှေ့ထမ်းဆောင်ခဲ့ရသည်။ ထိုနှစ်မှာပင် အောက်မြန်မာနိုင်ငံကို အင်္ဂလိပ်တို့က သိမ်းပိုက်အုပ်ချုပ်ခဲ့သည်။

လက်ရှိအချိန်တွင် ရွှေတောင်မြို့နယ်ကို ရပ်ကွက် သုံးခု၊ ကျေးရွာအုပ်စု ၄၈ အုပ်စု၊ ကျေးရွာ ၂၉၇ ရွာဖြင့် ဖွဲ့စည်းထားသည်။ ပြည်ခရိုင်၊ ရွှေတောင်မြို့တောင်ဘက်သို့ လေးမိုင်ကွာဝေးသည့် ဒေဝါဂီရိခေါ် ရွှေနတ်တောင် ကုန်းမြင့်ပေါ်တွင် တည်ရှိသည့် ရွှေနတ်တောင်စေတီ တွင် သမိုင်းဝင် ခေါင်းလောင်းတစ်လုံးရှိရာ ခေါင်းလောင်းအမည် သီးခြားမရှိချေ။

ဘုရားသမိုင်းအရ ရွှေနတ်တောင်စေတီကို ဒွတ္တပေါင်မင်းကြီးကအစပြု၍ မင်းအဆက်ဆက်က ပြုပြင်ခဲ့သည်။ ဒွတ္တပေါင်မင်းကြီးလက်ထက်တွင် ပျက်စီးယိုယွင်းနေသော ရွှေနတ်တောင်ဘုရားကို အုတ်အင်္ဂတေများရှင်းလင်းပြီး ဘုရားရှင်၏ ဓာတ်တော် ၁၈၂ ဆူကို ရတနာကြုတ်ဖြင့်ထည့်ကာ ဌာပနာ၍ ရွှေစေတီတစ်ထပ်၊ ငွေစေတီတစ်ထပ် မွမ်းမံပြီး ၁၅ တောင်မြင့်သည့် အုတ်ရိုးစေတီကို တည်ခဲ့သည်။

❖ ရွှေနတ်တောင်စေတီရင်ပြင်၌ ကြေးသွန်းခေါင်းလောင်း ၂၁ လုံးရှိသည့်အနက် ရွှေတောင်မြို့သူ မြို့သားများကောင်းမှု ခေါင်းလောင်းတွင် ကမ္ပည်းစာများရေးထိုးထားသည်။ ခေါင်းလောင်းစာသားများကို မြန်မာဘာသာစကားဖြင့်ရေးထိုးထားရာ စာပိုဒ်သုံးခု ပါဝင်သည်။ ထိုခေါင်းလောင်းကမ္ပည်းစာ သုံးပိုဒ်ကို ရှေးဟောင်းသုတေသနပညာရှင် ဦးစိန်မောင်ဦးက မူရင်းစာသားများကို သတ်ပုံသတ်ညွှန်းပြင်ဆင်တည်းဖြတ်ကာ ဖော်ပြခဲ့သည်။ ထိုခေါင်းလောင်းစာသည် စာကြောင်းသုံးကြောင်းသာ ပါဝင်သည်။ ❖

ပုဂံဘုရင် တရုတ်ပြေးမင်း၏သားတော် ပြည်စားသီဟသူသည် ခမည်းတော်၏ မှာထားချက်အရ ခမည်းတော်လက်စွပ်ကိုရောင်းချ၍ ရွှေနတ်တောင်စေတီကို ဉာဏ်တော် ၄၄ တောင်မြင့်တင်ခဲ့သည်။ တောင်ငူဘုရင် တပင်ရွှေထီးကလည်း ရွှေနတ်တောင်စေတီကို ကိုယ်တော်လုံးပတ်ပြည့် ရွှေသင်္ကန်းကပ်လှူခဲ့သည်၊

လက်ရှိရွှေနတ်တောင်စေတီသည် ထီးတော်အပါ ဉာဏ်တော် အတောင် ၈၀ မြင့်သည်။ စေတီတော်၏ ပတ်လည်တွင် စေတီရံ ၁၇ ဆူနှင့် ရွှေပန်းခိုင်ကြိုး ၁၅ ခိုင်ရှိသည်။ ဘုရားကုန်းတော်ပေါ်၌ ကြေးခေါင်းလောင်းပေါင်း ၂၁ လုံး၊ ထီးတိုင်ပေါင်း ၁၄ ခုနှင့် ဘုရားဖူး ပရိသတ်များနားနေရန် သုံးထပ်ဧရပ်ကြီး အပါအဝင် ဧရပ် ၁၅ ခု ရှိသည်။

ဗြိတိသျှလက်အောက်၌ မြန်မာနိုင်ငံ ရှိခဲ့စဉ် အိန္ဒိယနိုင်ငံနှင့် ခွဲရေးတွဲရေး ပြဿနာပေါ်ပေါက်ခဲ့ပြီး ၁၉၃၇ ခုနှစ် ဧပြီလ ၁ ရက်တွင် ခွဲရေးအောင်မြင်သည့် အထိမ်းအမှတ် ကျောက်စာတိုင်ကို ရွှေနတ်တောင်စေတီတွင် စိုက်ထူထားသည်။

တနင်္ဂနွေမင်းနှင့် ရွှေနတ်တောင်

ရွှေနတ်တောင်စေတီရင်ပြင်၌ ရွှေတောင်မြို့သူမြို့သားများက ခေါင်းလောင်းသွန်းလုပ်လှူဒါန်းချိန်သည် ညောင်ရမ်းခေတ် တနင်္ဂနွေမင်းနန်းစံနေချိန်ဖြစ်သည်။ တနင်္ဂနွေနေ့တွင် ဖွားမြင်သဖြင့် တနင်္ဂနွေမင်းဟု ထင်ရှားသည့် ညောင်ရမ်းမင်းဆက် နဝမမြောက်ဘုရင်၏ ဘွဲ့အမည်သည် သီရိပဝရ မဟာမင်္ဂလာဇဓိပတိဖြစ်သည်။

တနင်္ဂနွေမင်းသည် ညောင်ရမ်းမင်းဆက် အဋ္ဌမမြောက်ဘုရင် စနေမင်း(၁၆၉၈-၁၇၁၄)၏ သားတော်ဖြစ်၍ ခမည်းတော်နတ်ရွာခံပြီးနောက် ညောင်ရမ်းထီးနန်းကိုဆက်ခံကာ ညောင်ရမ်းမင်းဆက် နဝမမြောက်ဘုရင် အဖြစ် ၁၇၁၄ ခုနှစ် တွင် နန်းဆက်ကာ ၁၇၃၃ ခုနှစ်တွင် နတ်ရွာစံခဲ့သည်။

ခေါင်းလောင်းစာ

ရွှေနတ်တောင်စေတီရင်ပြင်၌ ကြေးသွန်းခေါင်းလောင်း ၂၁ လုံးရှိသည့်အနက် ရွှေတောင်မြို့သူမြို့သားများကောင်းမှု ခေါင်းလောင်းတွင် ကမ္ပည်းစာများရေးထိုးထားသည်။ ခေါင်းလောင်းစာသားများကို မြန်မာဘာသာစကားဖြင့် ရေးထိုးထားရာ စာပိုဒ်သုံးခု ပါဝင်သည်။

ထိုခေါင်းလောင်းကမ္ပည်းစာ သုံးပိုဒ်ကို ရှေးဟောင်းသုတေသနပညာရှင် ဦးစိန်မောင်ဦးက မူရင်းစာသားများကို သတ်ပုံသတ်ညွှန်းပြင်ဆင်တည်းဖြတ်ကာ ဖော်ပြခဲ့သည်။ ထိုခေါင်းလောင်းစာသည် စာကြောင်းသုံးကြောင်းသာ ပါဝင်သည်။

၁။ ရွှေနတ်တောင်ဘုရားအနီး ဥပစာဠ်သီတင်းသုံးသော ဘုံမ်သာ(ကျောင်းထိုင်)ပုဂ္ဂိုလ်သည် ရွှေတောင်မြို့သူမြို့သားတို့ကို အနောဒိဿမေတ္တာ၊ သြဒိဿမေတ္တာတော်နှင့် ညီစွာ ညီညွတ်၍ သက္ကရာဇ် ၁၀၈၃ ခုနှစ် ကဆုန်လတွင် ကြေးစင်ချိန် ၃၇၀ ပိသာ သွန်းလုပ်လှူဒါန်းပါရသော

၂။ အကျိုးအားဖြင့် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာဝါယာမ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာသတိ၊ သမ္မာသမာဓိ တည်းဟူသော မဂ္ဂင်ရှစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ အရိမေတ္တေယျဘုရားရှင်နှိုက် ဗျာဒိတ်တော်မြတ်ကို ရသည်ဖြစ်လိုပါ၏။

၃။ ဤသို့သောကောင်းမှုတို့၏ အကျိုးကို အထက်ကိုဘဝဂ်၊ အောက်ကိုလည်း အဝီစိတိုင်အောင်ဝေပါ၏။ ရေမှာနေသည် ဆယ်ကုဋေ၊ ကြည်းမှာနေသည် ကိုးကုဋေ သဗ္ဗသတ္တာ သတ္တဝါတို့ကိုလည်း အမျှဝေပါ၏။ ဥဒ္ဓံယာဝ၊ အဓောယာဝ၊ ဘဝဂ်ကစ အဝီစိတိုင်အောင် ဤကောင်းမှုကို သာဓုအနုမောဒနာ ခေါ်သည်ဖြစ်စေသောဝဉ်ဟူ၍ ဖြစ်သည်။

ခေါင်းလောင်းကိုသွန်းလုပ်လှူဒါန်းသည့် မြန်မာသက္ကရာဇ် ၁၀၈၃ ခုနှစ်သည် အင်းဝ၌ ညောင်ရမ်းမင်းဆက်ဘုရင် တနင်္ဂနွေမင်း (၁၇၁၄-၁၇၃၃) နန်းစံချိန်ဖြစ်သည်။ ထိုအချိန်တွင် ရွှေတောင်မြို့ ရွှေနတ်တောင်စေတီ ဥပစာရအနီးတွင် သီတင်းသုံး နေထိုင်လျက်ရှိသည့် ဘုံသာကျောင်းထိုင်ဆရာတော်သည် ရွှေတောင်မြို့သူမြို့သားများ စုပေါင်းလှူဒါန်းငွေဖြင့် အလေးချိန်ပိသာ ၃၇၀ ရှိသည့် ကြေးသွန်းခေါင်းလောင်းတစ်လုံးကို သွန်းလုပ်ကာ စေတီရင်ပြင်တွင် ချိတ်ဆွဲလှူဒါန်းခဲ့သည်။

ထိုကောင်းမှုကုသိုလ်အကျိုးကြောင့် နောင်ပွင့်လတ္တံ့သော အရိမေတ္တေယျဘုရားရှင်၏ ဗျာဒိတ်တော်တရားမြတ်ကို နာကြားရပါလိုကြောင်း ဆုတောင်းစာကိုရေးထိုးခဲ့သည်။ ထိုကောင်းမှုအဖို့ ဘာဂကို သတ္တဝါအပေါင်းအား မျှဝေကြောင်းကို လည်း ကမ္ပည်းစာရေးထိုးခဲ့သည်။

ခေါင်းလောင်းစာလေ့လာချက်

သို့သော် ခေါင်းလောင်းကမ္ပည်းစာရေးထိုးသူသည် ပါဠိစာပေကျွမ်းကျင်မှု နည်းပါးသဖြင့် သတ်ပုံသတ်ညွှန်း မှန်ကန်တိကျမှုမရှိကြောင်း လေ့လာတွေ့ရှိရသည်ဟု ဆရာဦးစိန်မောင်ဦးက သုံးသပ်ဖော်ပြခဲ့သည်။ ခေါင်းလောင်းစာတွင် ဥပစာရကို ဥပရာဇဟုလည်းကောင်း၊ ဩဒိဿမေတ္တာကို သြောဒိဿမေတ္တာဟုလည်းကောင်း၊ မဂ္ဂင်တရားရှစ်ပါးကို မဂ်တရားရှစ်ပါးဟုလည်းကောင်း၊ အရိမေတ္တေယျကို အရိမတေယျဟုလည်းကောင်း၊ ဆယ်ကုဋေကို ဆယ်ကုဒေ၊ ကိုးကုဋေကို ကိုးကုဒေ၊ ဥဒ္ဒံယာဝကို အုပ်ံမံယာဝဟုလည်းကောင်း ရေးထိုးထားပုံကို ဆရာဦးစိန်မောင်ဦးက ထောက်ပြခဲ့သည်။

ခေါင်းလောင်းစာမူရင်းတွင် ရေးထိုးထားသည့် သွာဓိတိသည် သမ္မာဒိဋ္ဌိ၊ သွာသင်္ကပ်ပသည် သမ္မာသင်္ကပ္ပ၊ သွာဝါယာမိသည် သမ္မာဝါယာမ၊ သွကမိုတသည် သမ္မာကမ္မန္တ၊ သွာအာဇီဝသည် သမ္မာအာဇီဝ၊ သွာ(သ)တိသည် သမ္မာသတိ၊ သွာသွာဓိသည် သမ္မာသမာဓိဖြစ်ပြီး မူလခေါင်းလောင်းစာတွင် သမ္မာဝါစာမပါသဖြင့် ခေါင်းလောင်းစာရေးထိုးရာတွင် ကျန်ရစ်ခဲ့ဟန်ရှိကြောင်း ယူဆရပေသည်။

ခေါင်းလောင်းစာကိုမူလစီကုံးရေးသားခဲ့သူသည် သမ္မာဒိဋ္ဌိကို သွာဓိတိ၊ သမ္မာသင်္ကပ္ပကို သွာသင်္ကပ်ပ အစရှိသဖြင့် လွဲမှားစွာရေးထိုးခဲ့ပုံကို ခေါင်းလောင်းတွင် သက်သေအဖြစ် မြင်တွေ့နိုင်ကြသည်။ ခေါင်းလောင်း ကမ္ပည်းစာရေးထိုးသူသည် မိမိထင်မြင်သကဲ့သို့ ကူးယူရေးထိုးခဲ့သဖြင့် ပါစင်အောင် တိမ်းပါးချွတ်ချော်သွားကြောင်း ဆရာဦးစိန်မောင်ဦးက ထောက်ပြခဲ့သည်။

မည်သို့ပင်ဖြစ်စေ ညောင်ရမ်းခေတ်က တင်လှူခဲ့သည့် ခေါင်းလောင်းသည် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်တစ်ရပ်အဖြစ် ယနေ့တိုင်ကြွင်းကျန်နေသဖြင့် ခေတ်အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့သူများကို အထူးပင်ကျေးဇူးတင်ကြရပေသည်။

ကိုးကား

- **မြန်မာနိုင်ငံ လက်ရွေးစင်ခေါင်းလောင်းစာများ(ဦးစိန်မောင်ဦး)**
- **ရွှေတောင်မြို့နယ် ဒေသဆိုင်ရာအချက်အလက်များ(အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)**

မဟာရာဇဝင်သစ်၊ တတိယတွဲ (တွင်းသင်းတိုက်ဝန် ဦးထွန်းညို)

မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်/မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြုံခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၂၃၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ဝက်လက်မြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့်ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

(၂၀၆)

ဝက်လက် အောက်တိုဘာ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို ခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၂၃၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၅၆၅ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၂၃၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ပဲတီစိမ်း ဧက ၄၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးရာသီမှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ကြံခင်းမြို့နယ်တွင် မျှင်ငါးပိများ အရောင်းအဝယ်ကောင်းမွန်နေ

ကြံခင်း အောက်တိုဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်တွင် မျှင်ငါးပိများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကြံခင်းမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုလှိုင်က ပြောပြသည်။

ကြံခင်းမြို့နယ်တွင် မျှင်ငါးပိများအောက်တိုဘာလ ဒုတိယပတ်မှ ယနေ့ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသထွက် မျှင်ငါးပိများ တစ်ရက်လျှင် ပိသာချိန် ၅၀၀၀ မှ ၇၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"လက်ရှိ မျှင်ငါးပိတွေက ဒေသတွင်းမှာကို အရောင်းအဝယ်ကောင်းနေတာပါ။ လက်ရှိ မျှင်ငါးပိတစ်ပိသာကို ငွေကျပ် ၂၅၀၀၀ မှ ၃၈၀၀၀ ထိ ဈေးပေါက်နေပါတယ်။ ဒေသထွက်မျှင်ငါးပိတွေကို ဒေသဈေးကွက်အပြင် ဟင်္သာတဘက်နဲ့ အခြားဒေသတွေကလဲ ဝယ်ယူတာများနေပါတယ်။ ဒီဘက်က မျှင်ငါးပိအရောင်းအဝယ် သမားတွေက ဒေသထွက် မျှင်ငါးပိတွေကို မှာယူတဲ့ဒေသတွေထိ လိုက်လံပို့ပေးတာပါ။ ဒေသထွက်မျှင်ငါးပိတွေကို အရောင်းအဝယ်လုပ်ရတာ အခက်အခဲမရှိပါဘူး"ဟု ကြံခင်းမြို့နယ် ငါးပိ၊ ငါးခြောက် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုလှိုင်က ပြောပြသည်။

ကြံခင်းမြို့နယ်ရှိ ငါးပိ၊ ငါးခြောက် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်မျှင်ငါးပိများကို အခြားဒေသများသို့ စနစ်တကျထုပ်ပိုး၍ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ မျှင်ငါးပိများ အရောင်းအဝယ် ကောင်းမွန်လာသည့် အတွက် ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များနှင့် ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင် အဆင်ပြေလာကြောင်း သိရသည်။

ကျော်ကျော်လင်း



စာဖတ်ပါ

- စာဖတ်သူ ဉာဏ်ရည်ကောင်း သရဖူဆောင်း အရာရာ၊
ကျော်လွှားနိုင် အမှောင်ခွင်းလို့
အလင်းဆောင်ကာ၊
ဆုံးဖြတ်သုံးသပ် မှန်ကန်စွာ
စာဖတ်သူမှာ ပြောင်မြောက်၊
အောင်ပန်းပန် အောင်မြင်မှုတို့
ရွေးရှူလို့လျှောက်။

- ဘဝတံခွန် ရွေ့ဆက်ဖောက်တယ်ကွဲ့
အမြင့်ရောက် ပန်းတိုင်၊
အခက်ခဲဟူ ဘေးဖယ်ထားလို့
ကျော်လွှားရင်ဆိုင်၊
စာဖတ်အကျိုး ခွဲစိတ်ပိုင်
ဝီရိယခိုင် အစဉ်လုံ့လ၊
ထိပ်ဆုံးကို တက်လှမ်းလို့
လွှမ်းမိုးနေကြ။

- စာပေသည် ကျေးဇူးကြီးလှ
မိမိဘဝ ပြောင်းလဲပြန်၊
စာဖတ်ရှုန် နေ့စဉ်မြှင့်လို့
ဂုဏ်တင့်ဇကန်၊
ဘဝလမ်း သန္ဓေမှန်
အဖိုးတန် အမျိုးမှန်ကြောင်း၊
အလှစစ်မှာ စမ်းရေအေးသို့
မွေးဘိလူကောင်း။ ။

ရင်ခတ်ပန်း(စွယ်တော်)

ပွင့်ဖြူမြို့နယ် ရွှေဘိုရွာသစ်ကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေး

ပွင့်ဖြူ အောက်တိုဘာ ၂၇

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဥယျာဉ်ကျစ်ကျေးရွာအုပ်စု ရွှေဘိုရွာသစ်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်း စီမံကိန်း(RBF) ရန်ပုံငွေထုတ်ချေးခြင်းကို အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရွေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်က ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း(RBF)ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့များထံ ရန်ပုံငွေကျပ်သန်း ၃၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရွှေဘိုရွာသစ်ကျေးရွာရှိ နွားမွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၂၀ ကို ကျေးလက်စီးပွား မြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း စီမံကိန်း (RBF) ရန်ပုံငွေကျပ်သန်း ၃၀ ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်ထံမှ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

ဘရာဇီးသမ္မတရွေးကောက်ပွဲကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ဝေဖန်

ဝါရှင်တန် အောက်တိုဘာ ၂၇

ဘရာဇီးသမ္မတလူလာဒါဆေးလ်ဗား ထပ်မံအနိုင်ရခဲ့သော ဘရာဇီးသမ္မတရွေးကောက်ပွဲမှာ မသမာမှုများရှိခဲ့သည့် ရွေးကောက်ပွဲဖြစ်နိုင်သည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အောက်တိုဘာ ၂၆ ရက်တွင် ပြောကြားခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အောက်တိုဘာ ၂၅ ရက်တွင် ကျင်းပခဲ့သည့် ဘရာဇီးသမ္မတရွေးကောက်ပွဲ ဒုတိယအကျော့တွင် လက်ဝဲဝါဒီ သမ္မတလူလာဒါဆေးလ်ဗားက ပြိုင်ဘက်သမ္မတလောင်း လက်ယာယိမ်းဝါဒီ ဘရာဇီးအထက် လွှတ်တော်အမတ် ဘော်လ်ဆိုနာရိုကို အနိုင်ရခဲ့ခြင်းဖြစ်သည်။

မိမိအနေဖြင့် ဘက်ရွေးရပ်တည်မှုမရှိသော်လည်း အောက်တိုဘာ ၂၅ ရက် ဘရာဇီးသမ္မတရွေးကောက်ပွဲမှာ မသမာမှုများရှိနိုင်သည့် ရွေးကောက်ပွဲဖြစ်နိုင်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က သတင်းထောက်များနှင့် တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

အောက်တိုဘာ ၂၅ ရက် ဘရာဇီးသမ္မတရွေးကောက်ပွဲ ဒုတိယအကျော့ရလဒ်ကို လက်ခံရန် အထက် လွှတ်တော်အမတ် ဘော်လ်ဆိုနာရိုကလည်း ငြင်းပယ်ထားသည်။

သို့ရာတွင် ဘော်လ်ဆိုနာရို၏ လစ်ဘရယ်ပါတီ ကိုယ်တိုင်ကမူ ဘရာဇီးသမ္မတ ရွေးကောက်ပွဲ ဒုတိယအကျော့ရလဒ်ကို လက်သင့်ခံသည်ဟု သတင်းထုတ်ပြန်ထားကြောင်းသိရသည်။

Ref : Xinhua
Trs : KKO

ပစိဖိတ်ဖြတ်ကုန်သွယ်ရေး မိတ်ဖက်ဘက်စုံသဘောတူညီချက်၌ ပါဝင်ဦးမည်မဟုတ်ကြောင်း တောင်ကိုရီးယားသမ္မတ ပြောကြား



ဆိုးလ် အောက်တိုဘာ ၂၇

မိမိ၏ ရာထူးသက်တမ်းအတွင်း တောင်ကိုရီးယားနိုင်ငံ အနေဖြင့် ပစိဖိတ်ဖြတ် ကုန်သွယ်ရေး မိတ်ဖက်ဘက်စုံ သဘောတူညီချက်(စီပီတီပီပီ) တွင် ပါဝင်နိုင်ဦးမည်မဟုတ်ကြောင်း တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်က အောက်တိုဘာ ၂၆ ရက်တွင် ထုတ်ဖော် ပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

စီပီတီပီပီ ကုန်သွယ်ရေးမိတ်ဖက်ဘက်စုံ သဘောတူညီချက်၌ ပါဝင်ရေး အတွက် တောင်ကိုရီးယားက အဆိုပြု လျှောက်ထားမည် ဆိုလျှင် အဆိုပါသဘော တူညီချက်၌ ပါဝင်နေသည့် အဖွဲ့ဝင်နိုင်ငံ ၁၂ နိုင်ငံလုံး၏ ခွင့်ပြုချက် ရရှိရန်လိုကြောင်း တောင်ကိုရီးယား သမ္မတ လီဂျေးမြောင်က လယ်သမား၊ ရေလုပ်သားများနှင့် တွေ့ဆုံစဉ် ထုတ်ဖော်ပြောကြားခဲ့သည်။

သို့ဖြစ်ရာ တောင်ကိုရီးယား အနေဖြင့် မိမိ၏သမ္မတသက်တမ်း ကာလအတွင်း စီပီတီပီပီ ကုန်သွယ်ရေး မိတ်ဖက်ဘက်စုံ သဘောတူညီချက်၌ ပါဝင်ရန် မဖြစ်နိုင်သေးကြောင်း သမ္မတ လီဂျေးမြောင်က ပြောကြားခဲ့သည်။

စီပီတီပီပီ ကုန်သွယ်ရေးမိတ်ဖက်ဘက်စုံ သဘောတူညီချက်တွင် အဖွဲ့ဝင်နိုင်ငံများအဖြစ် ဩစတြေးလျ၊ ဘရူနိုင်း၊ ကနေဒါ၊ ချီလီ၊ ဂျပန်၊ မလေးရှား၊ မက္ကဆီကို၊ နယူးဇီလန်၊ ပီရူး၊ စင်ကာပူ၊ ဗြိတိန်၊ ဗီယက်နမ်တို့ ပါဝင်ကြောင်းသိရသည်။

Ref : Xinhua
Trs : KKO

ဆော်ဒီအာရေဗျနိုင်ငံသို့ စစ်ရေးအကူအညီများ ပေးခွင့်ပြုရန် အီဂျစ်လွှတ်တော်သဘောတူ



ကိုင်ရို အောက်တိုဘာ ၂၇

ယီမင်အခြေစိုက် ဟူသီလက်နက်ကိုင်အဖွဲ့၏ တိုက်ခိုက်မှုများမှ ကာကွယ်ရေးအတွက် ဆော်ဒီအာရေဗျနိုင်ငံသို့ စစ်ရေးအကူအညီများ ပေးခွင့်ပြုရန် အီဂျစ်လွှတ်တော်က အောက်တိုဘာ ၂၆ ရက်တွင် သဘောတူခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အီဂျစ်သမ္မတ အယ်လ်စီစီ၏ မေတ္တာရပ်ခံချက်အရ ဆော်ဒီအာရေဗျနိုင်ငံကို စစ်ရေးအကူအညီများ ပေးခွင့်ပြုရန် အီဂျစ်လွှတ်တော်က သဘောတူခဲ့ခြင်းဖြစ်သည်။

ဆော်ဒီအာရေဗျနိုင်ငံကို ကူညီရေးအတွက် သမ္မတအယ်လ်စီစီကို လိုအပ်သကဲ့သို့ လုပ်ဆောင်ခွင့်ပေးရန် အီဂျစ်အောက်လွှတ်တော်အမတ်သုံးပုံနှစ်ပုံတို့က ထောက်ခံမဲပေးခဲ့ကြောင်း သိရသည်။

ဆော်ဒီအာရေဗျ အစိုးရက မေတ္တာရပ်ခံခဲ့ပါက စစ်ရေးအကူအညီများပေးခွင့်ပြုရန် အီဂျစ်သမ္မတအယ်လ်စီစီက ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း လွှတ်တော်ကို တောင်းဆိုထားသည်။

အီဂျစ်နိုင်ငံအနေဖြင့် ဆော်ဒီအာရေဗျနိုင်ငံကို မည်သည့်စစ်ရေးအကူအညီမျိုး ပေးအပ်ဖွယ်ရှိသည်ကို ရှင်းရှင်းလင်းလင်းမသိရသေးကြောင်း အီဂျစ်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဆော်ဒီအာရေဗျ နိုင်ငံသည် အီဂျစ်နိုင်ငံ၏ အဓိကမဟာမိတ်နိုင်ငံဖြစ်ပြီး သမ္မတအယ်လ်စီစီ အစိုးရအဖွဲ့ကို ဘဏ္ဍာရေးအရ အဓိကပံ့ပိုးပေးနေသော နိုင်ငံလည်းဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

ဆွစ်ဇာလန်နိုင်ငံခြားရေးဝန်ကြီး ကတ်ဆစ် မြောက်ကိုရီးယားနိုင်ငံသို့ သွားရောက်မည်

ဇူးရစ် အောက်တိုဘာ ၂၇

ဆွစ်ဇာလန် နိုင်ငံခြားရေးဝန်ကြီး ကတ်ဆစ်သည် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရေးနှင့် ပြိုယမ်းမြို့၌ ဆွစ်ဇာလန်သံတမန်ဆက်ဆံရေးရုံး ပြန်လည်ဖွင့်လှစ်ရေးတို့အတွက် မြောက်ကိုရီးယားနိုင်ငံသို့ ယခုရက်သတ္တပတ်အတွင်း သွားရောက်မည်ဟု အောက်တိုဘာ ၂၆ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဆွစ်ဇာလန် နိုင်ငံခြားရေးဝန်ကြီး ကတ်ဆစ်၏ မြောက်ကိုရီးယား ခရီးစဉ်သည် အောက်တိုဘာ ၂၉ ရက်တွင် စတင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါခရီးစဉ်အတွင်း ဆွစ်ဇာလန်နိုင်ငံခြားရေး ဝန်ကြီးသည် မြောက်ကိုရီးယား တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ အောက်တိုဘာ ၃၀ ရက်တွင် ပြုံယမ်းမြို့ရှိ ဆွစ်ဇာလန်သံတမန်ဆက်ဆံရေးရုံးကို တရားဝင် ပြန်လည်ဖွင့်လှစ်ပေးမည် ဖြစ်သည်။

ထို့ပြင် အဆိုပါ ခရီးစဉ်အတွင်း ဆွစ်ဇာလန်နိုင်ငံခြားရေး ဝန်ကြီးနှင့် မြောက်ကိုရီးယားတာဝန်ရှိသူများသည် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးများကြား ဆွေးနွေးပွဲများ ပြန်လည်စတင်ရေး၊ ကိုရီးယားကျွန်းဆွယ် လုံခြုံရေး၊ ပထဝီနိုင်ငံရေး ဆိုင်ရာများကို ဆွေးနွေးကြမည် ဖြစ်သည်။

မြောက်ကိုရီးယား ခရီးစဉ်ပြီး ဆုံးချိန်တွင် ဆွစ်ဇာလန်နိုင်ငံခြားရေးဝန်ကြီး ကတ်ဆစ်သည် တောင်ကိုရီးယား နိုင်ငံသို့ ဆက်လက် လာရောက်မည်ဟု တောင်ကိုရီးယား တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

ကင်ညာနိုင်ငံ အဝေးပြေးလမ်းပေါ်၌ ခရီးသည်တင် ဘတ်စကားကို ကုန်တင်ယာဉ်ဝင်တိုက်၊ လူ ၂၄ ဦး သေဆုံး၍ ၂၄ ဦးဒဏ်ရာရ

နိုင်ရိုဘီ အောက်တိုဘာ ၂၇

ကင်ညာနိုင်ငံ၏ အဓိက အဝေးပြေးလမ်းပေါ်၌ အောက်တိုဘာ ၂၅ ရက်က ခရီးသည်တင် ဘတ်စကားကို ကုန်တင်ယာဉ်ဝင်တိုက်ခဲ့ရာ လူ ၂၄ ဦး သေဆုံးခဲ့သည်ဟု ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ယာဉ်တိုက်မှုသည် နိုင်ရိုဘီမြို့နှင့် မွမ်ဘာဆာကမ်းရိုးတန်းမြို့တို့ကို ချိတ်ဆက်ပေးထားသည့် အဝေးပြေးလမ်းပေါ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အောက်တိုဘာ ၂၅ ရက်ယာဉ်တိုက်မှုအတွင်း လူ ၂၄ ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း ကင်ညာတာဝန်ရှိသူများ၏ အဆိုအရ သိရသည်။



ခရီးသည်တင် ဘတ်စကားပေါ်၌ လိုက်ပါလာသူများမှာ စျာပနအခမ်းအနားတစ်ခုသို့ သွားရောက်ပြီးနောက် မွမ်ဘာဆာမြို့သို့ ပြန်လာသူများ ဖြစ်ကြကြောင်း ကင်ညာရဲတပ်ဖွဲ့၏ အဆိုအရ သိရသည်။

အဆိုပါ ယာဉ်မတော်တဆမှုတွင် ကုန်တင်ယာဉ်က ခရီးသည်တင်ဘတ်စကား နောက်ပိုင်းကို ဝင်တိုက်ခဲ့ခြင်း ဖြစ်ကြောင်း အသက်ရှင်ကျန်ရစ်သူ ခရီးသည်များ၏ အဆိုအရ သိရသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်ကလည်း နိုင်ရိုဘီ-မွမ်ဘာဆာအဝေးပြေးလမ်းပေါ်၌ ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့ရာ လူ ၁၇ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

Rocket Lab ကုမ္ပဏီက ပုဂ္ဂလိကအချက်ပြထောက်လှမ်းရေး ဂြိုဟ်တုသုံးစင်းကို အောင်မြင်စွာလွှတ်တင်ခဲ့



ဝါရှင်တန် အောက်တိုဘာ ၂၇

အမေရိကန်နိုင်ငံ အခြေစိုက် Rocket Lab ကုမ္ပဏီသည် ပုဂ္ဂလိက အချက်ပြထောက်လှမ်းရေး ဂြိုဟ်တုသုံးစင်းကို အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း အောက်တိုဘာ ၂၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဟော့ခ်အမည်ရှိ အထက်ပါ ဂြိုဟ်တုသုံးစင်းကို အီလက်ထရွန်ဒုံးပျံဖြင့် နယူးဇီလန်နိုင်ငံမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဟော့ခ်အချက်ပြထောက်လှမ်းရေးဂြိုဟ်တုသုံးစင်းကို အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ်အခြေစိုက် ဟော့ခ်အိုင်း-၃၆ဂ ကုမ္ပဏီက တည်ဆောက်ထားခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် အီလက်ထရွန်ဒုံးပျံသည် ဟော့ခ် ဂြိုဟ်တုသုံးစင်းကို ကမ္ဘာမြေပြင်အထက် အမြင့် ၃၂၃ မိုင်အကွာတွင် ရှိသည့် ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း Rocket Lab ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

ဟော့ခ်အိုင်း-၃၆ဂ ကုမ္ပဏီသည် ၂၀၁၈ ခုနှစ်မှစ၍ ဟော့ခ် ဂြိုဟ်တုများကို လွှတ်တင်ခဲ့ရာ လက်ရှိအချိန်ထိ ဂြိုဟ်တုအစင်းရေ ၅၀ ခန့် လွှတ်တင်ထားပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ လွှတ်တင်မှုမစ်ရှင်သည် ယခုနှစ်အတွင်း Rocket Lab ကုမ္ပဏီက လွှတ်တင်ခဲ့သော ၁၆ ကြိမ်မြောက် အီလက်ထရွန် မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

နေအဖွဲ့အစည်း ပြိုကွဲပျက်စီးမည့်အချိန်က မူလမျှော်မှန်းထားသည်ထက် များစွာပိုစောနိုင်ကြောင်း သိပ္ပံပညာရှင်များပြောကြား


ဝါရှင်တန် အောက်တိုဘာ ၂၇

နေအဖွဲ့အစည်း ပြိုကွဲပျက်စီးမည့်အချိန်သည် မူလမျှော်မှန်းထားသည်ထက် များစွာပိုစောနိုင်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ အောက်တိုဘာ ၂၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

နျူကလီးယား လောင်စာများ ကုန်ခန်းပြီးနောက် သက်တမ်းကုန်ချိန်တွင် နေသည် အဖြူရောင်ကြယ်သိမ်ခေါ် သိပ်သည်းကျစ်လျစ်၍ ပူပြင်းလှသည့် ကြယ်ရုပ်ကြွင်းတစ်ခုအဖြစ် ပြောင်းလဲသွားမည်ဖြစ်သည်။

နေသည် အဖြူရောင်ကြယ်သိမ်အဖြစ်သို့ ပြောင်းလဲပြီးနောက်ပိုင်း နောင်နှစ်ပေါင်းဘီလီယံ ၁၀၀ ထိ နေအဖွဲ့အစည်းအတွင်းရှိ ဂြိုဟ်များ၏ လက်ရှိပတ်လမ်းမှာ ဆက်လက် တည်မြဲနေနိုင်သည်ဟု သိပ္ပံပညာရှင်များက ယုံကြည်ထားကြောင်း သိရသည်။

သို့ရာတွင် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား နည်းပညာတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ တွက်ချက်မှုအရ နေသည် အဖြူရောင်ကြယ်သိမ်အဖြစ်သို့ ပြောင်းလဲပြီးနောက် နေအဖွဲ့အစည်း ပြိုကွဲမည့်အချိန်သည် မူလတွေးထင်ထားသည်ထက် အဆ ၁၀၀ ပိုစောနိုင်ကြောင်း သိရသည်။



နေသည် အဖြူရောင်ကြယ်သိမ်အဖြစ်သို့ ပြောင်းလဲပြီးနောက် နောင်နှစ်ပေါင်း တစ်ဘီလီယံ အကြာတွင် နေအဖွဲ့အစည်းပြိုကွဲသွားနိုင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

နောင်လာမည့် နှစ်ပေါင်း လေးဘီလီယံ သို့မဟုတ် ငါးဘီလီယံ အကြာတွင် နေသည် နောက်ဆုံး လက်ကျန် ဟိုက်ဒရိုဂျင်လောင်စာများကို လောင်ကျွမ်း၍ အဖြူရောင်ကြယ်သိမ်အဖြစ် ပြောင်းလဲမှုဖြစ်စဉ်ကို စတင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

ဗိုင်ယေဂျာနည်းပညာကုမ္ပဏီ၏ ဂရစ်ဖင်-၁ လဆင်းယာဉ်က ပတ်ဝန်းကျင်ခံနိုင်ရည်စမ်းသပ်မှုကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့

ဝါရှင်တန် အောက်တိုဘာ ၂၇

ဗိုင်ယေဂျာနည်းပညာကုမ္ပဏီ၏ ဂရစ်ဖင်-၁ လဆင်းယာဉ်သည် ပတ်ဝန်းကျင်ခံနိုင်ရည် စမ်းသပ်မှုကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့သည်ဟု အောက်တိုဘာ ၂၅ ရက် သတင်းများတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

ဂရစ်ဖင်-၁ လဆင်းယာဉ် ပတ်ဝန်းကျင် ခံနိုင်ရည်စမ်းသပ်မှုကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျက်တွန်းကန်အား သုတေသနစခန်း၌ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပတ်ဝန်းကျင်ခံနိုင်ရည် စမ်းသပ်မှုများထဲတွင် ပြင်းထန်သည့် အပူချိန်ကို ခံနိုင်စွမ်း၊ တုန်ခါအားကို ခံနိုင်စွမ်းနှင့် လွှတ်တင်ချိန် အသံလှိုင်းခံနိုင်အား စမ်းသပ်မှုတို့ပါဝင်ကြောင်း သိရသည်။

နာဆာအဖွဲ့နှင့် ဗိုင်ယေဂျာနည်းပညာ ကုမ္ပဏီတို့သည် ဂရစ်ဖင်-၁ လဆင်းယာဉ်ကို ယခုနှစ် ကုန်ပိုင်းတွင် စဝေ့အိတ်ကုမ္ပဏီ၏ ဖယ်လ်ကွန်ဟဲဗီးဒုံးပျံဖြင့် လွှတ်တင်မည် ဖြစ်ကြောင်း သိရသည်။

ဂရစ်ဖင်-၁ လဆင်းယာဉ်သည် လွှတ်တင်ပြီးချိန်တွင် လကမ္ဘာတောင်ဝင်ရိုးစွန်း ဒေသအနီးရှိ နိဘိုင်းလ် ဥက္ကာချို့င့်ဝှမ်းဒေသ၌ ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။

ဂရစ်ဖင်-၁ လဆင်းယာဉ်သည် အက်စထရိုလက်ဘ် ကုမ္ပဏီ၏ FLIP လမျက်နှာပြင်လေ့လာရေးယာဉ်၊ အက်စထရိုဘော့တစ် ကုမ္ပဏီ၏ ကျူရိုဗာလမျက်နှာပြင်လေ့လာရေးယာဉ်များကို သယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

မခွဲစိတ်မီ Melatonin ကဲ့သို့ဆေးများသုံးခြင်းက အကိုက်အခဲပျောက်ဆေးများပေါ် မှီခိုမှုကို လျှော့ချနိုင်

နယူးယောက် အောက်တိုဘာ ၂၇

ခွဲစိတ်ကုသမှုမခံယူမီ အိပ်ရေး ဝ၀ အိပ်စက်နိုင်ရေးအတွက် Melatonin နှင့် Ambien ကဲ့သို့ ဆေးများသုံးစွဲခြင်းဖြင့် ခွဲစိတ်မှုခံယူပြီးနောက်ပိုင်း အကိုက်အခဲပျောက်ဆေးများအပေါ် မှီခိုအားပြုနေရမှုကို လျှော့ချနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကို ကိုးကား၍ အောက်တိုဘာ ၂၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ ဆေးဝါးများသုံးစွဲမှုသည် မခွဲစိတ်မီကာလ စိုးရိမ်သောကဝင်ရောက်မှုမှသည် ခွဲစိတ်ပြီးနောက်ပိုင်း နာကျင်ကိုက်ခဲမှု ထိပါဝင်သော ပြဿနာအမျိုးမျိုးကို တားဆီးလျှော့ချရာတွင် အထောက်အကူ ပြုနိုင်သည်ဟု အမေရိကန် သုတေသနပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

ထို့ပြင် မခွဲစိတ်မီကာလအတွင်း အိပ်ရေး၀၀ အိပ်နိုင်ရေးအတွက် Melatonin နှင့် Ambien ဆေးဝါးများသုံးစွဲမှုသည် ခွဲစိတ်ပြီးနောက်နာကျင် ကိုက်ခဲမှုများအတွက် အကိုက်အခဲပျောက်ဆေးများ မှီခိုနေရမှုကို လျှော့ချနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

မခွဲစိတ်မီ ကာလများအတွင်း လူနာများအနေဖြင့် ခွဲစိတ်ခံရမည့် အရေးကိုတွေး၍ စိုးရိမ်သောကဝင်ရောက်လာတတ်ပြီး အိပ်စက်နိုင်စွမ်း ထိခိုက်သွားတတ်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Sputnik News
Trs : KKO

တောမီးနောက်ဆက်တွဲ လေထုညစ်ညမ်းမှုကြောင့် ဦးခေါင်းနှင့်လည်ပင်းကင်ဆာဖြစ်ပွားနှုန်း မြင့်တက်နိုင်

ဝါရှင်တန် အောက်တိုဘာ ၂၇

တောမီးလောင်ကျွမ်းမှု အရေအတွက် စံချိန်တင်မြင့်လာမှုနှင့် အတူ လေထုညစ်ညမ်းမှုကြောင့် ဦးခေါင်းကင်ဆာနှင့် လည်ပင်းကင်ဆာရောဂါများ ဖြစ်ပွားမှု မြင့်တက်နိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကို ကိုးကား၍ အောက်တိုဘာ ၂၆ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဦးခေါင်းကင်ဆာနှင့်လည်ပင်းကင်ဆာရောဂါများ ဖြစ်ပွားမှုမြင့်တက်လာနိုင်ခြင်းသည် တောမီးများ လောင်ကျွမ်းမှုနောက်ဆက်တွဲ လေထုညစ်ညမ်းမှုပြဿနာနှင့် ဆက်စပ်နေကြောင်း အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

သုတေသန ပညာရှင်များ၏ အဆိုအရ တောမီးလောင်ကျွမ်းမှု နောက်ဆက်တွဲ လေထုညစ်ညမ်းမှုပြဿနာကြောင့် လူသားများ၏ ကျန်းမာရေးထိခိုက်နိုင်မှုမှာ ယာဉ်သွားယာဉ်လာ လေထုညစ်ညမ်းမှုပြဿနာကြောင့် ထိခိုက်နိုင်မှုထက် ၁၀ ဆ ပိုမြင့်မားကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

တောမီး လောင်ကျွမ်းမှုကြောင့် ပေါ်ထွက်လာသည့်လေထုညစ်ညမ်းမှုတွင် PM 2.5 ခေါ် ကင်ဆာဖြစ်စေတတ်သည့် ရုပ်မှုန်များ ပါဝင်မှုနှုန်းမှာ ယာဉ်သွားယာဉ်လာ လေထုညစ်ညမ်းမှုတွင် ပါဝင်မှုနှုန်းထက် ပို၍မြင့်မားတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

PM 2.5 ရုပ်မှုန်များကို ရှူသွင်းမိပါက လည်ပင်းနှင့်ဦးခေါင်းကင်ဆာရောဂါများ ဖြစ်နိုင်ခြေ မြင့်မားလာနိုင်သည်ဟု သုတေသနပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



Butterfield Bermuda Championship
ဂေါက်သီးရိုက်ပြိုင်ပွဲချန်ပီယံဆုကို စမူဿမန်း ဆွတ်ခူး

ဝါရင်တန် အောက်တိုဘာ ၂၇

ဘာမြူဒါကျွန်းစုတွင် ကျင်းပခဲ့သည့် Butterfield Bermuda Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား စမူဿမန်းက ချန်ပီယံဆုဆွတ်ခူးခဲ့ကြောင်း DP Tour သတင်းဝက်ဘ်ဆိုက်ကယနေ့တွင် ဖော်ပြခဲ့သည်။

Butterfield Bermuda Championship ပြိုင်ပွဲကို အောက်တိုဘာ ၂၂ ရက်မှ ၂၆ ရက်ထိကျင်းပခဲ့ခြင်းဖြစ်ပြီး စမူဿမန်းက ဆီနီဂေါ ဂေါက်သီးရိုက်ကစားသမား ဆီမက်ပါဝါနှင့် စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်စီလျော့ရိုက်ခဲ့သည့် အတွက် Play-off အဆင့် ကစားခဲ့ပြီးနောက် ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

Butterfield Bermuda Championship ပြိုင်ပွဲ၌ အောက်တိုဘာ ၂၆ ရက်က နောက်ဆုံးအကျော့ပွဲစဉ်အပြီး စမူဿမန်း၏ နောက်တွင် ဆီမက်ပါဝါက အမှတ်ပေးဇယား ဒုတိယနေရာတွင်ရပ်တည်ခဲ့ပြီး ကနေဒါ ဂေါက်သီးရိုက် ကစားသမား ဆေးဗားမန်းနှင့် အမေရိကန် ဂေါက်သီးရိုက် ကစားသမား တေလာမိုရီတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်စီ လျော့ရိုက်ပြီး အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်ခဲ့သည်။

စမူဿမန်းက "ပြိုင်ပွဲနောက်ဆုံးအကျော့ထိ ခက်ခက်ခဲခဲကစားခဲ့ရပြီး အနိုင်ရခဲ့တာပါ။ နောက်ဆုံးအကျော့ထိ ရလဒ်တူညီနေပြီး Play-off အဆင့် ဆက်ကစားခဲ့ရပါတယ်။ Play-off အဆင့်မှာ ကျွန်တော် သေချာအာရုံစိုက်ပြီး ကစားနိုင်ခဲ့လို့ အခုလိုအောင်မြင်မှုရရှိခဲ့တာပါ"ဟု ပြောကြားခဲ့သည်။

စမူဿမန်းသည် Butterfield Bermuda Championship ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးခဲ့သည့် အတွက် စုစုပေါင်း ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ သန်းထိ ရရှိခဲ့ကြောင်းသိရသည်။

Ref : DP Tour
Trs : STA



၂၀၂၆ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ လေးပေါက်တန်း ခြင်းလုံးခတ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ



ရန်ကုန် အောက်တိုဘာ ၂၇

၂၀၂၆ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ လေးပေါက်တန်းခြင်းလုံးခတ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် မြသီတာ အားကစားခန်းမတွင် ကျင်းပခဲ့ကြောင်းသိရသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် တာဝန်ရှိသူများသည် ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကိုကျင်းပရာ ပြိုင်ပွဲတွင် ပွဲစဉ်တစ်လျှောက် တာဝန်ယူခဲ့သည့် ဒိုင်ကြီးကြပ်၊ ဒိုင်လူကြီးများ၊ အမျိုးသမီး တက်သစ်စဆုရရှိသည့် တောင်ဥက္ကလာပမြို့နယ်အသင်းမှ ခင်ရတီကျော်၊ အမျိုးသားတက်သစ်စဆုရရှိသည့် သန်လျင်မြို့နယ်အသင်းမှ ရှိုင်းထက်အောင်၊ အမျိုးသမီးအကောင်းဆုံးဆု ရရှိသည့် တောင်ဥက္ကလာပမြို့နယ်အသင်းမှ မဖြူစင်ဖြိုး၊ အမျိုးသားအကောင်းဆုံးဆုရရှိသည့် လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် အသင်းမှ ရန်မျိုးအောင်၊ အတိုးတက်ဆုံးအသင်းဆုရရှိသည့် တောင်ဥက္ကလာပမြို့နယ်အသင်း၊ တတိယဆုရရှိသည့် သာကေတမြို့နယ်အသင်း၊ ဒုတိယဆုရရှိသည့် မြောက်ဥက္ကလာပမြို့နယ် အသင်းတို့ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုဖလားများ၊ တစ်ဦးချင်း ဆုတံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေတို့ကို အသီးသီးပေးအပ်ကြသည်။

ပြိုင်ပွဲတွင် ပထမဆုရရှိသည့် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်အသင်းကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက တစ်ဦးချင်းဆုတံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများ၊ တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်သည်။

အဆိုပါပြိုင်ပွဲကို အားကစားသမားဦးရေ ၃၆၀ ဖြင့် အောက်တိုဘာ ၂၃ ရက်မှ ယနေ့ထိကျင်းပခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

STA

မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၆)ပွဲစဉ်များကို အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၁ ရက်ထိ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၇

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီ ကကြီးမှူးကျင်းပနေသည့် မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၆)ပွဲစဉ်များကို အောက်တိုဘာ ၃၀ရက်မှ နိုဝင်ဘာ ၁ ရက်ထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြန်မာလိဂ်ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့က နိုင်ငံတကာပြိုင်ပွဲအဖြစ် AFC Challenge League ပြိုင်ပွဲကစား နေသည့်အတွက် ပွဲစဉ်(၄)နှင့် (၅) တို့တွင် ကစားနိုင်ခြင်းမရှိခဲ့ဘဲ အခြားအသင်းများသာ ကစားခဲ့ခြင်းဖြစ်သည်။

မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၆)ပွဲစဉ်များအဖြစ် အောက်တိုဘာ ၃၀ရက်တွင် ISPE အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်း၊ မြဝတီအက်ဖ်စီအသင်းနှင့် ရန်ကုန်စီးတီးအသင်း၊ အောက်တိုဘာ ၃၁ ရက်တွင် ဧရာဝတီယူနိုက်တက် အသင်းနှင့် ရန်ကုန်ယူနိုက်တက် အသင်း၊ ရှမ်းယူနိုက်တက် အသင်းနှင့် ဒဂုံစတားအသင်း၊ နိုဝင်ဘာ ၁ ရက်တွင် ဟံသာဝတီယူနိုက်တက်အသင်းနှင့် ချင်းလန်းအက်ဖ်စီအသင်း၊ စစ်ကိုင်းယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ကစားမည် ဖြစ်သည်။

မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၆)ပွဲစဉ်များကို ရန်ကုန်မြို့အပြင် ပုသိမ်မြို့၊ ပဲခူးမြို့တို့တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၅)အပြီး ဒဂုံစတားအသင်း နောက်တွင် ရန်ကုန်စီးတီးအသင်းက ၁၁ မှတ်ဖြင့် အဆင့်(၂)၊ ရတနာပုံအက်ဖ်စီအသင်းက ၁၀ မှတ်ဖြင့် အဆင့်(၃) နေရာတွင် ရပ်တည်နေကြောင်း သိရသည်။

STA

ဖီဖာယူ-၁၅ ကမ္ဘာ့ဖလားနှင့် ဘောလုံးပွဲတော်တွင် မြန်မာအသင်း Tier-D အဆင့် ဆက်လက်ကစားရမည်

ရန်ကုန် အောက်တိုဘာ ၂၇

အဇာဘိုင်ဂျန်နိုင်ငံတွင် ကျင်းပနေသည့် ဖီဖာယူ-၁၅ ကမ္ဘာ့ဖလားနှင့် ဘောလုံးပွဲတော်၌ မြန်မာအသင်းသည် အောက်တိုဘာ ၂၆ ရက်က အုပ်စုပွဲစဉ်များအပြီးတွင် Tier-D အဆင့် ပွဲစဉ် ဆက်လက်ကစားရမည် ဖြစ်ကြောင်း သိရသည်။

ဖီဖာယူ-၁၅ ကမ္ဘာ့ဖလားနှင့် ဘောလုံးပွဲတော်စည်းမျဉ်းများအရ အုပ်စုပထမရသည့် အသင်းများက Tier-A၊ ဒုတိယအသင်းများက Tier-B၊ တတိယအသင်းများက Tier-C၊ စတုတ္ထအသင်းများက Tier-D အဆင့်ပွဲစဉ်များ ဆက်လက်ကစားရမည်ဖြစ်သည်။

မြန်မာအသင်းသည် ဖီဖာယူ-၁၅ ကမ္ဘာ့ဖလားနှင့် ဘောလုံးပွဲတော် အုပ်စုပွဲစဉ်များတွင် ဂူအမ်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ဘဟားမားစ်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရခဲ့ပြီး ကာဇက်စတန်အသင်းကို တစ်ဂိုးစီသရေရလဒ်၊ ဂါနာအသင်းကို ခုနစ်ဂိုး တစ်ဂိုး၊ ဥဇဘက်ကစ္စတန်အသင်းကို လေးဂိုး ဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

သို့သော် မြန်မာအသင်းသည် အုပ်စုပွဲစဉ်များအပြီး နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံး ရမှတ်ခုနစ်မှတ်ဖြင့် အုပ်စုအဆင့်(၄)နေရာတွင် ရပ်တည်ခဲ့သည့်အတွက် Tier-D အဆင့် ရှုံးထွက်ပွဲစဉ် ဆက်လက် ကစားရမည်ဖြစ်ကြောင်းသိရသည်။

STA

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၈)အကောင်းဆုံးကစားသမားဆုအတွက် ဆန်ခါတင်ကစားသမားခြောက်ဦးစာရင်း ထုတ်ပြန်

လန်ဒန် အောက်တိုဘာ ၂၇

ပရီးမီးယားလိဂ် အဖွဲ့ချုပ်က ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ် (၈)၏ အကောင်းဆုံး ကစားသမားဆု အတွက် ဆန်ခါတင်ကစားသမား ခြောက်ဦးစာရင်းကို ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။



ပရီးမီးယားပြိုင်ပွဲ ပွဲစဉ်(၈) အကောင်းဆုံး ကစားသမားဆု အတွက် ဆန်ခါတင်စာရင်းတွင် လီဗာပူးအသင်းမှ အာရွန်ဂျို၊ ဖူလ်ဟမ်အသင်းမှ အော်စကာဘော့၊ စပါးအသင်းမှ မာသီးယက်ဖာနန်ဒက်၊ အာဆင်နယ်အသင်းမှ ဂါဘာရီရယ်၊ အေဗာလာအသင်းမှ ဂျက်ဆင်၊ ဘုန်းမောက်အသင်းမှ ရိုင်ယန်တို့ ပါဝင်လာခဲ့ခြင်း ဖြစ်သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၈)၏ အကောင်းဆုံးကစားသမားဆု အတွက် ဆန်ခါတင်စာရင်းတွင် ပါဝင်ခဲ့ကြသူများမှ အေဗာလာအသင်းနှင့် မန်စီးတီးအသင်းတို့ ပွဲစဉ်တွင်အကောင်းဆုံး ခြေစွမ်းပြသခဲ့ပြီး သွင်းဂိုး နှစ်ဂိုးသွင်းယူခဲ့သည့် ဂျက်ဆင်က ဆွတ်ခူးနိုင်ရန် ရေပန်းအစားဆုံးအဖြစ် ရပ်တည်နေသည်။

ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ တစ်ပတ်တာ အကောင်းဆုံးဆုများကို ပွဲစဉ်(၁) တွင် ချဲလ်ဆီးအသင်းမှ ကိုးလ်ပယ်မာ၊ ပွဲစဉ်(၂)တွင် မန်ယူအသင်းမှ ဖာနန်ဒက်၊ ပွဲစဉ်(၃)တွင် အာဆင်နယ်အသင်းမှ အိုဒီဂတ်၊ ပွဲစဉ်(၄)တွင် အာဆင်နယ်အသင်းမှ ရာယာ၊ ပွဲစဉ်(၅)တွင် ဆန်းဒါးလန်းအသင်းမှ ဘရိုဘီ၊ ပွဲစဉ်(၆)တွင် ချဲလ်ဆီးအသင်းမှ ဟန်ဒါဆန်၊ ပွဲစဉ်(၇)တွင် ချဲလ်ဆီးအသင်းမှ နက်တိုတို့က ဆွတ်ခူးခဲ့ကြောင်းသိရသည်။

Ref : Fotmob
Trs : STA

မြန်မာလိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၂၁)တွင် ရန်ကုန်စီးတီးအသင်းအနိုင်ရပြီး ဧရာဝတီယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ သရေရလဒ်ထွက်ပေါ်

ရန်ကုန် အောက်တိုဘာ ၂၇



မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၁)ပွဲစဉ်များကို ယနေ့ည၌ပြီးဆုံးခဲ့ရာ ရန်ကုန်မြို့တွင်ကျင်းပခဲ့ရာ ရန်ကုန်စီးတီးအသင်းအနိုင်ရပြီး ဧရာဝတီယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ပွဲစဉ်တွင် သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာလိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၂၁)ပွဲစဉ်များအဖြစ် ယနေ့ည၌ ၃ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းအားကစားကွင်းတွင် ရန်ကုန်စီးတီးအသင်းနှင့် ချင်းလန်းအက်ဖ်စီအသင်းတို့ကစားခဲ့ရာ ရန်ကုန်စီးတီးအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရပြီး ရန်ကုန်စီးတီးအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၆ မိနစ်တွင် သန်းတိုးအောင်၊ ပွဲချိန် ၈၈ မိနစ်တွင် ထွန်းလင်းအောင်တို့ကသွင်းယူခဲ့ပြီး ချင်းလန်းအက်ဖ်စီအသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၇၁ မိနစ်တွင် လွမ်းယာဂျင်က သွင်းခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက မိနစ်တွင် သန်းတိုးအောင်၊ ပွဲချိန် ၈၈ မိနစ်တွင် ထွန်းလင်းအောင်တို့ကသွင်းယူခဲ့ပြီး ချင်းလန်းအက်ဖ်စီအသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၇၁ မိနစ်တွင် လွမ်းယာဂျင်က သွင်းခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ဧရာဝတီယူနိုက်တက် အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ကစားခဲ့ရာ ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၁)ပွဲစဉ်များ အဖြစ် အောက်တိုဘာ ၂၈ ရက်တွင် ဂလက်ဆီအက်ဖ်စီ အသင်းနှင့် စစ်ကိုင်းယူနိုက်တက် အသင်း၊ ဖယ်လ်ကွန်အက်ဖ်စီ အသင်းနှင့် ISPE အသင်း၊ ရှမ်းယူနိုက်တက် အသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့ ဆက်လက်ကစားမည်ဖြစ်ကြောင်း သိရသည်။ STA

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲဝင် ရန်ကုန်စီးတီးအသင်းက ဖိလစ်ပိုင်ကစားသမားနှစ်ဦးကို ခေါ်ယူ

ရန်ကုန် အောက်တိုဘာ ၂၇

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲဝင် ကလပ်အသင်းတစ်သင်းဖြစ်သည့် ရန်ကုန်စီးတီးအသင်းက အောက်တိုဘာ ၂၆ ရက်က ဖိလစ်ပိုင်ကစားသမားနှစ်ဦးကို ခေါ်ယူခဲ့ကြောင်းသိရသည်။

ရန်ကုန်စီးတီး အသင်းသည် ယခုနှစ်ဘောလုံးရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ဒုတိယအကျော့အတွက် အသက် ၂၇ နှစ်ရှိ ဖိလစ်ပိုင်တိုက်စစ်ကစားသမား တိဗက်ဇနှင့် အသက် ၂၈ နှစ်ရှိတောင်ပံတိုက်စစ်ကစားသမား အူဘေးတို့ကိုခေါ်ယူခဲ့ခြင်းဖြစ်သည်။

ရန်ကုန်စီးတီးအသင်း ခေါ်ယူခဲ့သည့် တိဗက်ဇသည် ကမ္ဘောဒီးယား အမျိုးသမီးလိဂ်ပြိုင်ပွဲဝင် ကလပ် ဘိုရင်ကတ်အသင်းမှ ပြောင်းရွှေ့ခဲ့ပြီး တိုက်စစ်ပိုင်း သာမက ကွင်းလယ်ပိုင်းနှင့် တောင်ပံတိုက်စစ်ပိုင်းတို့တွင်ပါ ပါဝင်ကစားနိုင်သူ ဖြစ်သည်။

အလားတူအူဘေးသည် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပထမအကျော့တွင် ဧရာဝတီအသင်း၌ ကစားခဲ့သူဖြစ်ပြီး ဧရာဝတီအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးကာလမ်းခွဲခဲ့ပြီးနောက် ရန်ကုန်စီးတီးအသင်းထံ ပြောင်းရွှေ့ခဲ့သူ ဖြစ်သည်။

ရန်ကုန်စီးတီး အသင်းက တိဗက်ဇနှင့် အူဘေးတို့ကို ယခုနှစ် ဘောလုံးရာသီအကုန်ထိ ကာလတိုစာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

STA





LFC 1 ပြိုင်ပွဲတွင် အဓိကတွဲဆိုင်းအဖြစ် ထိုးသတ်မည့် ရွှေရာမာန်က ပြိုင်ဘက်အပြောင်းအလဲရှိခဲ့ပြီး ဘရာဇီးဖိုက်တာ ဘရူနိုဖွန်တက်နှင့် ထိုးသတ်ရမည်

ရန်ကုန် အောက်တိုဘာ ၂၇

LFC အဖွဲ့ချုပ်က ပထမဆုံးအကြိမ်အဖြစ် ကျင်းပမည့် LFC 1 ပြိုင်ပွဲတွင် အဓိကတွဲဆိုင်းအဖြစ် ထိုးသတ်မည့် ရွှေရာမာန်က ပြိုင်ဘက်အပြောင်းအလဲ ရှိခဲ့ပြီး ဘရာဇီးဖိုက်တာ ဘရူနိုဖွန်တက်နှင့်ထိုးသတ်ရမည်ဟု အဖွဲ့ချုပ်က ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

LFC အဖွဲ့ချုပ်က LFC 1 ပြိုင်ပွဲကို လာမည့် နိုဝင်ဘာ ၁၄ ရက်တွင် ရန်ကုန်မြို့ Hexagon Complex တွင်စုစုပေါင်းတွဲဆိုင်းကိုးဆိုင်းဖြင့် ကျင်းပမည်ဟု ပြီးခဲ့သည့်ရက်ပိုင်းက အတည်ပြုကြေညာခဲ့သော်လည်း ယခုအခါ အဓိကတွဲဆိုင်းဖြစ်သည့် ရွှေရာမာန်၏ပြိုင်ဘက်အပြောင်းအလဲ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

LFC 1 ပြိုင်ပွဲတွင် မြန်မာ့ရိုးရာ လက်ဝှေ့သမားများနှင့် ပြည်ပလက်ဝှေ့သမားများ ထိုးသတ်မည် ဖြစ်သည်။

အစောပိုင်းက LFC 1 ပြိုင်ပွဲတွင် ရွှေရာမာန်သည် အဓိကတွဲဆိုင်းအဖြစ် အမေရိကန် လက်ဝှေ့သမား ဝီလီယံနှင့် ထိုးသတ်ရန် စီစဉ်ထားသော်လည်း ယခုအခါပြိုင်ဘက်အပြောင်းအလဲ ရှိခဲ့ပြီးနောက် ဘရူနိုဖွန်တက်နှင့် ထိုးသတ်ရမည်ဖြစ်သည်။

အသက် ၃၁ နှစ်ရှိ ဘရူနိုဖွန်တက်သည် ထိုင်းနိုင်ငံတွင်ကျင်းပနေသည့် မွေထိုင်းပြိုင်ပွဲများတွင် ဝင်ရောက် ထိုးသတ်နေသူဖြစ်ပြီး မွေထိုင်းပြိုင်ပွဲ ၁၃ ပွဲထိုးသတ်ခဲ့ရာ ၁၁ ပွဲနိုင်၊ နှစ်ပွဲရှုံးနိမ့်ခဲ့သူဖြစ်သည်။

ထို့ပြင် ရွှေရာမာန်သည်လည်း မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲများတွင် ၉၉ ပွဲထိုးသတ်ခဲ့ရာ ၆၃ ပွဲ အနိုင်ရပြီး ၂၈ ပွဲ သရေရလဒ်နှင့် ရှုစ်ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားသူဖြစ်ကြောင်းသိရသည်။ STA

ပေါ်တူဂီအသင်းနည်းပြ ဂျီးဆပ်က ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲအတွက် အသင်းကစားသမားစာရင်းတွင် စီရော်နယ်ဒိုကို ပြန်လည်ရွေးချယ်



လစ္စဘွန်း အောက်တိုဘာ ၂၇

ပေါ်တူဂီအသင်း နည်းပြ ဂျီးဆပ်က လာမည့်လအတွင်း ဥရောပနေးရှင်းလိဂ် ပြိုင်ပွဲကစားမည့် အသင်းကစားသမားစာရင်းတွင် စီရော်နယ်ဒိုကိုပြန်လည် ရွေးချယ်ခဲ့ကြောင်း 365 Scores သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

စီရော်နယ်ဒိုသည် ယခုလ အတွင်းကစားခဲ့သည့် ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲတွင် နည်းပြဂျီးဆပ်၏ ကစားသမားစာရင်း၌ပါဝင်ခဲ့သော်လည်း တစ်ပွဲသာကစားခဲ့ရပြီး ကျန်ပွဲစဉ်များတွင် ကစားခွင့်မရသည့်အတွက် အသင်းကစားသမား စာရင်းမှ ၎င်း၏ဆုံးဖြတ်ချက်ဖြင့် နုတ်ထွက်ခဲ့ပြီးနောက် နည်းပြဂျီးဆပ်နှင့် ဆက်ဆံရေး တင်းမာမှုများရှိခဲ့ခြင်းဖြစ်သည်။

ထို့နောက် ပေါ်တူဂီနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ၎င်းတို့ကြားဝင်ရောက်ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ပြီးနောက် စီရော်နယ်ဒိုက အသင်းအတွက် ပြန်လည်ကစားပေးရန် ဆုံးဖြတ်ခဲ့သည့်အပြင် နည်းပြဂျီးဆပ်ကလည်း လာမည့် နိုဝင်ဘာလအတွင်း ကစားမည့် ဥရောပနေးရှင်းလိဂ် ပြိုင်ပွဲအတွက် ကစားသမားစာရင်းတွင် စီရော်နယ်ဒိုကို ပြန်လည် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

စီရော်နယ်ဒိုသည် အသင်းကစားသမားစာရင်းမှ နုတ်ထွက်ခဲ့ပြီးနောက် ပေါ်တူဂီနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က စည်းမျဉ်းများအရ တစ်လပွဲပယ်ပြစ်ဒဏ် ချမှတ်ခဲ့သော်လည်း လာမည့် လအတွင်းကစားမည့် ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲတွင် ပြန်လည် ပါဝင်ကစားနိုင်မည်ဖြစ်ပြီး စီရော်နယ်ဒို ကိုယ်တိုင်က ကစားသမားစာရင်းမှ နုတ်ထွက်ခဲ့မှုအတွက် အဖွဲ့ချုပ်ကို ပြန်လည်တောင်းပန်မှုများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

Ref : 365 Scores

Trs : STA

Toray Pan Pacific Open
အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ကို အိုဆာကာ တက်ရောက်

တိုကျို အောက်တိုဘာ ၂၇

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပနေသည့် Toray Pan Pacific Open အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ပထမအဆင့် ပွဲစဉ်အဖြစ် ယနေ့တွင် ဂျပန်တင်းနစ်မယ် အိုဆာကာနှင့် အီတလီတင်းနစ်မယ် ပါအိုလီနီတို့ ကစားခဲ့ရာ အိုဆာကာက နှစ်ပွဲပြတ်ဖြင့်အနိုင်ရပြီး ဒုတိယအဆင့် သို့တက်ရောက်ခဲ့ကြောင်း AGTP Tennis သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲ ပထမအဆင့် ပွဲစဉ်အဖြစ် ယနေ့တွင် အိုဆာကာနှင့် ပါအိုလီနီတို့ကစားခဲ့ရာ ပထမပွဲငယ်တွင် (၆-၃)ရလဒ်၊ ဒုတိယပွဲငယ်တွင် (၇-၆)ရလဒ်ဖြင့် အနိုင်ရပြီး ဒုတိယအဆင့်တက်ရောက်ခဲ့ခြင်းဖြစ်သည်။

အိုဆာကာက “အိမ်ရှင်ပရိသတ်တွေရှေ့မှာ အောင်ပွဲခံနိုင်တာ ဝမ်းသာပါတယ်။ ပထမပွဲငယ်က အသာစီးရရှိခဲ့တာ မှန်ပေမဲ့ ဒုတိယပွဲငယ်မှာတော့ ကြိုးစားခဲ့ရပါတယ်။ ပါအိုလီနီလိုပြိုင်ဘက်ကောင်းတစ်ယောက်ကို အနိုင်ရရှိခဲ့လို့ ဂုဏ်ယူဝမ်းမြောက်ပါတယ်” ဟု ပြောကြားခဲ့သည်။

Toray Pan Pacific Open အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲကို နိုဝင်ဘာ ၁ ရက်ထိ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၁) ကာဇက်စတန် တင်းနစ်မယ် ရိုင်ဘာကီနာလည်း ပါဝင်နေသည့်အပြင် ရာသီအကုန်တွင် ကျင်းပမည့် WTA Finals ပြိုင်ပွဲအတွက် ရေးကြီးသည့် ပြိုင်ပွဲဖြစ်ကြောင်း သိရသည်။

Ref : AGTP Tennis

Trs : STA

စီးပွားရေးအကျိုးအမြတ်များ ရရှိအဆင်ပြေစေမည့် နေကြာသီးနှံ

ဒေါက်တာသူဇာဝင်း(စိုက်ပျိုးရေး)

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး အများစုသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ကြသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများသည် မိမိတို့နိုင်ငံ၏ အဓိကအခြေခံအကျဆုံး သက်မွေးလုပ်ငန်းများဖြစ်သဖြင့် အမှန်တကယ် ဆောင်ရွက်နိုင်လျှင် လူမှုစီးပွားဘဝနှင့် တိုင်းပြည်ကို လက်တွေ့ကျကျ အကျိုးပြုနိုင်မည်ဖြစ်သည်။ ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် တောင်သူဦးကြီးများ၏ ဝင်ငွေတိုးပွားရေးအတွက် ဆီထွက်သီးနှံကဏ္ဍကို ပိုမိုတိုးချဲ့လုပ်ကိုင်ရန် လိုအပ်ပေသည်။ နေကြာသည် ကမ္ဘာပေါ်တွင် အရေးပါသော ဆီထွက်သီးနှံတစ်မျိုးဖြစ်ပြီး မြန်မာနိုင်ငံတွင် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်၊ ပန်းနှမ်း၊ ဆီမုန်လည်း စသည့်ဆီထွက်သီးနှံအမျိုးမျိုးစိုက်ပျိုးလျက်ရှိရာ၌ နေကြာသီးနှံသည် စီးပွားရေးအကျိုးအမြတ်များစွာရရှိနိုင်သည့် သီးနှံတစ်မျိုးဖြစ်သည်။

ခေတ်သစ်စားသုံးသူများနှင့်ကျန်းမာရေး ရေစီးကြောင်း

ယနေ့ခေတ်တွင် ကမ္ဘာတစ်ဝန်း စီးပွားရေးတိုးတက်လာမှုနှင့်အတူ ပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားလာပြီး ကျန်းမာရေးအသိများရှိလာကြသည်။ ယခင်က စားသုံးဆီကို အစားအစာများကို ချက်ပြုတ်ကြော်လှော်ရန် သက်သက်အတွက်သာ စဉ်းစားခဲ့ကြသော်လည်း ယခုအခါ အဝလွန်ခြင်း၊ သွေးတိုး၊ နှလုံးရောဂါနှင့် သွေးတွင်းကိုလက်စထရော မြင့်မားခြင်းကဲ့သို့သော မကူးစက်နိုင်သောရောဂါများ ဘေးမှကာကွယ်နိုင်ရန်အတွက် ကျန်းမာရေးနှင့် ညီညွတ်သည့် စားသုံးဆီများကို ပထမဦးစားပေးအဖြစ် ပြောင်းလဲရွေးချယ်အသုံးပြုလာကြသည်။

ကျန်းမာရေး အကျိုးကျေးဇူးများနှင့် စွေးကွက်ဝယ်လိုအား

နေကြာဆီသည် ကျန်းမာရေးအတွက် ဘေးဥပဒ်ဖြစ်စေသည့် မှူဆိပ်ကင်းစင်ပြီး နှလုံးရောဂါ၊ သွေးတိုးရောဂါနှင့် အရေပြားခြောက်သွေ့ခြင်းတို့မဖြစ်စေရန် ကာကွယ်နိုင်သည်။ ထို့ပြင် ခန္ဓာကိုယ်၏ ခုခံအားကို မြှင့်တင်ပေးပြီး အဆစ်အမျက်ရောင်ရမ်းမှုဝေဒနာများကိုသက်သာစေရန် အကျိုးပြုသည်။ ကျန်းမာရေးကို ထိရောက်စွာအထောက်အကူပြုနိုင်ခြင်းကြောင့် ယနေ့ခေတ် စားသုံးသူများကြား အဓိကရွေးချယ်စရာ စားသုံးဆီဖြစ်လာသည်။

နေကြာဆီတွင် ခန္ဓာကိုယ်အတွက် ကောင်းမွန်ပြီး သွေးတွင်းရှိမကောင်းသော ကိုလက်စထရောကို လျှော့ချပေးနိုင်သည့် ခန္ဓာကိုယ်အတွက် အကျိုးပြုသည့် အိုမီဂါ-၆၊ မိုနိုမပြည့်ဝဆီနှင့် ပေါ်လီမပြည့်ဝဆီစသည့်မပြည့်ဝဆီ (Unsaturated Fat) များ ကြွယ်ဝစွာပါဝင်ပြီး ကိုလက်စထရော ပမာဏနည်းပါးသဖြင့် သွေးတိုးနှင့် နှလုံးရောဂါဖြစ်ပွားမှုအန္တရာယ်ကို လျှော့ချပေးနိုင်သည်။ ဆဲလ်များပျက်စီးခြင်းမှ ကာကွယ်ပေးပြီး ခုခံအားစနစ်ကို မြှင့်တင်ပေးသည့် ဗီတာမင်-အီး ကြွယ်ဝစွာပါဝင်သည့်အပြင် မီးခိုးထွက်မှတ် (Smoke Point) မြင့်မားသောကြောင့် အစားအစာများကို အပူချိန်မြင့်မြင့်ဖြင့် ကြော်လှော်ချက်ပြုတ်ရာတွင်လည်း အဆိပ်အတောက်ဖြစ်စေခြင်းမရှိဘဲ ဘေးကင်းစိတ်ချရသည်။ ၎င်း၏သဘာဝအနံ့မှာပေါ့ပါးသဖြင့် ဟင်းလျာများ၏ မူလအနံ့အရသာကိုမပျက်ပြားစေဘဲ ကျန်းမာရေးနှင့် ညီညွတ်စေသောကြောင့် စားသုံးသူများက ပထမဦးစားပေးအဖြစ် တိုးမြှင့်ရွေးချယ် စားသုံးလာကြခြင်းဖြစ်ပြီး ၎င်း၏ စွေးကွက်ဝယ်လိုအားမှာလည်း တစ်နှစ်ထက်တစ်နှစ် သိသိသာသာ တိုးတက်မြင့်မားလာလျက်ရှိသည်။

ဆီထွက်သီးနှံများ၏ ချန်ပီယံ

နေကြာသီးနှံသည် အခြားသော ဆီထွက်သီးနှံများနှင့်မတူဘဲ စိုက်ပျိုးထုတ်လုပ်မှု အကျိုးအမြတ်ဆိုင်ရာ ကဏ္ဍများစုံတွင် ထူးခြားသည့်အားသာချက်များစွာရှိသောကြောင့် စိုက်ပျိုးရေးနှင့် စီးပွားရေးလောကတွင် ဆီထွက်သီးနှံများ၏ ချန်ပီယံဟူ၍ တင်စားခေါ်ဝေါ်ကြခြင်းဖြစ်သည်။ အဓိကအားဖြင့် နေကြာစေ့များတွင် စားသုံးဆီပါဝင်မှုနှုန်းမှာ ၄၈ ရာခိုင်နှုန်းမှ ၅၃ ရာခိုင်နှုန်းထိရှိသဖြင့် အခြားဆီထွက်သီးနှံများထက် ဆီထွက်နှုန်း သိသိသာသာ ပိုမိုမြင့်မားသည်။



နေကြာဆီနှင့် နေကြာစေ့များတွင် ဆီတွင်ပျော်ဝင်သည် ဗီတာမင်များဖြစ်သည့် ဗီတာမင်-အီး၊ ဗီတာမင်-ကေ၊ မဂ္ဂနီစီယမ်နှင့် ဇင့်အပါအဝင် သတ္တုဓာတ်များစွာ ပါဝင်နေခြင်းကြောင့် အလှကုန်ပစ္စည်းများနှင့် ဆေးဝါးစက်ရုံများအတွက် အဖိုးတန်ကုန်ကြမ်း ပစ္စည်းတစ်ခုအဖြစ် တင်ပို့ရောင်းချနိုင်ကာ ထပ်ဆောင်းဝင်ငွေများကိုပါ ဖန်တီးပေးနိုင်သည်။ ဆီကြိတ်ပြီးကျန်သည့် နေကြာကြိတ်ဖတ်သည် ပရိတင်းဓာတ်ကြွယ်ဝသဖြင့် အာဟာရပြည့်ဝသော တိရစ္ဆာန်အစာအဖြစ် စွေးကွက်အခိုင်အမာရှိနေသည့်အပြင် နေကြာစေ့များကိုလည်း အဆာပြေစာသောက်ကုန် နေကြာစေ့လှော်အဖြစ် တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ပါသေးသည်။ နေကြာသီးနှံသည် စားသုံးဆီထုတ်ယူနိုင်မှု ရာခိုင်နှုန်းမြင့်မားခြင်း၊ စားသုံးသူများအတွက် ကျန်းမာရေးနှင့် ညီညွတ်ခြင်းနှင့် စိုက်ပျိုးထုတ်လုပ်သူများအတွက် ဘေးထွက်ပစ္စည်းအမျိုးမျိုးမှ ထပ်ဆောင်းဝင်ငွေများစွာ ဖန်တီးပေးနိုင်ခြင်းတို့ကြောင့် ဆီထွက်သီးနှံများအနက် အမှန်တကယ် စီးပွားရေးအရ အကျိုးအမြတ်အများဆုံးဖြစ်ထွန်းစေသည့် ချန်ပီယံသီးနှံတစ်မျိုးဖြစ်သည်။

စီးပွားရေးအရ တွက်ခြေကိုက်မှုနှင့် စိုက်ပျိုးရေးနည်းစနစ်များ

နေကြာစိုက်ပျိုးခြင်းသည် တောင်သူများနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် စီးပွားရေးအရ အလွန်ပင် တွက်ခြေကိုက်သော လုပ်ငန်းတစ်ခုဖြစ်သည်။ နေကြာပင်၏ ရေသောက်မြစ်သည် မြေအောက်သို့ နက်ရှိုင်းစွာ ဆင်းနိုင်သောကြောင့် မိုးခေါင်ရေရှားဒဏ်ကို ကောင်းစွာခံနိုင်ရည်ရှိသဖြင့် စိုက်ပျိုးရေးအကန့်အသတ်ရှိသော ဒေသများတွင်ပင် ရေသွင်းစရိတ်နှင့် ပြုစုပျိုးထောင်ခ စရိတ်သက်သာစွာဖြင့် အောင်မြင်ဖြစ်ထွန်းနိုင်သည်။ ထို့ပြင် သက်တမ်းတို သီးနှံဖြစ်၍ ရင်းနှီးမြှုပ်နှံမှု ငွေပေါ်လွယ်သည်သာမက လယ်မြေများတွင် စပါးရိတ်သိမ်းအပြီး သီးထပ်သီးညှပ်အဖြစ် စိုက်ပျိုးနိုင်သည်။

နေကြာစိုက်ခင်းများတွင် ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစင်းငုံ၊ မြေပဲနှင့် ပဲပုပ် စသည့်သီးနှံများကို သင့်တော်သောအချိုးအစားအတိုင်း (နေကြာနှင့် မြေပဲကို ပဲစင်းငုံနှင့် နေကြာကို ရောနှောချ၍စိုက်ပျိုးနိုင်သည်။ ဤသို့ ပဲမျိုးရင်းဝင်သီးနှံများနှင့် တွဲဖက်စိုက်ပျိုးခြင်းဖြင့် ပဲပင်များမှနေ၍ လေထဲမှ နိုက်ထရိုဂျင်ဓာတ်ကို ဖမ်းယူပေးနိုင်သည့် သဘာဝစွမ်းရည်ကြောင့် မြေဆီလွှာဖွဲ့စည်းပုံနှင့် အာဟာရဓာတ်ကို သဘာဝအတိုင်း ဖြည့်ဆည်းမြှင့်တင်ပေးနိုင်ရုံသာမက စိုက်ပျိုးစရိတ်နှင့် စိုက်ပျိုးမြေ အပိုမကုန်ဘဲ ပင်မသီးနှံနေကြာအပြင် ဒုတိယသီးနှံ၏ ထပ်ဆောင်းဝင်ငွေကိုပါ စိုက်ပျိုးမြေတစ်ဧရိယာတစ်ခုတည်းမှ ရယူနိုင်သဖြင့် တောင်သူများအတွက် ဝင်ငွေနှစ်မျိုးရရှိစေနိုင်သည်။

စနစ်ကျသော စီမံခန့်ခွဲမှုပိုင်းတွင်လည်း မစိုက်ပျိုးမီ မျိုးစေ့များကို Thiram သို့မဟုတ် Captan မှီသတ်ဆေးများဖြင့် စနစ်တကျလူးနယ်ပေးခြင်းဖြင့် မျိုးစေ့နှင့် မြေဆီလွှာမှတစ်ဆင့် ကူးစက်တတ်သောရောဂါများကို ကြိုတင်ကာကွယ်နိုင်ကာ ပျိုးပင်သေပျောက်မှုကို သိသိသာသာ လျှော့ချပေးနိုင်သဖြင့် စိုက်ပျိုးစရိတ်များကို သက်သာစေသည်။

ပျားမွေးမြူရေးနှင့် ဝတ်မှုန်ကူးစနစ် တွဲဖက်လုပ်ကိုင်ခြင်း

နေကြာစိုက်ပျိုးရေးတွင် စိုက်ပျိုးစရိတ်ကို ထိရောက်စွာလျှော့ချပြီး အထွက်နှုန်းနှင့် အကျိုးအမြတ်ကို မြှင့်တင်နိုင်ရန်အတွက် ပျားမွေးမြူရေးနှင့် တွဲဖက်လုပ်ကိုင်ခြင်းစနစ်မှာ အလွန်အရေးပါသည်။ နေကြာသည် ပင်ခြားဝတ်မှုန်ကူးသည့် သီးနှံဖြစ်သဖြင့် စိုက်ခင်းအတွင်း တစ်ဟက်တာလျှင် ပျားအုံ ငါးအုံခန့် ထည့်သွင်းပေးခြင်းဖြင့် သဘာဝအတိုင်း အခမဲ့ ဝတ်မှုန်ကူးစနစ်ကိုရရှိစေကာ အစေ့အဆန်ပြည့်ဝသည့် နေကြာစေ့များရရှိပြီး အထွက်နှုန်းကို သိသိသာသာ တိုးတက်စေသည့်အပြင် အရည်အသွေးမြင့် နေကြာပျားရည်ကိုပါ ထပ်ဆောင်းထုတ်လုပ်ရောင်းချနိုင်သဖြင့် အပိုဝင်ငွေများစွာရရှိစေသည်။

ပျားများအကူအညီအပြင် လူမှုနေ၍ လက်ဖြင့် ဝတ်မှုန်ကူးပေးခြင်းသည်လည်း ထိရောက်သည့် အခြားနည်းလမ်းတစ်ခုဖြစ်သည်။ နေကြာပန်းခေါင်းနှစ်ခုကို ညင်သာစွာ ပွတ်တိုက်ပေးခြင်းဖြင့်ဖြစ်စေ၊ ဝတ်မှုန်များကို ရွှေ့ပြောင်းရန် အဝတ်စဖြင့် ဖုံးအုပ်ထားသောလက်ကို အသုံးပြုခြင်းဖြင့်ဖြစ်စေ ဆောင်ရွက်နိုင်သည်။ သို့ရာတွင် ပန်းပွင့်နေစဉ်အတွင်း ပိုးသတ်ဆေးဖျန်းခြင်းသည် ပျားများကို ထိခိုက်စေနိုင်သဖြင့် ၎င်းအချိန်တွင် ပိုးသတ်ဆေးဖျန်းခြင်းကို လုံးဝရှောင်ကြဉ်ရပါမည်။

စွေးကွက်အခွင့်အလမ်းနှင့် ထုတ်ကုန်တန်ဖိုးမြှင့်ခြင်း

နေကြာ စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် ရိတ်သိမ်းရရှိလာသည့် နေကြာစေ့များကို မူလကုန်ကြမ်းအတိုင်း စွေးကွက်အတွင်း တိုက်ရိုက်ရောင်းချခြင်းထက် သန့်စင်ပြီးသား နေကြာဆီသို့မဟုတ် အဆာပြေစားသောက်ကုန်နေကြာစေ့လှော်အဖြစ် တန်ဖိုးမြှင့်ထုတ်လုပ်ရောင်းချပါက စိုက်ပျိုးစရိတ်နှင့် နှိုင်းယှဉ်လျှင် အကျိုးအမြတ်ပိုမိုများပြားစွာရရှိနိုင်သည်။ ထိုသို့ တန်ဖိုးမြှင့်ထုတ်လုပ်ခြင်းသည် ကုန်ချောစွေးကွက်တွင် ကိုယ်ပိုင်အမှတ်တံဆိပ်ဖြင့် ရေရှည်ရပ်တည်နိုင်မည့်အခွင့်အလမ်းကို ဖန်တီးပေးရုံမျှမက ပြည်တွင်းရှိ နှစ်စဉ်လိုအပ်ချက်မြင့်မားနေသည့် စားသုံးဆီလိုအပ်ချက်ကိုလည်း ထိရောက်စွာ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် နေကြာသီးနှံကို စနစ်တကျ တန်ဖိုးမြှင့် ထုတ်လုပ်ခြင်းသည် မိမိအတွက် စီးပွားရေးအရ အကျိုးအမြတ်ပိုမိုရရှိစေရုံသာမက ပြည်ပမှစားသုံးဆီ တင်သွင်းနေရမှုကိုပါ တတ်နိုင်သမျှ လျှော့ချပေးနိုင်မည်ဖြစ်၍ နိုင်ငံ၏စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးများကိုပါ မြှင့်တင်ပေးနိုင်သည့် နည်းလမ်းကောင်းတစ်ခုဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် နေကြာစိုက်ပျိုးခြင်းသည် စိုက်ပျိုးရလွယ်ကူခြင်း၊ စွေးကွက်ခိုင်မာခြင်း၊ သက်တမ်းတို၍ ဝင်ငွေရမြန်ခြင်း၊ ရာသီဥတုနှင့်မြေဆီလွှာအခြေအနေအမျိုးမျိုးတွင် လိုက်လျောညီထွေစွာ ရှင်သန်နိုင်ခြင်းနှင့် စားသုံးဆီပါဝင်မှုနှုန်းမြင့်မားခြင်းတို့ကြောင့် ဆီထွက်သီးနှံများအနက် စီးပွားရေးအရ အလားအလာအကောင်းဆုံး သီးနှံတစ်မျိုးဖြစ်သည်။ တောင်သူများအနေဖြင့် မျိုးကောင်းမျိုးသန့်များ အသုံးပြု၍ ခေတ်မီစနစ်ကျသော စိုက်ပျိုးရေးနည်းစနစ်များ၊ ပဲမျိုးရင်းဝင် သီးနှံများနှင့် သီးညှပ်စိုက်ပျိုးခြင်း၊ ပျားမွေးမြူရေးနှင့် တွဲဖက်လုပ်ကိုင်ခြင်း စသည့်ထိရောက်သောအလေ့အထများကို ပေါင်းစပ်ကျင့်သုံးပြီး ထွက်ရှိလာသော နေကြာစေ့များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် အဆင့်မြှင့်တင်ထုတ်လုပ်သွားမည်ဆိုပါက ရင်းနှီးမြှုပ်နှံမှုအပေါ် ရာနှုန်းပြည့် အကျိုးအမြတ် ရရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် နေကြာစိုက်ပျိုးခြင်းသည် ပြည်တွင်းစားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရုံသာမက တောင်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအားလုံးအတွက် ရင်းနှီးမြှုပ်နှံရကျိုးနပ်သည့် စီးပွားရေးအကျိုးအမြတ်များရရှိနိုင်သော သီးနှံတစ်မျိုးဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါသည်။

ကိုးကား

- https://tractorkarvan.com/blog/sunflower-cultivation-in-india (Sunflower Cultivation in India: A Complete Guide for Farmers)

မုံရွာမြို့ရှိ မိုးညှင်းသမ္မဒ္ဓေကပ်ကျောက်စေတီတော်၏ ဗုဒ္ဓပူဇနိယပွဲတော်ကို တန်ဆောင်မုန်းလပြည့်နေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်



မုံရွာမြို့ရှိ မိုးညှင်းသမ္မဒ္ဓေကပ်ကျောက်စေတီတော်ကို တွေ့ရစဉ်။

မုံရွာ အောက်တိုဘာ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ မိုးညှင်းသမ္မဒ္ဓေကပ်ကျောက်စေတီတော်၏ ဗုဒ္ဓပူဇနိယပွဲတော်ကို တန်ဆောင်မုန်းလပြည့်နေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ကြောင်း မိုးညှင်းသမ္မဒ္ဓေ ကပ်ကျောက်စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပက အဖွဲ့ဝင် ဦးသက်ဦးထံမှ သိရသည်။

မိုးညှင်းသမ္မဒ္ဓေ ကပ်ကျောက်စေတီတော်၏ ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် တန်ဆောင်မုန်းလဆန်းတွင် စတင်ကျင်းပလေ့ရှိပြီး ပွဲတော်ကို အတီးအမှုတ်၊ အကအခုန် ပွဲလမ်းသဘင်မပါရှိဘဲ မြသပိတ်မည်းဖြင့် ဘုရားဒါယကာရွေးကာ ဆွမ်းတော်ကြီးတင်ပွဲ၊ တရားပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပ လေ့ရှိကြောင်း သိရသည်။

"အရင်တုန်းကတော့ မိုးညှင်းသမ္မဒ္ဓေကပ်ကျောက်စေတီ ဗုဒ္ဓပူဇနိယဘုရားပွဲတော်ရဲ့ ဆွမ်းဆန်စိမ်း လောင်းလှူပွဲမှာဆိုရင် ရန်ကုန်၊ မန္တလေး၊ ပခုက္ကူ စတဲ့ မြို့ကြီးတွေနဲ့ မုံရွာမြို့အနီး ဝန်းကျင်ကနေ ပင့်သံဃာအပါး ၁၅၀ ဝန်းကျင်ပင့်ဖိတ်လောင်းလှူပါတယ်။ ပြီးခဲ့သည့်နှစ်ကတော့ မုံရွာမြို့ပေါ်နဲ့ အနီးဝန်းကျင်က ပင့်သံဃာ ၇၅ ပါး ပင့်ဖိတ်လောင်းလှူခဲ့ပါတယ်။ ဒီနှစ်မှာတော့ ပင့်သံဃာအပါး ၈၀ ပင့်ဖိတ်လောင်းလှူဖို့ စီစဉ်နေပါတယ်"ဟု ဦးသက်ဦးက ပြောပြသည်။

မိုးညှင်းသမ္မဒ္ဓေ ကပ်ကျောက်စေတီတော်ဗုဒ္ဓပူဇနိယပွဲတော်တွင် ဈေးလာရောက် ရောင်းချမည့်သူများအတွက် တန်ဆောင်မုန်းလဆန်း ၉ ရက်တွင် ဆိုင်ခန်းနေရာများကို ချထားပေးမည်ဖြစ်ကြောင်း၊ မိုးညှင်းသမ္မဒ္ဓေကပ်ကျောက်စေတီတော်သည် မုံရွာမြို့နယ် မုံရွာမြို့၏ အရှေ့တောင်ဘက် ခုနစ်မိုင်ကျော်အကွာ မြေနဲရွာရှိ မိုးညှင်းကျောင်းတိုက်ကြီး အတွင်းတည်ရှိပြီး သမ္မဒ္ဓေစေတီတော်ကို မိုးညှင်းဆရာတော်က သက္ကရာဇ် ၁၃၀၁ ခုနှစ် ဝါဆိုလဆန်း ၅ ရက်မှစတင်၍ တည်ဆောက်လာခဲ့ရာ ၁၃၁၄ ခုနှစ် တပေါင်းလဆုတ် ၃ ရက်တွင် လုံးဝပြီးစီး အောင်မြင်ခဲ့ကြောင်း သိရသည်။

ASH

The Batman-II ပင်မဇာတ်ဝင်ခန်းများကို ဒါရိုက်တာ စတီဗင်ဆိုဒါဘာ့ ကူညီရိုက်ကူးပေး

နယူးယောက် အောက်တိုဘာ ၂၇

မိသားစု ပြဿနာကြောင့် ဒါရိုက်တာ မက်ရီးဗက် ရိုက်ကွင်းသို့ပြန်မလာနိုင်သေးချိန်တွင် The Batman-II ဇာတ်ကား၏ ပင်မဇာတ်ဝင်ခန်းများကို အပြီးသတ်နိုင်ရေးအတွက် ဒါရိုက်တာ စတီဗင်ဆိုဒါဘာ့က ကူညီရိုက်ကူးပေးမည်ဖြစ်ကြောင်း အောက်တိုဘာ ၂၆ ရက် သတင်းများအရ သိရသည်။

ဒါရိုက်တာ စတီဗင်ဆိုဒါဘာ့သည် Ocean's 11၊ Magic Mike နှင့် Traffic စသည့်နာမည်ကျော် ရုပ်ရှင်ဇာတ်ကားများကို ရိုက်ကူးပေးခဲ့သူဖြစ်သည်။

The Batman-II ပင်မဇာတ်ဝင်ခန်းများ အပြီးသတ်ရိုက်ကူးနိုင်ရေးအတွက် ကူညီရန် ဒါရိုက်တာ စတီဗင်ဆိုဒါဘာ့က ဒါရိုက်တာ မက်ရီးဗက်ကို ကမ်းလှမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာ စတီဗင်ဆိုဒါဘာ့၏ အကူအညီအတွက် အလွန်ကျေးဇူးတင်ကြောင်း ဒါရိုက်တာ မက်ရီးဗက်က ၎င်း၏လူမှုမီဒီယာစာမျက်နှာပေါ်တွင် ရေးသားထားသည်။

The Batman-II ဇာတ်ကားကို ၂၀၂၈ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် ရုံတင်ပြသရန် ဝါနာဘရား သားကုမ္ပဏီက စီစဉ်ထားသည်။

The Batman-II ဇာတ်ကားတွင် မင်းသား ရောဘတ်ပတ်ဆင်ဆန်၊ ဆီဘာက်ရှန်စတန်းနှင့် မင်းသမီး စကားလက်ဂျိုဟန်ဆင်တို့ပါဝင်သရုပ်ဆောင်နေကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



တေးသံရှင် ဂျိုးလေး၊ သိပ္ပံထွန်း၊ အိမ့်ချစ်တို့၏ November Heartbreak Night တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ THOR Bar ၌ ပြုလုပ်မည်ဖြစ်

ရန်ကုန် အောက်တိုဘာ ၂၇

တေးသံရှင် ဂျိုးလေး၊ သိပ္ပံထွန်း၊ အိမ့်ချစ်တို့၏ November Heartbreak Night တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ THOR Bar ၌ နိုဝင်ဘာ ၅ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် ဂျိုးလေးထံမှ သိရသည်။

အဆိုပါ November Heartbreak Night တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို Daily Gita Music Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"စင်မြင့်ထက်မှာ ဆုံရခဲတဲ့ ဖျော်ဖြေမှုဖြစ်တဲ့ November ဂီတမောင်နှမ သုံးယောက်ရဲ့ Heartbreak Night အစီအစဉ်မှာ



Daily Gita Music Band တေးဂီတအဖွဲ့က အကောင်းဆုံးပံ့ပိုးတီးခတ်ပေးမှာဖြစ်သလို THOR Bar ရဲ့ ပင်တိုင်အဆိုရှင်တွေ၊ DJ Artist တွေကလဲ ဝန်းရံပေးမဲ့ ဂီတညလေးကို အရောက်လာခဲ့ပါလို့ ဖိတ်ခေါ်ပါတယ်"ဟု တေးသံရှင် ဂျိုးလေးက ပြောပြသည်။

တေးသံရှင် ဂျိုးလေး၊ သိပ္ပံထွန်း၊ အိမ့်ချစ်တို့၏ November Heartbreak Night တေးဂီတဖျော်ဖြေပွဲကို THOR Bar ၌ နိုဝင်ဘာ ၅ ရက် ညနေ ၆ နာရီ မိနစ် ၃၀ မှစတင်ကာ ဖျော်ဖြေပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ASH

Evac လျှို့ဝှက်သည်းဖိဇာတ်ကားကို ဒါရိုက်တာ ရန်နီဟာလင် တာဝန်ယူရိုက်ကူးမည်

နယူးယောက် အောက်တိုဘာ ၂၇

Evac လျှို့ဝှက်သည်းဖိရုပ်ရှင် ဇာတ်ကားသစ်ကို ဒါရိုက်တာ ရန်နီဟာလင်က တာဝန်ယူရိုက်ကူးမည် ဖြစ်ကြောင်း အောက်တိုဘာ ၂၆ ရက် သတင်းများအရ သိရသည်။

Evac ဇာတ်ကားသည် လူဆိုးလူရမ်းကားများ မင်းမူနေသည့် အကျဉ်းထောင်ဝင်း အတွင်းသို့ ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရပြီးနောက် ရဟတ်ယာဉ်ပေါ်လိုက်ပါလာသူများကို ကယ်ထုတ်ရေးအတွက် ကြိုးပမ်းခဲ့ရပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။

Evac ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာဆစ်ဒနီကင်းက တာဝန်ယူရေးသားပေးထားသည်။

ဒါရိုက်တာ ရန်နီဟာလင်သည် Cliffhanger နှင့် Die Hard-2 ဇာတ်ကားများကို ရိုက်ကူးပေးခဲ့သည့်ဒါရိုက်တာဖြစ်သည်။

လက်ရှိတွင် Evac ဇာတ်ကားကို ၂၀၂၇ ခုနှစ်တွင် စတင်ရိုက်ကူးမည်ဖြစ်ပြီး ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



ခရေ ရုပ်ရှင်ဇာတ်ကားကို SKY PREMIER HD ရုပ်သံလိုင်းမှ အောက်တိုဘာ ၃၁ ရက်တွင် ထုတ်လွှင့်ပြသမည်

ရန်ကုန် အောက်တိုဘာ ၂၇

နဂါးမင်းရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ခရေ ရုပ်ရှင်ဇာတ်ကားကို SKY PREMIER HD ရုပ်သံလိုင်းမှ အောက်တိုဘာ ၃၁ ရက်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း ဒါရိုက်တာ ဝိုင်းထံမှ သိရသည်။

ခရေ ရုပ်ရှင်ဇာတ်ကားသည် မြားစစ်သည်၏ လုံးချင်းဝတ္ထုကို ဒါရိုက်တာ ဝိုင်းက ဇာတ်ညွှန်းရေးသားကာ နဂါးမင်းရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ဝိုင်းကပင် တာဝန်ယူပုံဖော်ရိုက်ကူးပေးထားကြောင်း သိရသည်။

"လောကကြီးမှာ ကိုယ်က စိတ်ကောင်းထားပြီး လိုက်လျောပေးနေရင် အခွင့်ကောင်းယူပြီး ပိုတောင်းဆိုတတ်ကြတာ လူတွေရဲ့သဘာဝနဲ့ အရာရာကိုအဆင်ပြေအောင် အနစ်နာခံလုပ်ပေးနေတဲ့ သူကိုပဲ ပိုပြီးခိုင်းစေတတ်ကြသလို၊ ဘာပဲဖြစ်ဖြစ် ငြိမ်ခံနေတတ်တဲ့ သူဆိုရင်လဲ ပိုပြီးနင်းခြေတတ်ကြတဲ့ ရင်နှင့်စရာကောင်းတဲ့ လူ့သဘာဝတွေ၊ ပတ်ဝန်းကျင်ရဲ့ ဖိနှိပ်မှုတွေနဲ့ ဘဝရဲ့ရုန်းကန်ရမှုတွေကို အနုပညာမျက်စိနဲ့ အမိအရ ပုံဖော်ဖန်တီးထားပါတယ်။ အခုအောက်တိုဘာ ၃၁ ရက်မှာ SKY PREMIER HD ရုပ်သံလိုင်းကနေ ထုတ်လွှင့်ပြသပေးမှာဖြစ်ပါတယ်"ဟု ဒါရိုက်တာ ဝိုင်းက ပြောပြသည်။

ခရေ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် မြင့်မြတ်၊ ဆန်းထွဋ်၊ ဝတ်မှုန်ရွှေရည်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

President U Min Aung Hlaing, wife Daw Kyu Kyu Hla watch performances at 27th Performing Arts Competition





President U Min Aung Hlaing and wife Daw Kyu Kyu Hla watch a performance at the 27th Performing Arts Competition.

Nay Pyi Taw October 27

President of the Republic of the Union of Myanmar U Min Aung Hlaing and wife Daw Kyu Kyu Hla viewed participation of contestants at the 27th Traditional Myanmar Cultural Performing Arts Competition at Hsinbyushin Hall and Pobbathiri Gymnasium in Nay Pyi Taw this afternoon.

Also present at the competition were Vice President Daw Nan Ni Ni Aye, Chairman of the Leading Committee for Organizing the Competition Union Minister for Culture, Hotels and Tourism U Khin Maung Soe, Union ministers, the Nay Pyi Taw Council Chairman, senior military officers from the Office of the Commander-in-Chief, the commander of Nay Pyi Taw Command, members of the panel of judges, supervisors, contestants from regions and states, ethnic brethren, staff, staff families, and audiences.

At Hsinbyushin Hall, the President and wife together with dignitaries enjoyed performances of ethnic dance troupes from regions and states at the ethnic traditional/folk dance contest with the aim of fostering the national unity and Union spirit which can initiate the sharing of future and preserving traditional dances of ethnic people.

The President, his wife and party watched participation of contestants from regions and states at the amateur level (second class) men's and women's and the amateur level (first class) men's donmin contest at Pobbathir Hall.

After the competition, the President and wife cordially greeted members of the panel of judges, contestants and audiences.

The 27th Performing Arts Competition is being held under four national objectives: to enhance national prestige, integrity, and preserve the traditional cultural heritage of ethnic people; to preserve national characteristics and promote the national spirit, cherishing traditional culture among the younger generation; to explore, preserve and promote the sustainable development of traditional Myanmar arts; and to function as a cultural and artistic institution that contributes to nation-building. Various contestants of the competition take place at relevant locations with the participation of contestants from regions and states. The enthusiast people enjoy performance of contestants. MNA

Vice President U Nyo Saw attends and encourages singing and music competitions on the seventh day of the 27th Myanmar Traditional Cultural Performing Arts Competition

Nay Pyi Taw October 27

Vice President U Nyo Saw, together with departmental officials, attended and watched the singing and music events on the seventh day of the 27th Myanmar Traditional Cultural Performing Arts Competition this afternoon.





Vice President U Nyo Saw watches the performance by contestants from Rakhine State competing in the Amateur (Level-2) Women's Harp Competition.

The Vice President, accompanied by Union Ministers, senior military officers, and deputy ministers, observed contestants from regions and states performing individually in the Amateur (Level-2) Women's Singing Competition promoting national prestige and pride with the "Myanmar Mu Mhan" song at the Mya Hall of the Myanmar International Convention Centre-1 (MICC-I), as well as contestants competing in the Amateur (Level-2) Women's Harp Competition with the Patpyoe song "Nyint Thon Yan Kha" at the Nilar Hall. MNA

EU gas prices hit four-year high

Brussels October 27

European natural gas prices have surged to their highest level in four years amid the Iran war and the EU's continued push to phase out Russian energy, according to data from online aggregator Trading Economics.

On Monday, wholesale prices briefly surpassed €97 ($108) per megawatt-hour, reaching levels not seen since December 2022. The increase came as gas storage facilities in the EU were just 74.62% full as of October 25, well below seasonal averages.

Liquefied natural gas (LNG) shipments through the Strait of Hormuz, which accounted for around a fifth of global LNG trade before the start of the US-Israeli war against Iran earlier this year, remained around 80% below pre-conflict levels.

Some EU countries have already begun drawing on stored gas as temperatures drop. Trading Economics forecasts that European gas prices will reach €98.20 per megawatt-hour by the end of the fourth quarter of 2026. RT

Commander-in-Chief of Defence Services General Ye Win Oo enjoys performance at Vidhura Drama contest





Commander-in-Chief of Defence Services General Ye Win Oo and wife Daw Nilar enjoy a Vidhura Drama contest.

Nay Pyi Taw October 27

In order to preserve traditional Myanmar cultural heritage, Thabin Manhon Shwe Yangon theatrical troupe performed the classic theatrical drama "Vidhura" in accordance with traditional artistic conventions this evening at the Zeyathiri Beikman Theatre Hall in Nay Pyi Taw, attended by Commander-in-Chief of Defence Services General Ye Win Oo.

Also present at the theatre were Daw Nilar, wife of the Commander-in-Chief of Defence Services, Deputy Commander-in-Chief of Defence Services and Commander-in-Chief (Army) General Kyaw Swa Lin, senior military officers from the Office of the Commander-in-Chief and their wives, Myanmar Thabin Association (Central) Chairman, and members, officers and other ranks from offices and departments of the Office of the Commander-in-Chief (Army, Navy and Air). At the same time, performances of the drama were presented live on an LED board for officers, other ranks and families residing in the compound of the Office of the Commander-in-Chief (Army) at Nawaday Hall.

The classic theatrical drama "Vidhura" opened in accordance with traditional Myanmar theatrical conventions with the paying of homage to the Buddha and the traditional Apyodaw (maiden's offering) dance. Following this, the artists performed in their respective roles with lively vigor, deep emotional resonance, and dramatic mastery through a sequence of scenes: the musical enactment depicting the past lives of King Korebya, Sakka (celestial being king), the Dragon King, and the Garuda King; King Korebya royal court assembly; the assembly of the four kings contesting their moral virtue; the scene in the Dragon realm where Dragon King Varuna speaks of Counsellor Vidhura, prompting Queen Vimala to yearn to consume Vidhura's heart; Iranati's quest to find a champion; Punnaka setting forth on horseback; the meeting between Punnaka and Iranati; the ogre Punnaka cleaving Mount Vepulla to claim the magical ruby; the game of dice between King Korebya and the youth Kaccayana (Punnaka in disguise); Punnaka/Kaccayana arriving at Vidhura's residence to take him away; Punnaka dashing Vidhura against the seven mountain ranges and Vidhura's lament as he is about to be hurled into a hundred-fathom abyss; the great minister Vidhura's arrival in the Naga realm to preach the Dhamma; Vidhura's triumphant return to his kingdom; and the final duet dance finale.

The "Vidhura" Jataka is the ninth of the Ten Great Jatakas (Maha Nipata), vividly depicting the Bodhisatta Sage Vidhura's extraordinary wisdom, truthfulness, moral integrity, steadfast resolve, steadfastness in never abandoning the truth no matter how perilous or severe the hardships, and dedication to upholding moral conduct through wise discernment and resolution of circumstances. It is reported that the theatrical drama was staged with the objectives of fostering an appreciation for the benefits of wisdom rooted in moral purity and uprightness; cultivating understanding and practice of the Four Virtues of Good Persons; raising awareness of the evils and detrimental consequences of gambling so that they may be avoided; and enabling audiences to watch the Vidhura Jataka and cultivate noble virtues as well as the Seven Noble Treasures.

After the drama, the General cordially greeted artistes who presented their performances at the drama with the flower basket. 100

KhinU Township grow more than 2,000 acres of sweet corns



A thriving sweet corn plantation.

KhinU October 27

More than 2,000 acres of sweet corn have been planted in KhinU Township, Sagaing Region, during this year's winter crop season, according to statistics from the KhinU Township Agriculture Department.

For the 2026-2027 winter crop season, KhinU Township has set a target of cultivating 5,705 acres of sweet corn. Planting began in October this year, and 2,133 acres had been planted as of today, according to reports.

"We have set a target of cultivating more than 5,000 acres of sweet corn in KhinU Township during this year's winter crop season. More than 2,000 acres have been planted so far. We are making the necessary arrangements to ensure that the targeted acreage is achieved. At present, the area planted with corn has already exceeded the target acreage. We are providing farmers with guidance to ensure successful crop growth and prevent pest and disease outbreaks," said U Nay Win Naing, Head of the KhinU Township Agriculture Department.

This year, the Township Agriculture Department has been providing training and conducting field demonstrations for farmers growing maize for grain and sweet corn in KhinU Township. Awareness-raising activities have also been carried out on preventive measures against fall armyworm infestations and integrated pest management practices, including the use of neem-based pesticides and ginger- and chilli-based pest-control preparations.

In KhinU Township, one acre of sweet corn produces approximately 15,000 ears of corn, while the cultivation cost per acre exceeds K500,000. 206

Cultivation of black gram completes in Kanbalu Township

Kanbalu October 27

According to the township Agriculture Department, local farmers have planted more than 3,000 acres of black gram in Kanbalu Township of Sagaing Region this year.

During the 2026-2027 winter crop season, Kanbalu Township has set a target of cultivating 38,591 acres of black gram. Planting began in October this year, and 3,190 acres had been planted as of today, according to reports.

"We have set a target of cultivating more than 38,000 acres of black gram in Kanbalu Township during this year's winter crop season. More than 3,000 acres have been planted so far. We are making the necessary arrangements to ensure that the targeted acreage is achieved. During the black gram planting season, we are also conducting field visits to provide farmers with the necessary technical guidance, seeds and methods for preventing and controlling pests and diseases," said U Myo Myint, Head of the Kanbalu Township Agriculture Department.

The Township Agriculture Department is providing guidance to black gram growers in Kanbalu Township on obtaining quality and pure seeds suited to local conditions, adopting proper cultivation methods, preventing pest infestations, using chemical fertilizers systematically and improving crop yields.

During this year's winter crop season, the respective township agriculture departments are also working in cooperation with farmers cultivating various pulses to provide quality and pure seeds, agricultural inputs and post-harvest technology training, along with other necessary assistance, to improve crop yields and quality. 206

Five local ethnic residents wounded by shrapnel as joint terrorist coalition of KNPP, KNDF, and so-called PDF wantonly launch improvised rocket attacks on innocent ethnic civilians peacefully making merit in Lehtwae Village, Loikaw Township, Kayah State, on Full Moon Day of Thadingyut (Abhidhamma Day)





Local residents injured following an attack with three improvised rockets launched by the joint terrorist insurgent coalition of the KNPP/KNDF and so-called PDF into Lehtwae Village, Loikaw Township.

Nay Pyi Taw October 27

It is reported that five innocent local ethnic residents peacefully making merit were wounded by shrapnel following wanton improvised rocket attacks carried out by a joint terrorist coalition of the KNPP, KNDF, and so-called PDF, while local people in Kayah State were performing merits and visiting pagodas, stupas, monasteries, and recreational spots on October 26, 2026, the Full Moon Day of Thadingyut (Abhidhamma Day).

The incident occurred at approximately 1:30 pm on October 26, the Full Moon Day of Thadingyut—the most prominent among the twelve monthly seasonal festivals of Buddhists. While local ethnic residents of Lehtwae Village, Loikaw Township, Kayah State, were performing meritorious deeds at the village monastery, the joint terrorist coalition of the KNPP, KNDF, and so-called PDF launched wanton improvised rocket attacks into the village from a distance of approximately 5,500 meters to the east of Lehtwae Village, Loikaw Township. The rockets landed and exploded near the monastery compound and on residential houses, wounding two men and three women—innocent local ethnic civilians who were peacefully making merit—with bomb shrapnel.

Security forces have transported the injured individuals from the incident to the Loikaw People's Hospital for medical treatment. Security personnel are continuing necessary area security operations around the incident site. It is further reported that the local ethnic populace feels utter disgust and abhorrence toward the heinous, brutal, and inhumane acts of terror committed by the terrorists, who carried out this deliberate attack on crowded, non-military civilian areas with destructive intent on such a sacred auspicious day to inflict mass casualties. 100

Systematic demolition of illegal buildings used in online scam/gambling in Shwe Kokko (Part-II) continues

Systematic demolition underway of a five-story building used in online gambling operations within Shwe Kokko Area Part-II.





Demolition being carried out using heavy machinery.





Nay Pyi Taw October 27

The government has placed emphasis on combat against online scams and gambling as a national responsibility and systematically carried out total demolition of illegal buildings in Shwe Kokko, where the majority of online scams and gambling were operated, so that they cannot be used again for such crimes.

In doing so, the demolition of a 6-storey building and a 5-storey building out of those to be demolished with the use of machinery in Shwe Kokko (Part-II) completed 10 percent and 80 percent respectively today.

Out of 63 buildings to be demolished in Shwe Kokko (Part-II), 25 were scheduled to be knocked down with the use of machinery, four to be detonated and 34 to be brought down manually floor by floor due to their proximity to residential buildings and systematic demolition works were being carried out, completing the demolition of four to be detonated and three to be knocked down with the use of machinery. Plans were underway to systematically demolish the remaining 56 buildings.

In cooperation with neighboring and regional countries, the government has placed a special emphasis on complete eradication of online scams and gambling, which has posed a threat to the global socioeconomic arena and national security. 100

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၂၀၀၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ကန့်ဘလူ အောက်တိုဘာ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၂၀၀၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် ထောပတ်ပဲ ၃၇၉၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၀၀၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ ထောပတ်ပဲ ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ထောပတ်ပဲ အထွက်နှုန်းနဲ့အရည်အသွေး ကောင်းမွန်ဖို့ အတွက်လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးနေပါတယ်" ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် ထောပတ်ပဲစိုက်တောင်သူများ အနေဖြင့် စိုက်ကေများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများကို စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

ထောပတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည် ဆိုပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ထောပတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)



စလင်းမြို့နယ် သာစည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



စလင်း အောက်တိုဘာ ၂၇

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေရ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ရွှေဘုံသာကျေးရွာအုပ်စု သာစည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၂၆ ရက်က အဆိုပါကျေးရွာခမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က မြစိမ်းရောင် ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေ ကျပ် ၃၀ ဒသမ ၅ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များက မြို့နယ်တာဝန်ရှိသူများ၏ ကြီးကြပ်မှုနှင့်အတူ သာစည်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်ကြသော စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၄ ဦးကို ရန်ပုံငွေကျပ် ၃၀ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

သန်းသန်းစိုး

ငပုတောမြို့နယ်တွင် နေလှန်းဆားများ အရောင်းအဝယ်ကောင်းမွန်နေ

ငပုတော အောက်တိုဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် ဒေသထွက် နေလှန်းဆားများ ဝယ်လိုအား ကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ငပုတောမြို့နယ် ဆားထုတ်လုပ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးက ပြောပြသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ ယနေ့ထိ နေလှန်းဆားများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသထွက် နေလှန်းဆားများကို ငါးပိ၊ ငါးခြောက်နှင့် ငံပြာရည်လုပ်ငန်းများတွင် အဓိကအသုံးပြုကြကြောင်း သိရသည်။

"နေလှန်းဆားတွေ အရောင်းအဝယ်လိုက်နေပါတယ်။ ငါးပိ၊ ငါးခြောက်လုပ်ချိန်ဆိုတော့ ဆား အရောင်းအဝယ် ကောင်းလာတာပါ။ လတ်တလောအနေနဲ့ တစ်ရက်တာ နေလှန်းဆား ပိသာချိန် ၃၅၀၀ ကနေ ၅၅၀၀ ထိ အရောင်းအဝယ် ဖြစ်နေပါတယ်။ အခုလို နေလှန်းဆားအရောင်း အဝယ်ကောင်းလာတော့ ဆားလုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင် အခွင့်အလမ်း ရရှိပြီး အဆင်ပြေနေပါတယ်" ဟု ငပုတောမြို့နယ် ဆားထုတ်လုပ်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးက ပြောပြသည်။



ငပုတောမြို့နယ်တွင် ဒေသထွက် နေလှန်းဆားများကို ဆားလုပ်ငန်းလုပ်ကိုင်သူများက စနစ်တကျ ထုတ်လုပ်ပြီး ရန်ကုန်စျေးကွက်သို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ နေလှမ်းဆား ၁၀ ပိသာလျှင် ငွေကျပ် ၆၀၀၀ ထိ ပေါက်စျေးရှိကြောင်း၊ အဆိုပါ နေလှန်းဆားများ အရောင်းအဝယ်ကောင်းမွန်နေခြင်းကြောင့် ပွဲရုံပိုင်ရှင်များ၊ ဆားလုပ်ငန်း လုပ်ကိုင်သူများ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင် အဆင်ပြေလျက် ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

သံဖြူဇရပ်မြို့နယ် ကရင်သောင်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း စစ်ဆေး

သံဖြူဇရပ် အောက်တိုဘာ ၂၇

မွန်ပြည်နယ် မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ကရင်သောင်ကျေးရွာ၌ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်ဆုသန္တာလင်းနှင့်ဝန်ထမ်းများက ကျေးရွာရေရှိရေး ကော်မတီဝင်များနှင့်အတူ ကရင်သောင်ကျေးရွာ၌ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးလုပ်ငန်း အခြေအနေများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

သံဖြူဇရပ်မြို့နယ် ကရင်သောင်ကျေးရွာ၌ အကျယ် လေးလက်မ၊ အနက်ပေ ၃၀၀ ရှိ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၅၃ ဒသမ ၄၅ သန်း အသုံးပြုပြီး သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများက တာဝန်ယူ၍ ဇူလိုင်လ ၂၅ ရက်တွင် စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၄၅ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီး စီးနေပြီဖြစ်ကြောင်း သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ဆုသန္တာလင်းထံမှ သိရသည်။

ချိုလေး







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များ ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဒုံမင်းအတီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင် တစ်ဦး၏တေးသီချင်းအလိုက် တီးခတ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

ရှေ့ဖုံးမှအဆက်

တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အနုသုခုမပညာရပ်ကို ချစ်မြတ်နိုးကြသည့် ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့်ဇနီး၊အဖွဲ့ဝင်များသည်ဆင်ဖြူရှင်ခန်းမ၌ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖော်ညွှန်းရန်နှင့် အေးအတူပူအမျှအတူတကွလက်တွဲနေထိုင်လိုသည့် ပြည်ထောင်စုစိတ်ဓာတ်ကို ထာဝရဖော်ညွှန်းရန်၊ တိုင်းရင်းသားတို့၏ရိုးရာအက အလှများကို ပြန်လည်ဖော်ထုတ်ထိန်းသိမ်းရန် ရည်ရွယ်ချက်များဖြင့် ကျင်းပလျက်ရှိသည့် တိုင်းရင်းသားရိုးရာ၊ကျေးလက်ရိုးရာ အကပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ် အလိုက် ပြိုင်ပွဲဝင်တိုင်းရင်းသားရိုးရာအက အဖွဲ့များ၏ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ပုဗ္ဗသီရိအားကစားခန်းမ၌ကျင်းပလျက်ရှိသည့် ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း)အမျိုးသမီးနှင့် ဝါသနာရှင် အဆင့် (ပထမတန်း) အမျိုးသားဒုံမင်းအတီး ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များ အလိုက်ပြိုင်ပွဲဝင်များက တေးသီချင်းများ အလိုက်တီးခတ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

ယှဉ်ပြိုင်မှုများအပြီးတွင် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ပြိုင်ပွဲအလိုက်အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင်များနှင့် လာရောက်အားပေးကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြသည်။

၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကိုချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊ မြန်မာ့ယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး စသည့်ဦးတည်ချက်များဖြင့် ပြိုင်ပွဲအမျိုးအစားများအလိုက် သတ်မှတ်ထားသည့် နေရာအသီးသီးတွင် ကျင်းပနေခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှပြိုင်ပွဲဝင်များက အနုပညာရသပေါ်လွင်စွာဖြင့် ယှဉ်ပြိုင်လျက်ရှိကြသည့်အပြင် အနုသုခုမပညာရပ်ကို စိတ်ပါဝင်စားကြသည့် ဝါသနာရှင်များကလည်း လာရောက်ကြည့်ရှုအားပေးလျက်ရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

၂၀၂၆ ခုနှစ် ၂၇ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲများ အောင်မြင်စွာကျင်းပပြီးစီး

နေပြည်တော် အောက်တိုဘာ ၂၇

၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲ သတ္တမနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီး၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

ယနေ့တွင် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်တင်ရေးတေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ရှိ မြခန်းမ၌ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း)အမျိုးသားပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ပဲခူးတိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “လူချွန်လူကောင်း” ကိုအခံကြီးသီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “မြန်မာ့မူမှန်” ကိုတင်ဆောင်သန်း သီချင်းဖြင့်လည်းကောင်း အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ တိုင်းပြည်ချစ်စိတ်ကို ပေါ်လွင်အောင် ပိုင်နိုင်လှပသော အသံနေအသံထား၊ အသံအနိမ့်အမြင့် စည်းဝါးမှန်ကန်မှု၊ ဟန်ပန်မူရာ









အပြည့်ဖြင့် တက်ကြွစွာသီဆိုယှဉ်ပြိုင်ကြသည်။

အကပြိုင်ပွဲကို နေပြည်တော်တည်းခိုရေးစခန်းဆင်ဖြူရှင်ခန်းမ၌ကျင်းပရာ တိုင်းရင်းသားရိုးရာ၊ကျေးလက်ရိုးရာ အလှတ်တန်းပြိုင်ပွဲတွင် ကချင်ပြည်နယ်ကိုယ်စားပြု ဇိုင်ဝါးတိုင်းရင်းသားအကအဖွဲ့၊ ကယားပြည်နယ်ကိုယ်စားပြု ကယားရိုးရာအကအဖွဲ့၊ ကရင်ပြည်နယ်ကိုယ်စားပြု ကရင်ဒုံးအကအဖွဲ့၊ ချင်းပြည်နယ်ကိုယ်စားပြု ချင်းတိုင်းရင်းသားအကအဖွဲ့၊မွန်ပြည်နယ်ကိုယ်စားပြုရွှေဟင်္သာယိမ်းအကအဖွဲ့၊ ရခိုင်ပြည်နယ်ကိုယ်စားပြု လှပေါင်းစုံညီရခိုင်မြေယိမ်းအကအဖွဲ့၊ ရှမ်းပြည်နယ်ကိုယ်စားပြုတောင်ရိုးတိုင်းရင်းသားအကအဖွဲ့၊စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု မိုးဇော်အကအဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီးကိုယ်စားပြု ထားဝယ်ရိုးရာရေအိုးရွက်အကအဖွဲ့၊ ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု ရှမ်းရိုးရာအကအဖွဲ့၊ မကွေးတိုင်းဒေသကြီး ကိုယ်စားပြု ပျိုတို့ရဂုံဗွေကျေးလက်မြေယိမ်းအကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု မြန်မာ့အလှကျေးလက်ဘဝယိမ်းအကအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု ကျေးရွာခေ့ပျော်မွေ့ဖွယ်ရာ ကျေးလက်ယိမ်းအကအဖွဲ့နှင့် ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြုဖွံ့ဖြိုးဝေစည်ဧရာဝတီကျေးလက်ယိမ်းအကအဖွဲ့တို့က တိုင်းရင်းသားရိုးရာနှင့် ကျေးလက်ရိုးရာ ဓလေ့စရိုက်များပေါ်လွင်စေမည့် အကအလှများဖြင့် အဖွဲ့လိုက်အချိုးအဆစ် ညီညာပြေပြစ်ရသမြောက်စွာကပြယှဉ်ပြိုင်ကြသည်။

ကွက်စိပ်ပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိုတယ်

၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ သတ္တမရက် အဆို၊ အတီးပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို ဒုတိယသမ္မတ ဦးညီစော တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၇

၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ သတ္တမရက် အဆို၊ အတီး ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို ယနေ့မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတ ဦးညီစောသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ တက်ရောက်ကြည့်ရှုအားပေးသည်။

ဒုတိယသမ္မတသည် ပြည်ထောင်စုဝန်ကြီးများ၊ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အတူ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I) မြခန်းမ၌ ကျင်းပလျက်ရှိသည့်

ဒုတိယသမ္မတ ဦးညီစော ဝါသနာရှင်အဆင့် (ဒုတိယတန်း)အမျိုးသမီးအမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းအဆို ပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။





နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း)အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “သမ္မောဒမာနဇာတ်”ဖြင့် ဇာတ်တော်၏ အနှစ်သာရနှင့် ဦးတည်ချက်ပေါ်လွင်အောင် ဆို၊ ဝိ၊ ပြော ပညာရပ်များဖြင့်ပေါင်းစပ်၍ စွမ်းရည်ပြသဟောပြောယှဉ်ပြိုင်ကြသည်။

ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “သာရကာကျေး” (ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က “တောင်တောင်စွယ်”(ယိုးဒယား)သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဟေမဝန်ချာ”(ဘွဲ့)သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသမီးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “စိန်ငွေလျှံ”(ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း ကျွမ်းကျင်ပိုင်နိုင်စွာယှဉ်ပြိုင်တီးခတ်ကြသည်။

စောင်းအတီးပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁၌ နီလာခန်းမ၌ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “အောင်မြေသာစံ”(ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “စုံသာမြိုင်လယ်”(သီချင်းခံ)သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ရွှေနန်းအောင်ချာ”(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ညဉ့်သုံးယံခါ”(ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း မြန်မာ့ရိုးရာစောင်းတူရိယာ၏ သိမ်မွေ့နက်နဲသောအသံများကို စည်းနှင့်ဝါးမှုန်ကန်စွာဖြင့် သာယာငြိမ့်ညောင်းစွာတီးခတ်ယှဉ်ပြိုင်ကြသည်။

ပတ္တလားအတီးပြိုင်ပွဲကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “အောင်မင်္ဂလာ”(ယိုးဒယား)သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “သည်ဆောင်းဟေမာန်”(ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ကောင်းခြင်းမင်္ဂလာ”(ကာလပေါ်)သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဝန္ဓမာတောင်”(ဘွဲ့)သီချင်းဖြင့် လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

ဒုံမင်းအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ကန္ဓမာ”(ကြိုး)သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ပုံပမာ”(ကြိုး)သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဂန္ဓမာတောင်”(ဘွဲ့)သီချင်းဖြင့် လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။







ဒုတိယသမ္မတ ဦးညီစော ဝါသနာရှင်အဆင့် (ဒုတိယတန်း)အမျိုးသမီး စောင်းအတီးပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှပြိုင်ပွဲဝင်များက ညဉ့်သုံးယံခါ(ပတ်ပျိုး)သီချင်းဖြင့် တစ်ဦးချင်းတီးခတ်ယှဉ်ပြိုင်နေမှုများကိုလည်း ကောင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်) ပြိုင်ပွဲများတွင် ပြိုင်ပွဲဝင်များ၏ သတ္တမနေ့ ယှဉ်ပြိုင်နေမှု မြင်ကွင်းပုံရိပ်များ





























ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်မင်းလတ် မျိုးဆက်သစ်ထူးချွန် လူငယ်မောင်မယ်များနှင့် စစ်သည်များပါဝင်သော လေ့လာရေးအဖွဲ့ကို ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

တဲ့အခါမှာ သူတို့ကနိုင်ငံတော်ကို တစ်ဖက်တစ်လမ်းကနေ ဒီနည်းပညာပိုင်းကနေပြီးတော့ လူငယ်တွေအတွက်ရော၊ အခွင့်အလမ်းတွေအတွက်ရော သူတို့အများကြီး အထောက်အပံ့ပေးနေတာကို တွေ့ရပါတယ်ရှင်။ ဒီလိုကုမ္ပဏီကြီးတစ်ခုမှာ သူတို့ရဲ့အကြောင်းတွေကို လေ့လာရင်းနဲ့ သူတို့မေးတဲ့မေးခွန်းလေးတွေကို ဖြေဆိုပြီးတော့ သူတို့ပေးတဲ့အမှတ်တရလက်ဆောင်လေးရရှိခဲ့တဲ့အတွက် သမီးကလဲအတိုင်းမသိဝမ်းသာပါတယ်ရှင်။ မဖြေဆိုခင်မှာ ညီမလေးကို သူတို့ကုမ္ပဏီအကြောင်းကို ဗီဒီယိုကလစ်လေးတစ်ခုပြတယ်ရှင်။ အဲ့ဒါပြီးသွားလို့ရှိရင် အဲ့ဒါကို သူတို့ဘုပမာ ငါးမိနစ်ဆိုရင် ငါးမိနစ်အတွင်း မှာအချက်အလက်လေးတွေကို မှတ်သားရပါတယ်။ ဒုံပြင် Kahoot ဆိုတဲ့ အက်ပလီ စီးပွားရေးလုပ်ကိုင်ခွင့် အခွင့်အလမ်းတွေအတွက်လဲ သူတို့အများကြီးစွမ်းဆောင်နေတာကို သမီးတို့တွေ့ရှိခဲ့ရပါတယ်ရှင်။ သမီးတို့တွေက တက္ကသိုလ်ဝင်တန်းမှာ တစ်နှစ်လုံးပင်ပင်ပန်းပန်းနဲ့ ကြိုးစားခဲ့ရတယ်။ပြီးတော့ အခုလို အောင်မြင်မှုတွေရရှိခဲ့တယ်။ အခုလို အောင်မြင်မှုတွေရရှိခဲ့တဲ့အပေါ်မှာ သမီးတို့ကို ဂုဏ်ပြုပေးတဲ့ အနေနဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကြီးက သမီးတို့ကို ပြည်ပလေ့လာရေးခရီးစဉ်ကို စေလွှတ်ပေးခဲ့ပါတယ်ရှင်။ အဲ့ဒီအတွက်လဲ သမီးတို့က အသိပညာဗဟုသုတတွေ၊ အတွေ့အကြုံတွေလဲ အများကြီးရခဲ့ပါတယ်။ အဲ့ဒါတွေကို ကောင်းကောင်းအသုံးချပြီးတော့ သမီးတို့နိုင်ငံကြီးကိုလဲ ပိုပြီးတိုးတက်အောင်၊ ကြီးပွားအောင် သမီးတို့ဘက်ကလဲ ပြောင်းလဲမှုတွေရယ်၊ သူတို့ရဲ့သမိုင်းကြောင်းအခြေအနေတွေရယ် သမီးတို့ လေ့လာခဲ့ရပါတယ်ရှင်။ သမီးတို့ ၂၂ ရက် သွားတဲ့ခရီးစဉ်မှာဆိုရင် ဒီ Viettel ကုမ္ပဏီရဲ့အကြောင်းကို လေ့လာရတယ်ပေါ့နော်။ အဲ့ဒီ Viettel ကုမ္ပဏီမှာဆိုရင် သူကသူ့ရဲ့ဗီသုကာမြောက်တဲ့ အဆောက်အအုံတွေလဲရှိတယ်။ပြီးတော့ ခေတ်နဲ့အညီ တိုးတက်ပြောင်းလဲနေတဲ့ နည်းပညာအမျိုးအစားအမျိုးမျိုးလဲရှိတယ်။ အဲ့ဒီအကြောင်းတွေကိုလဲ သမီးတို့လေ့လာခဲ့ရတယ်။ ပြီးတော့ သူတို့က ဒီမတိုင်ခင်မှာ သူတို့ရဲ့အကြောင်းကိုရိုက်ကူးထားတဲ့ Short Film တစ်ခုလဲပြတယ်ပေါ့နော်။ Short Film တစ်ခုအကြောင်းနဲ့ ပတ်သက်ပြီးတော့ သူနဲ့ဆက်စပ်တဲ့အကြောင်းအရာတွေကိုမေးမြန်းတဲ့ ဂိမ်းကစားနည်းတစ်ခုလဲ ပြုလုပ်ခဲ့ပါသေးတယ်ရှင်။ သမီးကတော့ အဲ့ဒီဂိမ်းကစားနည်းမှာ ပထမရရှိခဲ့တဲ့ ဆုရှင်ဖြစ်ပါတယ်ရှင်။ ဗီယက်နမ်နိုင်ငံမှာ သူငယ်ချင်းတွေနဲ့အတူ ပျော်ပျော်ပါးပါးကစားရင်းနဲ့ ရရှိခဲ့တဲ့ဆုဖြစ်တဲ့အတွက် အမှတ်တရကောင်းများစွာကိုလဲ ဖန်တီးပေးနိုင်သလို ညီမက ဘဝတစ်ဆစ်ချိုး အမှတ်တရတစ်ခုဖြစ်တဲ့ Grade 12 စာမေးပွဲပြီးဆုံးပြီး နောက်မှာရရှိတဲ့ နောက်ထပ် ထပ်ဆောင်းဆုတစ်ခုဖြစ်တဲ့ အတွက်ကြောင့်မို့လို့ အမှတ်တရဖြစ်တဲ့ အပြင် ဝမ်းမြောက်ဂုဏ်ယူမိပါတယ်ရှင်” ဟု ပြောသည်။ **(၅၀၁)**





မျိုးဆက်သစ်ထူးချွန် လူငယ်မောင်မယ်များနှင့် စစ်သည်များပါဝင်သော လေ့လာရေးအဖွဲ့ ဗီယက်နမ်နိုင်ငံတွင် လေ့လာလည်ပတ်စဉ်။

❍ ပြန်လည်ရောက်ရှိမှု

လေ့လာရေးအဖွဲ့သည် ယနေ့နံနက် ၁ နာရီ ၁၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်မင်းလတ်နှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူမိဘများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါမျိုးဆက်သစ် ထူးချွန်လူငယ်မောင်မယ်များနှင့်စစ်သည်များပါဝင်သော လေ့လာရေးအဖွဲ့သည် ဗီယက်နမ်နိုင်ငံသို့ ရောက်ရှိနေစဉ် အောက်တိုဘာ ၂၁ ရက်တွင် Viettel Academy ကိုလည်းကောင်း၊ အောက်တိုဘာ ၂၂ ရက်တွင် FPT Software Center၊ Viettel Global ရုံးချုပ်၊ Viettel Telecom နှင့် Viettel Post ကိုလည်းကောင်း၊ အောက်တိုဘာ ၂၃ ရက်တွင် ဟိုချီမင်း၏ဂူဗိမာန်၊ One Pillar Pagodaကိုလည်းကောင်း၊ ပထမဆုံးရှေးဟောင်းတက္ကသိုလ်၊ Hoan Kiem ကန်ပတ်ဝန်းကျင်တွင် လမ်းလျှောက်လေ့လာခဲ့သည့်အပြင်၊ ကမ္ဘာလှည့်ခရီးသွားများအကြား ထင်ရှားရေပန်းစားသော Hanoi Train Street ကိုလည်းကောင်း၊ Hoa Lo အကျဉ်းထောင်ဟောင်းတို့ကိုလည်းကောင်း လေ့လာလည်ပတ်ခဲ့ကြသည်။

အလားတူ အောက်တိုဘာ ၂၄ ရက်တွင် ဟွာလူး(Hoa Lu)မြို့(၁၁ ရာစုခေတ်က Dnih နှင့် Le မင်းဆက်တို့၏ရှေးဟောင်းမြို့တော်)သို့လည်းကောင်း၊ UNESCO မှ ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခံထားသော Trang An(ထရန်အန်း)ရှိထုံးကျောက်တောင်များ၊ရေကန်နှင့်လိုဏ်ဂူများစိမ်းလန်းစိုပြည်သော သဘာဝရှုခင်းနေရာများကို သွားရောက် လည်ပတ်ခဲ့ကြကြောင်းနှင့် အောက်တိုဘာ ၂၅ ရက်တွင် ကမ္ဘာကျော် Halong Bay(UNESCO ကမ္ဘာ့အမွေအနှစ်နေရာများ)ကို လေ့လာလည်ပတ်ခဲ့ကြသည်။

လေ့လာရေးခရီးသွားရောက်ခဲ့သည့် မျိုးဆက်သစ်ထူးချွန် လူငယ်မောင်မယ်များ၏ ရင်တွင်းစကားသံများကိုလည်း ယခုလိုပဲကြားသိရပါတယ်–

“ဒီသဘာဝပတ်ဝန်းကျင်နဲ့ ပတ်သက်ပြီးတော့ လှပတဲ့နေရာတွေကို သမီးတို့လေ့လာခဲ့ရပါတယ်။ အဲ့ဒီမှာ သူတို့တွေသဘာဝပတ်ဝန်းကျင်ကို ဘယ်လိုထိန်းသိမ်းထားနိုင်လဲ၊ အဲ့ဒါပြီးသွားလို့ရှိရင် ဘယ်လိုလှအောင် ပြုလုပ်ထားပြီးတော့ ကမ္ဘာတစ်ဝန်းခရီးသွားတွေကို ဘယ်လိုမျိုးဆွဲဆောင်ထားနိုင်လဲဆိုတာကို သမီးတို့တွေ့ရှိခဲ့ရပါတယ်ရှင်။ သမီးအနေနဲ့ ဒီ Viettel Academy၊ Viettel Global အစရှိတဲ့ သူတို့ရဲ့ နည်းပညာတော်တော်လေးကိုတိုးတက်နေတဲ့ တိုးတက်အောင် စွမ်းဆောင်နေတဲ့ကုမ္ပဏီကြီးကို လေ့လာကေးရှင်းကနေပြီးတော့ သမီးတို့တွေ လေ့လာတဲ့ ကျောင်းသား၊ ကျောင်းသူတွေက ကိုယ့်ရဲ့နာမည်နဲ့ ကာရိုက်တာလေးတွေကိုထည့်ပြီးတော့ သမီးတို့မေးခွန်းတစ်ခုချင်းစီကိုဖြေဆိုရပါတယ်ရှင်။ မေးခွန်းတစ်ခုအတွက် သူက Choice လေးတွေပေးထားတယ်ပေါ့နော်။ အဲ့ဒီ Choice လေးတွေထဲကနေမှရွေးပြီးတော့ တစ်ခါဖြေပြီးသွားရင် အမှတ်အများဆုံးက ဘယ်သူလဲဆိုပြီးတော့ မေးခွန်းတစ်ခါဖြေတိုင်းအဲ့လိုမျိုးစာရင်းလေးပေါ်လာပါတယ်ရှင်။ အဲ့ဒါဆိုတော့ သူငယ်ချင်းအချင်းချင်းလဲကိုယ်က သူ့ထက်အမှတ်သာချင်တယ်ဆိုတော့ အပြိုင်အဆိုင်နဲ့ အဲ့ဒီဗီဒီယိုကလစ်လေးကိုလဲ သေချာလေးကြည့်ရှုမှတ်သားပြီးတော့ ဖြေဆိုခဲ့ရပါတယ်ရှင်။ အရမ်းလဲပျော်ရွှင်စရာကောင်းခဲ့ပါတယ်ရှင်။ သမီးတို့ အခုလိုလေ့လာခဲ့တဲ့အခါမှာ သူတို့ရဲ့ တိုးတက်နေတဲ့နည်းပညာတွေကိုလဲ အတုယူရပါတယ်။ အဲ့ဒါပြီးတော့ သူတို့ရဲ့နိုင်ငံရေးကို ဘယ်လိုမျိုးလှပအောင်လုပ်ပြီးတော့ သူတို့နိုင်ငံရဲ့ နိုင်ငံသားတွေအတွက် စွမ်းဆောင်သွားမှာပါရှင်”ဟု ပြောသည်။





“အခု သမီးတို့ဗီယက်နမ်နိုင်ငံသွားခဲ့တာကတော့ အောက်တိုဘာ ၂၀ ရက်ကနေပြီးတော့ ၂၆ ရက်ထိ လေ့လာရေးခရီးစဉ်သွားခဲ့တာဖြစ်ပါတယ်။ ခြောက်ညအိပ်ခုနစ်ရက်အတွင်းမှာ သမီးတို့ ဗီယက်နမ်နိုင်ငံရဲ့ ယဉ်ကျေးမှု၊ အမွေအနှစ်တွေအကြောင်းကိုလဲ လေ့လာခဲ့ရတယ်။ ပြီးတော့ ဗီယက်နမ်နိုင်ငံရဲ့ တိုးတက်ပြောင်းလဲမှုတွေ၊ အထူးသဖြင့် နည်းပညာပိုင်းဆိုင်ရာ တိုးတက်ပြောင်းလဲမှုတွေနဲ့ နောက်ဆုံး Viettel ကုမ္ပဏီပေါ့နော်၊ Viettel ကုမ္ပဏီနဲ့ FPT ကုမ္ပဏီတို့ရဲ့ တိုးတက်ကိုယ်ကျင့်သိလနှင့် ခိုင်မာတည်ကြည်သောစိတ်ဓာတ်၊ အန္တရာယ်နှင့်အခက်အခဲတို့ မည်မျှပင်ကြီးမားစေကာမူ သစ္စာတရားကိုမစွန့်လွှတ်ခြင်း၊ ဉာဏ်ပညာဖြင့် အခြေအနေတို့ကိုမှန်ကန်စွာ ဆင်ခြင်ဖြေရှင်းခြင်းဖြင့် ကိုယ်ကျင့်တရားကို မြတ်နိုးစောင့်ထိန်းခြင်းတို့ကို ထင်ရှားစွာဖော်ညွှန်းထားသည့် ဇာတ်တော်ကြီးဖြစ်ကြောင်း၊ဇာတ်တော်ကြီးကို ကိုယ်ကျင့်သိလဖြူစင်ဖြောင့်မတ်မှုအပေါ်တွင် အခြေခံသောပညာ၏အကျိုးကျေးဇူးများကို သိရှိသဘောပေါက်ကြစေရန်၊ သာခုနရတရားလေးပါးအကြောင်း သိရှိနားလည်ကျင့်သုံးလိုက်နာကြစေရန်၊ လောင်းကစားခြင်း၏ဆိုးပြစ်နှင့်မကောင်းသော အကျိုးဆက်များကို သိရှိရှောင်ရှားနိုင်ကြစေရန်နှင့် ဝိမုရဇာတ်တော်ကြီးကို ကြည့်ရှုခံစားလျက် သူတော်ကောင်းတရားနှင့် သူတော်ကောင်းဥစ္စာခုနစ်ပါးကို ပွားများနိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကပြဖျော်ဖြေတင်ဆက်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

ဇာတ်တော်ကြီး ကပြဖျော်ဖြေတင်ဆက်မှုအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဇာတ်တော်ကြီးတွင် ပါဝင်တင်ဆက်ကပြဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များကို ဂုဏ်ပြုပန်းခြင်းပေးအပ်ချီးမြှင့်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

☆ ကျောဖုံးမှအဆက်

တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို) ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)ရှိ ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များတက်ရောက်ကြည့်ရှုအားပေးကြသည်။ ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်းရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များတစ်ချိန်တည်း တစ်ပြိုင်တည်း ကြည့်ရှုနိုင်စေရန်အတွက် နဝဒေးခန်းမတွင်လည်း LED Board ဖြင့် တိုက်ရိုက်ပြသထားရှိသည်။

“ဝိမုရူ”ဇာတ်တော်ကြီးကို မြန်မာ့ရိုးရာအစဉ်အလာ သမားစဉ်နှင့်အညီ ဘုရားကန်တော့ခန်းနှင့် ဇာတ်တော်ကြီးသမားစဉ်အပျိုတော်ထွက်ခန်းတို့ဖြင့် အစပျိုးပြီး ကပြဖျော်ဖြေသည်။ ထို့နောက် ကောရေဗျင်း၊ သိကြားမင်း၊ နဂါးမင်း၊ ဂဠုန်မင်းတို့၏ အတိတ်ဘဝ(တေးသရုပ်ဖော်)ခန်း၊ ကောရေဗျင်းနန်းစီးခန်း၊ မင်းလေးပါးစုံညီတရားပြိုင်ခန်း၊ နဂါးပြည်၊ ဝရုဏနဂါးမင်းနဂါးပြည်တွင် ဝိမုရုအမတ်အကြောင်းပြောဆို၍ မိဖုရားဝိမလာမှ ဝိမုရုအသည်းနှလုံးစားသုံးလိုကြောင်းပူဆာခန်း၊ ဣရုနတီသူရဲကောင်းရှာခန်း၊ ပုဏ္ဏကမြင်းစီးထွက်ခန်း၊ ပုဏ္ဏကနှင့် ဣရုနတီဆုံစည်းခန်း၊ ပုဏ္ဏကဘီလူးဝေပုလွတောင်ကို ခွဲ၍ ပတ္တမြားယူခန်း၊ ကောရေဗျင်းနှင့် ကစ္စည်းလုလင်တို့ကြွေအံကစားခန်း၊ဝိမုရအိမ်တော်သို့ပုဏ္ဏက၊ ကစ္စည်းလုလင်လိုက်လာခေါ်ဆောင်ခန်း၊ ဝိမုရအားပုဏ္ဏက ကတောင်စဉ် ခုနစ်ထပ်တိုက်ခန်း၊ အသူတစ်ရာနက်သည့်ချောက်အတွင်း ပစ်ချမည်အပြု ဝိမုရုငိုချင်းချခန်း၊ ဝိမုရအမတ်ကြီးနဂါးပြည်သို့ရောက်ရှိ၍ တရားဟောခန်း၊ ဝိမုရအမတ်ကြီးပြည်တော်ဝင်ခန်း၊ နှစ်ပါးသွားဇာတ်သိမ်းခန်းတို့ကို အနုပညာရှင်များက မြိုင်မြိုင်ဆိုင်ဆိုင်ထိထိမိမိဖြင့် ကျရာဇာတ်ရုပ်အလိုက်ဇာတ်ကွက်ပိုင်နိုင်စွာ တင်ဆက်ကပြဖျော်ဖြေကြသည်။

“ဝိမုရ”ဇာတ်တော်ကြီးသည် ဗုဒ္ဓဝင်ဆယ်ဘွဲ့အနက်မှ နဝမမြောက်ဇာတ်တော်ကြီးဖြစ်ပြီး ဘုရားလောင်းဝိမုရပညာရှိ၏ ထူးကဲလှသည့် ဉာဏ်ပညာ၊ သစ္စာတရား၊

လူငယ်တွေ ပညာတတ်ဖြစ်အောင်လုပ်၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်၊ အပျော်အပါးတွေလျှော့

လူငယ်တွေအနေနဲ့ ပညာရေးမှာ ကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင်လုပ်ကြဖို့၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်ကြဖို့၊ ကြိုးစားအားထုတ်ကြဖို့ လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေ လျှော့စေချင်တယ်။ လူငယ်တွေ ကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေ အများကြီးရှိပါတယ်။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၃၁-၇-၂၀၂၆ ရက်နေ့တွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့သို့ တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ ပြည့် အခြေပြမိန့်ခွန်းပြောကြားပြီး မီဒီယာများ၏ မေးမြန်းမှုများအပေါ် ဖြေကြားချက်မှ ကောက်နုတ်ချက်)

ညောင်ဦးမြို့နယ်ရှိ ခုတင်(၂၀၀)ဆုံပြည်သူ့ဆေးရုံကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ကွင်းဆင်းစစ်ဆေး

မန္တလေး အောက်တိုဘာ ၂၇

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့နံနက်ပိုင်းက ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်ရှိ ခုတင်(၂၀၀)ဆုံပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်အား ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူတို့က ခွဲစိတ်နှစ်ထပ်ဆောင် ဆောက်လုပ်ရန်လျာထားမြေနေရာ၊ Heat Stroke Unit ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ ရေသန့်စင်စက်တပ်ဆင်ထားမှု၊ ဂါလန် ၂၀၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်နေမှုနှင့် ပြီးစီးသွားပါက သောက်သုံးရေ ပိုမိုဖြန့်ဝေပေးသွားနိုင်မည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ



တိုင်းဒေသကြီးဝန်ကြီးချုပ်ကလိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆေးဝါးကုသမှုခံယူနေကြသူများကို နှုတ်ဆက်အားပေးစကားများပြောကြား၍ ထောက်ပံ့ငွေများပေးအပ်ပြီး ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ဆေးရုံအထောက်အကူပြုရန်ပုံငွေနှင့် ဓာတ်ဆားထုပ်များကိုလက်ခံခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

ဟုမ္မလင်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းထွန်း ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို ယနေ့မွန်းလွဲပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းထွန်းနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဆေးရုံဝင်းအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ဆရာဝန်၊ သူနာပြုများအတွက် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

မတ္တရာမြို့အနီး အင်အားအနည်းငယ်ရှိ မြေလျင်လှုပ်ခတ်

နေပြည်တော် အောက်တိုဘာ ၂၇

ယနေ့ ညနေ ၃ နာရီ ၄ မိနစ် ၅၉ စက္ကန့်အချိန်တွင် မန္တလေးမြေလျင်စခန်းမှ မြောက်-အနောက်မြောက်ဘက် ၁၁ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း မတ္တရာမြို့၏ အနောက်တောင်ဘက် သုံးမိုင်ခန့်အကွာ၊ မြောက်လတ္တီတွဒ် ၂၂ ဒသမ ၁၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၀၈ ဒီဂရီ၊ အနက် ၁၁ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၇ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေလျင်လှုပ်ခတ်သွားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

"ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **" အတူလက်တွဲ ဖော်ဆောင်မှရမည့် ငြိမ်းချမ်းရေးတွင် NUG၊ PDF အဖွဲ့အစည်းအားလုံး မှန်ကန်တဲ့အသိတရားရှိရှိ ပါဝင်ဖို့လိုအပ် "** ခေါင်းစဉ်ဖြင့် ၂၈-၁၀-၂၀၂၆ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၄-၁၁-၂၀၂၆ ရက်မွန်းလွဲ ၁ နာရီတွင် **"မအောင်မြင်တော့တဲ့ တော်လှန်ရေးကို NUG အောက်က အကြမ်းဖက် PDF တွေ ဘာ့ကြောင့် စွန့်ခွာလာကြသလဲ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်ကို အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၆၉၀၉၉၅၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

✱ လှေလှော်ပြိုင်ပွဲမှ

ဆက်လက်၍ ရေကူးအလှပြအားကစားသမားများက ရေကူးအားကစားနည်းဖြင့် သရုပ်ပြခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ရေကူးအလှပြပြိုင်ပွဲတွင်ဆုရရှိသူများကို တစ်ဦးချင်းဆုနှင့် ငွေသားဆုများချီးမြှင့်၍ ရိုးရာလှေလှော်ပြိုင်ပွဲအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိခဲ့ကြသည့် အသင်းများကို ဂုဏ်ပြုဆုဖလား၊ ဂုဏ်ပြုဆုငွေနှင့် တစ်ဦးချင်းဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ ဆံတော်ရှင်ကန်ကြီးစေတီတော်မြတ်ကြီး၏ ၁၅၂ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲသို့ ဒေသခံပြည်သူများနှင့် နီးစပ်ရာမြို့နယ်များမှ ဘုရားဖူးပြည်သူများ၊ လှေလှော် အားကစားဝါသနာရှင်များ အထူးစည်ကားများပြားစွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **စည်သူ(ပြန်/ဆက်)**

❖ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်"မှ

မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်မြောက်ဘက် ရေမိုင် ၅၆၀ ခန့်၊ အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့၏ တောင်-အရှေ့ တောင်ဘက် ရေမိုင် ၁၁၀ ခန့်နှင့် ကာကီနာဒါမြို့၏ အရှေ့တောင်ဘက် ရေမိုင် ၁၂၀ ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေသည်။

အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း"အာနာဘ်"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟုသတ်မှတ်သည်။

အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း"အာနာဘ်" သည် အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်ပြီး အောက်တိုဘာ ၂၈ ရက် နေ့လယ်ပိုင်းတွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်နှင့် ရနမ်ကမ်းခြေတို့ကို ဘပတ်လမြို့နှင့် ဗီဆာကာပတ္တနမ်မြို့တို့ကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း"အာနာဘ်"၏ အရှိန်ကြောင့် ယနေ့မွန်းလွဲမှ အောက်တိုဘာ ၂၉ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း"အာနာဘ်" ၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ရန် အသိပေးနှိုးဆော်ထားသည်။

(မိုး/၈လ)

သီတင်းကျွတ်ကာလအခါသမယတွင် နိုင်ငံတစ်ဝန်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများတွင် ပြည်သူအများ အေးချမ်းစွာ ဖူးမြော်ကြည်ညိုု ကုသိုလ်ဒါနပြု၊ သီတင်းကျွတ်မီးထွန်းပွဲတော်များ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၇

မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုပွဲတော်များအနက် မွန်မြတ်ကြည်နူးဖွယ် အကောင်းဆုံးဖြစ်သည့် သီတင်းကျွတ်မီးထွန်းပွဲတော်ကာလအတွင်း နိုင်ငံတစ်ဝန်းရှိ မြို့ပြနှင့် ကျေးလက်ဒေသအသီးသီးတွင် အများပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဘုရား၊ စေတီပုထိုးများ၌ ဖူးမြော်ကြည်ညိုခြင်း၊ ကုသိုလ်ဒါနပြုခြင်းများနှင့် အတူ အစဉ်အလာရိုးရာပွဲတော်များကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည့်အပြင် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သက်သနဂိုရိုပြည်သို့ နတ်ဗြဟ္မာအပေါင်းခြံရံလျက် ဆင်းသက်တော်မူလာသည့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဆီမီးထွန်းပူဇော်သည့် အစဉ်အလာအတိုင်း မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိ လမ်းတိုင်း၊ အိမ်တိုင်းတွင် ရောင်စုံဆီမီးများ၊ မီးပုံးများဖြင့် ထွန်းညှိပူဇော်ခြင်းများကို နိုင်ငံတစ်ဝန်း လှပတင့်တယ်သည့် သီတင်းကျွတ်ညချမ်းရှုခင်းများကို သာယာကြည်နူးချမ်းမြေ့ဖွယ် ကျင်းပလျက်ရှိကြသည်။

ထိုသို့ မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အစဉ်အလာအတိုင်း ကျင်းပလျက်ရှိရာ သီတင်းကျွတ်လပြည့်ကျော် ၁ ရက် ယနေ့တွင်လည်း ဒက္ခိဏာသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်၌ တည်ထားပူဇော်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအပါအဝင် ဘုရားစေတီပုထိုးများ၊ ရန်ကုန်တိုင်းဒေသကြီးရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ သံဃာတော်များ၊ သာသနာနွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများသည် ဝါကျွတ်ကာလအခါသမယအဖြစ် ဥပုသ်သီလဆောက်တည်ခြင်း၊ ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ဆီမီး၊ ပန်း၊ ရေချမ်း လှူဒါန်းခြင်း၊ စတုဒိသာကျွေးမွေး ကုသိုလ်ပြုခြင်းတို့ဖြင့် ကုသိုလ်သီလ ပွားများလျက်ရှိကြသည်။ ထို့ပြင် မြန်မာတို့၏ ချစ်ဖွယ်ကောင်းသောယဉ်ကျေးမှုအစဉ်အလာအတိုင်း မိဘ၊ ဆရာ၊ သက်ကြီးဝါကြီး အဘိုး၊အဘွားများကို သွားရောက်ပူဇော်ကန်တော့ကြပြီး မေတ္တာမင်္ဂလာတရားများဖြင့် ပျော်ရွှင်စရာကောင်းသော သီတင်းကျွတ်ကာလကို ဖြတ်သန်းကြလျက်ရှိကြသည်။








သီတင်းကျွတ်ကာလအခါသမယတွင် နိုင်ငံတစ်ဝန်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌ ပြည်သူအများ ဖူးမြော်ကြည်ညိုပြီး သီတင်းကျွတ်မီးထွန်းပွဲတော်ကျင်းပနေမှုများကို တွေ့ရစဉ်။




ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်း ရောင်စုံမီးအလှများ ထွန်းညှိထားပြီး လာရောက်အပန်းဖြေကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိစဉ်။

မြို့ပြဒေသများရှိ အများပြည်သူ အပန်းဖြေနေရာများ၊ ဥယျာဉ်များ၊ ပန်းခြံများတွင်လည်း ရောင်စုံမီးအလှများတပ်ဆင်ထားရှိကာ မြန်မာ့ရိုးရာအကအလှများဖြင့် ဖျော်ဖြေခြင်း၊ စတုဒိသာကျွေးမွေးခြင်းနှင့် ဈေးရောင်းပွဲတော်များ ကျင်းပပေးလျက်ရှိရာ မိသားစုအလိုက်၊ သူငယ်ချင်းအပေါင်းအသင်းအဖွဲ့များအလိုက် လည်ပတ်အနားယူသူများဖြင့် အထူးပင်စည်ကားများပြားလျက်ရှိသည်။ အလားတူပင် ကျေးလက်ဒေသများတွင်လည်း ရွာလုံးကျွတ် ဆီမီးထွန်းပူဇော်ပွဲများ၊ ရိုးရာမီးပုံးပျံလွှတ်တင်ပွဲများနှင့် ဒေသဆိုင်ရာဘုရားပွဲတော်များကို ပျော်ရွှင်စွာကျင်းပကြရာ မြို့ပြနှင့် ကျေးလက် ဟန်ချက်ညီညီ ငြိမ်းချမ်းအေးမြသည့်ရိုးရာပွဲတော်ရသကို အပြည့်အဝဖန်တီးကြလျက်ရှိရာ ပြည်သူအများ ပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေလည်ပတ်လျက်ရှိကြသည်။

ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ လမ်းမကြီးများနှင့် လမ်းသွယ်များတစ်လျှောက် ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးများ လှပစွာတပ်ဆင်ထားရှိပြီး မီးရောင်စုံများ တပ်ဆင်ထားသည့် ပန်းအလှပုံစံများ၊ ရောင်စုံမီးစာလုံးများ၊ အလှဆင်ပုံစံငယ်များကို ရောင်စုံမီးအလှများ ဆင်ယင်ထားရှိကြရာ လာရောက်အပန်းဖြေကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံဆင်ခြေလျှောမြေသားနိမ့်ကျမှု ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်





အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ဘုန်းတော်ကြီးကျောင်းနှင့် စာသင်ကျောင်းတို့၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ၏ဆင်ခြေလျှောနိမ့်ကျမှု ပြန်လည်ပြုပြင်ခြင်းများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများပူးပေါင်းကာ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ တမံ၏အထက်ရေပြင်နှင့် ထိစပ်အပိုင်းမှစ၍ တမံလျှောအိကျနေရာတစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့် ရေလှိုင်းရိုက်ခတ်ခြင်း ဒဏ်မခံရစေရန်အတွက် မိုးရေကာဖျင်များ စနစ်တကျအုပ်မိုးကာကွယ်ခြင်း၊ တမံလျှောအိကျမှုကို ကာကွယ်ထိန်းသိမ်းရန်နှင့် တမံအောက်ခြေဆင်ခြေလျှော၏ အပြင်ဘက်မှ တမံတာအောက်ခြေကို ပိုမိုခိုင်မာတောင့်တင်းမှုရှိစေရန် မြေသားတမံပုံစံဆောင်ရွက်ခြင်းတို့ကို ယနေ့တွင်လည်း အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်ပေးကြသည်။

ထို့ပြင် တမံဆင်ခြေလျှောနိမ့်ကျမှုဖြစ်ပွားသည့်နေရာအနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများကို လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများရှိ ချို့နွဲ့နယ်များ၊ ပေါင်းမြက်များကို နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။(၅၀၁)

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ဇမ္ဗူသီရိမြို့နယ် အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ





တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)၌ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ ကြည့်ရှုလေ့လာကြစဉ်။

နေပြည်တော် အောက်တိုဘာ ၂၇

ကျောင်းသားလူငယ်များကို မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရန်၊ ကျောင်းပြင်ပ ဗဟုသုတများရရှိစေပြီး သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသည့် မြန်မာ့တပ်မတော်၏ အဆင့်ဆင့်ပြောင်းလဲတိုးတက်လာခဲ့မှုအခြေအနေများကို သိရှိစေရန်၊ မျက်မှောက်ကာလတွင် ဖွဲ့စည်းထားရှိသည့် တပ်မတော်လက်ရုံးတပ်ဖွဲ့အသီးသီး၏ သမိုင်းကြောင်းလုပ်ငန်းတာဝန်နှင့် စွမ်းဆောင်နိုင်ခဲ့မှုများကို သိရှိစေရန်၊ အနာဂတ်ကာလများတွင် နိုင်ငံတော်ကို ဦးဆောင်ကြမည့် မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် မိမိနိုင်ငံ၏သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို လေ့လာသိရှိထားခြင်းအားဖြင့် အနာဂတ်ဘဝလျှောက်လှမ်းမှုကို အထောက်အပံ့ဖြစ်စေရန်ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်များနှင့် တပ်မတော်(ရေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ဆက်လက်၍ တပ်မတော်(ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအတွက် မုန့်များကိုပေးဝေကြသည်။

ယင်းနောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များ မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့ လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ပြုလုပ်ကာ မေးခွန်းများ မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု၊ အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့်ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ထိုကဲ့သို့ လေ့လာရေးလာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

"မြန်မာ့တပ်မတော်(ကြည်း၊ ရေ၊ လေ)က အသုံးပြုခဲ့တဲ့ အရင်တုန်းကသုံးခဲ့တဲ့ လေယာဉ်ပျံတွေ၊ သင်္ဘောတွေ၊ စတင်



ဖွဲ့စည်းခဲ့တဲ့ ခုနှစ်တွေနဲ့ စက်ပစ္စည်းအစိတ်အပိုင်းတွေပေါ်နော် မသိခဲ့တာတွေ အများကြီး သိခဲ့ရပါတယ်ရှင်။ တာဝန်ရှိသူတွေကလဲ အများကြီးရှင်းပြတဲ့အတွက်ကြောင့် မသိတာတွေအများကြီး သိလိုက်ရတယ်။ တခြားမောင်ငယ်၊ ညီမငယ်တွေကိုလဲ ပြန်ပြောနိုင်လောက်အောင် အသိအမြင် အများကြီးရလိုက်ပါတယ်။ မမြင်ဖူးတာတွေ၊ မသိခဲ့တဲ့ သမိုင်းတွေကိုလဲ သေသေချာချာရှင်းပြတဲ့အတွက်ကြောင့် အကုန်လုံးကို သိလိုက်ရပါတယ်"ဟု ပြောသည်။

"စစ်သမိုင်းပြတိုက်ကို ဘာကြောင့် လေ့လာရသလဲဆိုတော့ ကျွန်တော်တို့ နေနေတာ မြန်မာနိုင်ငံဆိုတော့ မြန်မာနိုင်ငံရဲ့အကြောင်းအရာတွေ၊ ပြီးတော့ ကြည်းတပ်၊ ရေတပ်၊ လေတပ်တွေရဲ့ စစ်ပညာတွေ လေ့လာရတဲ့အတွက်ကြောင့် နောင်ကျရင် လေတပ်မှာ ပါဝင်ချင်လဲရတယ်။ ကြည်းတပ်မှာ ပါဝင်ချင်ရင်လဲ ပါဝင်လို့ရတဲ့အခွင့်အရေးအလားအလာတွေကို သိရှိခွင့်ရတယ်။ အဲဒါကြောင့် အများကြီးဝမ်းသာမိပါတယ်။ ပြီးတော့ ကိုယ်နေတဲ့ မြန်မာနိုင်ငံကို တည်ထောင်ခဲ့တဲ့ ဘုရင်တွေ၊ ဘယ်လိုဗိုလ်ချုပ်တွေ၊ ဗိုလ်ကြီးတွေရဲ့ အကြောင်းအရာတွေကို လေ့လာရတဲ့အတွက်ကြောင့်လဲ စာတွေ မှာသာမက အပြင်ပတ်ဝန်းကျင်ဗဟုသုတတွေရရှိတဲ့အတွက်ကြောင့်လဲ ဝမ်းသာမိပါတယ်။ နောက်ပြီး ကျောင်းသား၊ကျောင်းသူတွေလဲ လာခဲ့ပါလို့ လိုက်ရှင်းပြတဲ့ ဗိုလ်ကြီးတွေကအစ ချစ်ချစ်ခင်ခင် ပျော်ပျော်



ရွှင်ရွှင်၊ စည်းစည်းလုံးလုံးနဲ့ ကျွန်တော်တို့ သိချင်တာအကုန်လုံးကိုလဲ ရှင်းပြပေးတယ်။ အဲ့ဒီလိုရှင်းပြပေးတဲ့အတွက်ကြောင့်လဲ ကျွန်တော်တို့သိချင်တာတွေ သိရှိခဲ့ရတယ်။ အဲ့ဒါကြောင့် လူငယ်ဘဝမှာ လိုအပ်တဲ့ ဗဟုသုတတွေလဲ ရရှိတာဖြစ်တဲ့အတွက်ကြောင့် လာခဲ့ပါလို့ ကျောင်းသား၊ ကျောင်းသူတွေကို ဖိတ်ခေါ်ပါတယ်"ဟု ပြောသည်။ (၅၀၁)

ခိုလမ်မြို့၊ နမ့်စန်မြို့တို့ရှိ သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များအား မြို့လုံးကျွတ်စုပေါင်း ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲများပြုလုပ်





ခိုလမ်မြို့၊ နမ့်စန်မြို့တို့ရှိ သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များအား အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများက ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြစဉ်။

နေပြည်တော် အောက်တိုဘာ ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ သံဃာတော်များနှင့် သာသနာနွယ်ဝင်သီလရှင်များအား မြို့လုံးကျွတ်စုပေါင်း ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူပွဲကို ယနေ့နံနက် ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ မြို့ပေါ်လမ်းမကြီး အကောင်းဆုံး ကစားသမားဆု(Ballon d'Or) ကိုပါ ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

ဟယ်ရီကိန်းသည်ပြီးခဲ့သည့်ဘောလုံးရာသီက ဖြုတ်ပွဲစုံ ၅၆ ပွဲပါဝင်ကစားခဲ့ပြီး ဖ၄ ဂိုးထိသွင်းယူနိုင်ခဲ့ကာ ဥရောပသွင်းဂိုးအများဆုံး ကစားသမားဆုဖြစ်သည့် ရွှေဖိနပ်ကို ဆွတ်ခူးနိုင်ခဲ့ပြီး ယခုအခါတွင်လည်း အဆင့်အတန်းအမြင့်ဆုံး ဆုဖြစ်သည့် ၂၀၂၆ ခုနှစ် ကမ္ဘာ့တစ်နှစ်တာ ကမ္ဘာ့တစ်နှစ်တာအကောင်းဆုံး ကစားသမားဆု (Ballon d'Or)ကို ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်ကစားသမား ဟယ်ရီကိန်းက ဆွတ်ခူးနိုင်ခဲ့ကြောင်း Sky Sports သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဟယ်ရီကိန်းသည်ပြီးခဲ့သည့်ဘောလုံးရာသီက ဖြုတ်ပွဲစုံ ၅၆ ပွဲပါဝင်ကစားခဲ့ပြီး ဖ၄ ဂိုးထိသွင်းယူနိုင်ခဲ့ကာ ဥရောပသွင်းဂိုးအများဆုံး ကစားသမားဆုဖြစ်သည့် ရွှေဖိနပ်ကို ဆွတ်ခူးနိုင်ခဲ့ပြီး ယခုအခါတွင်လည်း အဆင့်အတန်းအမြင့်ဆုံး ဆုဖြစ်သည့် ၂၀၂၆ ခုနှစ် ကမ္ဘာ့တစ်နှစ်တာအကောင်းဆုံး ကစားသမားဆု (Ballon d'Or)ကို ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်ကစားသမား ဟယ်ရီကိန်းက ဆွတ်ခူးနိုင်ခဲ့ကြောင်း Sky Sports သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဟယ်ရီကိန်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဖြုတ်ပွဲစုံ ၅၆ ပွဲပါဝင်ကစားခဲ့ပြီး ဖ၄ ဂိုးထိသွင်းယူနိုင်ခဲ့ပြီးနောက် ၂၀၂၆ ခုနှစ် ကမ္ဘာ့တစ်နှစ်တာအကောင်းဆုံးဆုပေးအပ်ပွဲအခမ်းအနားတွင် တစ်နှစ်တာအကောင်းဆုံး တိုက်စစ်ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

ဟယ်ရီကိန်းသည် ကမ္ဘာ့တစ်နှစ်တာအကောင်းဆုံးကစားသမားဆု (Ballon d'Or)ကို ဆွတ်ခူးနိုင်ခဲ့သည့် ငါးဦးမြောက် အင်္ဂလန်ကစားသမားအဖြစ် ၂၀၀၁ ခုနှစ်က အိုဝင် နောက်ပိုင်းတွင် အဆိုပါဆုကို ဆွတ်ခူးနိုင်ခဲ့သည့် ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ခြင်း ဖြစ်သည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့တစ်နှစ်တာအကောင်းဆုံးဆုပေးအပ်ပွဲအခမ်းအနားတွင် အခြားဆုများအဖြစ် တစ်နှစ်တာအကောင်းဆုံး လူငယ်ကစားသမားဆုကို ဘာစီလိုနာအသင်းမှ လမိုင်းယာမယ်၊ အကောင်းဆုံး အမျိုးသားအသင်းနည်းပြဆုကို စပိန်နည်းပြ ဒီလာဖွန်တီ၊ တစ်နှစ်တာ အကောင်းဆုံးအမျိုးသမီး ကစားသမားဆုကို ဘာစီလိုနာအသင်းမှ ပူတဲလက်စ်၊ တစ်နှစ်တာအကောင်းဆုံးဂိုးသမားဆုကို ဘီလ်ဘာအိုအသင်းမှ ဆိုင်မွန်တို့က အသီးသီးဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

Ref : Sky Sports

Trs : STA

ရှင်သာမဏေ ၃၈၂ ပါး၊ သာသနာနွယ်ဝင်သီလရှင် ၆၃ ပါးတို့က ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကြွချီတော်မူကြရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်ဒေသခံတိုင်းရင်းသားပြည်သူများက ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုဒွေများ ဆက်ကပ်လောင်းလှူကြသည်။

အလားတူ ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့တွင်လည်း မြို့လုံးကျွတ် စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူပွဲ ပြုလုပ်ကာ သံဃာတော်များနှင့် သာသနာနွယ်ဝင်သီလရှင်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုဒွေများ ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။ **(၅၀၁)**

◆ ဟယ်ရီကိန်းမှ

လန်ဒန်မြို့တွင် ကျင်းပခဲ့ရာ ၂၀၂၆ ခုနှစ် ကမ္ဘာ့တစ်နှစ်တာအကောင်းဆုံး ကစားသမားဆု (Ballon d'Or)ကို ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်ကစားသမား ဟယ်ရီကိန်းက ဆွတ်ခူးနိုင်ခဲ့ကြောင်း Sky Sports သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

❑ တိုက်ရိုက်ထုတ်လွှင့်မည်မှ

MWD Variety HD Channel၊ Readers' Channel၊ Channel 9၊ Sky Net Up to Date၊ Uni TV၊ Shwe Nadi Shwe Yi၊ Channel 24 များနှင့် MOI Website၊ MOI Youtube၊ MRTV APP: အပါအဝင် MRTV Online Platform တို့မှ တိုက်ရိုက်(LIVE) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဉ္စဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM၊ မြန်မာ့အသံ Radio App တို့မှလည်း တိုက်ရိုက် (LIVE) ထုတ်လွှင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**

၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၇ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ဂ၁၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့်အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ သာသနာ့ဝန်ထမ်းများ။

၂။ အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

၁။ ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပျော့သွပ်သူဖြစ်ခြင်း(သို့မဟုတ်) စိတ်ပျော့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေကပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

၄။ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သား သမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစား သားသမီးများမပါ)။

၅။ ခြိမ်းခြောက်မှု၊ ဖိအားပေးမှု၊ ဆွဲဆောင်မှုများကြောင့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

၆။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

၇။ နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

၈။ တစ်ဆက်စပ်တည်း လုပ်သက်နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

၉။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)

KNPP/KNDF နှင့် PDF အမည်ခံအကြမ်းဖက်ပူးပေါင်းအဖွဲ့များက သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)၌ ကယားပြည်နယ် လွိုင်ကော်မြို့ လယ်ထွဲကျေးရွာတွင် အေးချမ်းစွာကုသိုလ်ပြုနေသည့် အပြစ်မဲ့ဒေသခံတိုင်းရင်းသားပြည်သူများကို ရှော့တိုက်ဒုံးများဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဒေသခံတိုင်းရင်းသားပြည်သူ ငါးဦး ဗုံးစထိမှန်ဒဏ်ရာရရှိ



KNPP/KNDF နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက လွိုင်ကော်မြို့ လယ်ထွဲကျေးရွာသို့ ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြမြေပုံ။



လွိုင်ကော်မြို့ လယ်ထွဲကျေးရွာသို့ KNPP/KNDF နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ရှော့တိုက်ဒုံး သုံးလုံးဖြင့် ပစ်ခတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





လွိုင်ကော်မြို့ လယ်ထွဲကျေးရွာသို့ KNPP/ KNDF နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ရှော့တိုက်ဒုံး သုံးလုံးဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ဒေသခံပြည်သူများ ဒဏ်ရာရရှိခဲ့မှု မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် အောက်တိုဘာ ၂၇

ကယားပြည်နယ်ရှိ ပြည်သူများအနေဖြင့် အောက်တိုဘာ ၂၆ ရက် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)၌ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် အပန်းဖြေနေရာများ၌ ကောင်းမှုကုသိုလ်ပြုလုပ်ခြင်း၊ အပန်းဖြေလည်ပတ်ခြင်းများ ပြုလုပ်လျက်ရှိစဉ် KNPP/KNDF နှင့် PDF အမည်ခံအကြမ်းဖက်ပူးပေါင်းအဖွဲ့များက ရှော့တိုက်ဒုံးများဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် အေးချမ်းစွာကုသိုလ်ယူနေသည့် အပြစ်မဲ့ဒေသခံတိုင်းရင်းသားပြည်သူ ငါးဦး ဗုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဗုဒ္ဓဘာသာဝင်များ၏ ၁၂ လ ရာသီပွဲတော်များထဲမှ အထူးခြားဆုံးဖြစ်သည့် သီတင်းကျွတ်လပြည့်နေ့ဖြစ်သော အောက်တိုဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် ကယားပြည်နယ် လွိုင်ကော်မြို့ လယ်ထွဲကျေးရွာမှ ဒေသခံတိုင်းရင်းသားပြည်သူများသည် ကျေးရွာအတွင်းရှိ ဘုန်းတော်ကြီးကျောင်း၌ ကုသိုလ်ကောင်းမှုများ ပြုလုပ်လျက်ရှိစဉ် KNPP/KNDF နှင့် PDF အမည်ခံအကြမ်းဖက်ပူးပေါင်းအဖွဲ့များက လွိုင်ကော်မြို့ လယ်ထွဲကျေးရွာ၏ အရှေ့ဘက်မီတာ ၅၅၀၀ ခန့်အကွာမှနေ၍ ရှော့တိုက်ဒုံးများဖြင့် ကျေးရွာအတွင်းသို့ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဘုန်းတော်ကြီးကျောင်းဝင်းအနီးနှင့် လူနေအိမ်များဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် အေးချမ်းစွာကုသိုလ်ယူနေသည့် အပြစ်မဲ့ဒေသခံတိုင်းရင်းသားပြည်သူ ငါးဦး ဗုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ထိခိုက်ဒဏ်ရာရရှိခဲ့သူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လွိုင်ကော်မြို့ရှိပြည်သူ့ဆေးရုံသို့ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း၊ အဆိုပါဖြစ်စဉ်နေရာတစ်ဝိုက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ယခုကဲ့သို့ နေ့ထူးနေ့မြတ်များ၌ ဖျက်ဆီးလိုသောရည်ရွယ်ချက်အပြင် စစ်ရေးနှင့်မသက်ဆိုင်သည့် လူစည်ကားရာနေရာသို့ အများပြည်သူများကို အစုလိုက်အပြုံလိုက် သေကျေဒဏ်ရာရရှိစေခြင်းအလို့ငှာ ရည်ရွယ်ချက်ရှိရှိဖြင့် လာရောက်ပစ်ခတ်ခဲ့သည့်အကြမ်းဖက်သမားများ၏ ယုတ်မာရိုင်းစိုင်းပြီး လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်များကို ဒေသခံတိုင်းရင်းသားပြည်သူများက ရွံရှာမုန်းတီးလျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

■ ရွှေကုက္ကိုလ်နယ်မြေမှ

အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါ အဆောက်အအုံများကို အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန်တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ခြောက်ထပ်အဆောက်အအုံ တစ်လုံးကို ယနေ့ထိ ၁၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ငါးထပ်အဆောက်အအုံတစ်လုံးကို ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာလည်း ယနေ့ထိ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ လေးလုံး၊ လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ လေးလုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် သုံးလုံးတို့ကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံ ၅၆ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖြိုချဖျက်ဆီးသွားမည် ဖြစ်ကြောင်း သိရသည်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။





ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ငါးထပ် အဆောက်အအုံကို မဖြိုဖျက်မီ တွေ့ရစဉ်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူးအလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၇၀၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ကျောက်မြောင်း အောက်တိုဘာ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို ခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၇၀၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၄၄၁၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၇၀၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ ဟင်းသီးဟင်းရွက် ဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ဂရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာ စတဲ့သီးနှံတွေ အများဆုံး စိုက်ပျိုးထားပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုက ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုက ပြောပြ၍ သိရသည်။ (၂၀၆)

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် စက်တင်ဘာလအတွင်း ငါးရှဉ့်ပိသာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဘိုကလေး အောက်တိုဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် စက်တင်ဘာလအတွင်း ငါးရှဉ့်ပိသာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း ငါးရှဉ့်ပိသာချိန် ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် စက်တင်ဘာလအတွင်း ငါးရှဉ့်ပိသာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးရှဉ့်များ တင်ပို့ရောင်းချမှု အားကောင်းလာခြင်းသည် ရန်ကုန်ဈေးကွက်မှ ဝယ်ယူအားကောင်းလာခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။



"ပြီးခဲ့တဲ့ စက်တင်ဘာလလာတော့ ငါးရှဉ့်မွေးမြူရေးလုပ်ငန်းရှင်တွေနဲ့ လုပ်သားတွေ၊ ငါးရှဉ့်ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာတာတွေ့ရပါတယ်"ဟု ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ငါးရှဉ့် ၁၀ ပိသာလျှင် ငွေကျပ် ၂၃၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ ကျော်ကျော်လင်း

ပြည်မြို့နယ် မင်းကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

ပြည် အောက်တိုဘာ ၂၇

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မင်းကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (VDP) စီမံကိန်းဖြင့် ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းချိုနှင့် ဝန်ထမ်းများက ကျေးရွာလုပ်ငန်းကော်မတီဝင်များနှင့်အတူ မင်းကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တမြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာလုပ်ငန်းကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ် စံချိန်စံညွှန်းများနှင့် အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မင်းကုန်းကျေးရွာ၌ အရှည် ပေ ၂၄၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၇ ဒသမ ၁၄ သန်း၊ စုစုပေါင်း ငွေကျပ် ၂၂ ဒသမ ၁၄ သန်းဖြင့် ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာ ၂၂ ရက်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၈၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကိုနိုင်

စွမ်းအားကြွယ်တဲ့ တိုလူငယ်

- လူငယ်ဆိုတာ ပန်းအဖူး
အလန်းထူးမဲ့ နောင်အခါ၊
ဥယျာဉ်မြေ နန်းတစ်ရိုး
ပန်းမျိုးစုံစွာ၊
ရနံ့သင်းလို့ အဆင်းဖြာ
လေညင်းဖြာတိုင်း ကြူကြူမွှေး၊
ပန်းဥယျာဉ် ဖူးပွင့်လွှမ်း
တင့်ဆန်းပေါ့လေး။

- လူငယ်ဆိုတာ အခက်ညွှန့်
အထက်လွန့်လို့ တလူလူဆန်၊
ခြံဥယျာဉ်အသီးလှ
ကြီးကြမဲ့ဟန်၊
ချို၊ ချဉ်၊ ဖန်၊ ခါး အရသာမှန်
လှစွာသဏ္ဌာန်နဲ့ ပင်ယံဖြိုး၊
ခြံဥယျာဉ် အသီးပေါ
ကြီးသောဂုဏ်တိုး။

- လူငယ်ဆိုတာ နှိုင်းမမီတဲ့
တိုင်းပြည်ရဲ့ ရတနာ၊
အနာဂတ်မှာ ထင်ရှားမဲ့
အင်အားတွေပါ။
ငယ်စဉ်က ပျိုးထောင်လာ
တန်ခိုးအရောင်ဖြာမဲ့ ပြည်တည်ဆောက်၊
လူငယ်တွေ စွမ်းအားနဲ့
ဇမ္ဗူနယ်ပြည် နန်းတစ်လွှား
အိုကွယ်..
ခမ်းနားချိန်ရောက်။ ။

လွမ်းလေးကို(သရက်)

မလှိုင်မြို့နယ် ကျော်ခေါင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မလှိုင် အောက်တိုဘာ ၂၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျော်ခေါင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၀ ဒသမ ၇ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျော်ခေါင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၁၀ ဒသမ ၇ သန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၅ ဦးကို ငွေကျပ် သန်း ၃၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၆ ဦးကို ငွေကျပ် ၄၀ ဒသမ ၇ သန်း ထုတ်ချေးငေးထားကြောင်း သိရသည်။ ဟိန်းထက်စိုး(မလှိုင်)

အယ်လ်နီညို၏အပူရှိန်မြင့်တက်လာမှုနှင့် လျှပ်စစ်ဆိုင်ရာပြဿနာများ

မောင်မောင်စွယ်စုံထွန်း

အယ်လ်နီညို

အယ်လ်နီညို(El Niño) ဆိုသည်မှာ အစွန်းရောက်သဘာဝဘေးတစ်ခုဖြစ်ပြီး အလွန်ပူနွေးခြောက်သွေ့သည့်ဖြစ်စဉ်တစ်ခုဟု အကြမ်းဖျင်းမှတ်သားနိုင်သည်။ တိတိကျကျဆိုရလျှင် အယ်လ်နီညိုသည် အပူပိုင်းပစိဖိတ်သမုဒ္ဒရာ(Tropical Pacific Ocean)၏ရေမျက်နှာပြင်တွင် ပင်လယ်ရေအပူချိန်မြင့်တက်လာသောအခါ ဖြစ်ပွားတတ်သည်။

ယေဘုယျအားဖြင့် ပစိဖိတ်သမုဒ္ဒရာတွင် ဤဖြစ်စဉ်သည် နှစ်နှစ်မှ ငါးနှစ် သို့မဟုတ် ငါးနှစ်မှ ခုနစ်နှစ်အတွင်း တစ်ကြိမ်ခန့်ဖြစ်ပေါ်တတ်သည်။ ယခုနောက်ပိုင်းတွင် နှစ်နှစ်၊ သုံးနှစ်အတွင်းလည်း ဖြစ်ပေါ်လာသည်ကိုတွေ့ရသည်။ အဆိုပါ ရေပူစီးကြောင်းသည် ရက်သတ္တပတ်အနည်းငယ်မှ တစ်လသို့မဟုတ် တစ်လထက်ပို၍သာ ကြာမြင့်တတ်သော်လည်း သုံးနှစ်မှ ခုနစ်နှစ်တစ်ကြိမ်တွင်မူ အယ်လ်နီညိုဖြစ်စဉ်သည် လပေါင်းများစွာကြာမြင့်နိုင်ပါသည်။

အယ်လ်နီညိုဖြစ်စဉ်သည် အားကောင်းပါက တောင်အမေရိကနိုင်ငံများမှတစ်ဆင့် တစ်ကမ္ဘာလုံးပျံနှံ့ဖြစ်တည်တတ်ပြီး ရာသီဥတုဖောက်ပြန်မှုများ ပြင်းထန်လာတတ်သည်။ များသောအားဖြင့် အပူချိန်လွန်ကဲခြင်း၊ တောမီးလောင်ကျွမ်းခြင်း၊ မိုးခေါင်လွန်းခြင်း၊ သောက်သုံးရေရှားပါးခြင်းတို့ကို ဖြစ်ပေါ်စေတတ်သည်။

လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုအပေါ် တိုက်ရိုက်နှင့် ဆိုးရွားသောသက်ရောက်မှုများ

အယ်လ်နီညို(El Niño) ရာသီဥတုဖြစ်စဉ်သည် မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုအပေါ် တိုက်ရိုက်နှင့် ဆိုးရွားသောသက်ရောက်မှုများရှိစေသည်။ အယ်လ်နီညိုကြောင့်ဖြစ်ပေါ်လာသည့် အပူချိန်အစွန်းရောက်မြင့်တက်လာခြင်းနှင့် မိုးခေါင်ရေရှားဖြစ်ခြင်းတို့သည် လျှပ်စစ်ကဏ္ဍတွင် အောက်ပါအကျိုးဆက်များကို ဖြစ်ပေါ်စေသည်-

ရေအားလျှပ်စစ်ထုတ်လုပ်မှုကျဆင်းခြင်း

မြန်မာနိုင်ငံသည် လျှပ်စစ်ဓာတ်အားအတွက် ရေအားလျှပ်စစ်ကို အဓိကအားထားနေရသော်လည်း အယ်လ်နီညိုကြောင့် မိုးရွာသွန်းမှုနည်းပါးခြင်း၊ မိုးခေါင်ခြင်းတို့ဖြစ်ပွားကာ ရေလှောင်တမံများနှင့် ဆည်များအတွင်း ရေဝင်ရောက်မှု သိသိသာသာ လျော့နည်းသွားစေသည်။ ရေအားနည်းသွားခြင်းကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်စွမ်း (Generation Capacity) လျော့ကျသွားရသည်။

လျှပ်စစ်ဓာတ်အားလိုအပ်ချက် အဆမတန်မြင့်တက်လာခြင်း

အယ်နီညိုဖြစ်စဉ်ကြောင့် ပုံမှန်ထက်ပိုမိုပြင်းထန်သောအပူလှိုင်းများနှင့် ရာသီဥတုပူပြင်းခြောက်သွေ့မှုများကြုံတွေ့ရလေ့ရှိသည်။ ထိုသို့ အပူချိန်မြင့်မားလာချိန်တွင် ပြည်သူများအနေဖြင့် ပန်ကာ၊ လေအေးပေးစက်နှင့်ရေမော်တာစသည်တို့ကို ပိုမိုသုံးစွဲလာကြသဖြင့် နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်မှာ စံချိန်တင်မြင့်တက်သွားလေ့ရှိသည်။

ဓာတ်အားလိုင်းများနှင့် စနစ်များအပေါ် ဝန်ပိခြင်း

အပူချိန်ပြင်းထန်ခြင်းကြောင့် လျှပ်စစ်မီးကြိုးများနှင့် ထရန်စဖော်မာများ၏ စွမ်းဆောင်ရည် ကျဆင်းကာ အပူလွန်ကဲပြီး ပျက်စီးလွယ်စေသည်။ တစ်ဖက်တွင်လည်း သုံးစွဲမှုဝန်အားက မြင့်တက်နေပြီး အခြားတစ်ဖက်တွင် ထုတ်လုပ်နိုင်စွမ်းကကျဆင်းနေသဖြင့် လျှပ်စစ်ဓာတ်အားလိုင်းစနစ်တစ်ခုလုံး ပြိုလဲမှုမဖြစ်စေရန်အတွက် မီးဖြတ်တောက်မှုများ ပြုလုပ်ရလေ့ရှိသည်။

အလှည့်ကျမီးပေးစနစ်များ ကျင့်သုံးရခြင်း

အယ်လ်နီညိုကာလအတွင်း ထုတ်လုပ်မှုနှင့် သုံးစွဲမှုမမျှတခြင်းကိုထိန်းညှိရန်အတွက် နိုင်ငံတကာ၌ လျှပ်စစ်ဌာနများအနေဖြင့် အချိန်ပိုင်းအလှည့်ကျ မီးပေးစနစ်များကို တိုးမြှင့်ကျင့်သုံးရလေ့ရှိသည်။ ဤဖြစ်စဉ်သည် ပွင့်လင်းရာသီနှင့် နွေရာသီများတွင် ပိုမိုဆိုးရွားတတ်ပြီး ပြည်သူများ၏ နေ့စဉ်လူမှုဘဝ၊ ကျန်းမာရေးနှင့် စီးပွားရေးလုပ်ငန်းများကို များစွာထိခိုက်စေသည်။

တို့ပြန်ဆောင်ရွက်နိုင်မည့်နည်းလမ်းများ

အယ်လ်နီညိုကြောင့်ဖြစ်သော လျှပ်စစ်ပြတ်တောက်မှုဒဏ်ကိုလျှော့ချနိုင်ရန် အောက်ပါအခြားရွေးချယ်စရာဓာတ်အားစနစ်များကို ကြိုတင်ပြင်ဆင်အသုံးပြုနိုင်သည်-

ဆိုလာစနစ်(Solar Energy) – အယ်လ်နီညို ကာလတွင် နေရောင်ခြည်ကောင်းစွာရရှိသဖြင့် အိမ်သုံးဆိုလာဒီဇိုင်းများ၊ အမိုးပေါ်ဆိုလာတပ်စနစ်များနှင့် ဆိုလာမီးအိမ်များကို အားကိုးအသုံးပြုခြင်း။

အရန်စွမ်းအင်သုံးစွဲခြင်း (Backup Power)– မီးပြတ်တောက်ချိန်တွင်အသုံးပြုနိုင်ရန် အင်ဗာတာများ၊ ဘက်ထရီများနှင့် မီးစက်များကို ကြိုတင်ပြင်ဆင်ထားခြင်း။

လျှပ်စစ်ချွေတာခြင်း – အပူချိန်မြင့်မားချိန်တွင် မလိုအပ်သောမီးလုံးများနှင့် လျှပ်စစ်ပစ္စည်းများကို ပိတ်ထားခြင်းဖြင့် စနစ်တစ်ခုလုံးအပေါ် ဝန်ပိမှုကို လျှော့ချခြင်း။

အပူချိန်မြင့်တက်လာမှုသမိုင်းကြောင်း

အမှန်တကယ်တော့ ကမ္ဘာပေါ်၌ အပူချိန် ၅၀ ဒီဂရီဆဲလ်စီးယပ်ကျော် အပူချိန်မြင့်တက်လာခြင်းမှတ်တမ်းများသည် လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀ ကျော်ကတည်းက စတင်ခဲ့သည်။ ထိုစဉ်က သဲကန္တာရလူသူမရှိသည့်နေရာတချို့၌သာ အပူချိန်မြင့်မားမှုများဖြစ်ခဲ့သော်လည်း ယခုအခါ အယ်လ်နီညိုကဲ့သို့သော ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် လူနေမြို့ပြများတွင်ပါ ၅၀ ဒီဂရီဆဲလ်စီယပ်ကျော် လွန်ခြင်းမျိုးများ ခပ်စိပ်စိပ်ဖြစ်ပေါ်လာနေသည်။

ကမ္ဘာ့သမိုင်းတွင် အငြင်းပွားဖွယ်မရှိဘဲ တရားဝင်အတည်ပြုနိုင်ခဲ့သည့် အမြင့်ဆုံးအပူချိန်သည် ၁၉၁၃ ခုနှစ် ဇူလိုင် ၁၀ ရက်၌ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် Death Valley (သေမင်းတောင်ကြား)တွင်ဖြစ်ပေါ်ခဲ့ပြီး အပူချိန် ၅၆ ဒသမ ၇ ဒီဂရီဆဲလ်စီယပ်ထိရှိခဲ့ကြောင်း ကမ္ဘာ့အစောဆုံးနှင့် အမြင့်ဆုံးအပူချိန်မှတ်တမ်းရှိခဲ့ဖူးသည်။ တိုင်းတာရေးကိရိယာများ ခေတ်မီလာသည်နှင့်အမျှ ၅၀ ဒီဂရီဆဲလ်စီယပ်ကျော်လွန်သည့်မှတ်တမ်းများကို ပိုမိုတွေ့ရှိလာခဲ့ရသည်။

အပူချိန် ၅၀ ဒီဂရီဆဲလ်စီယပ်ကျော်လာခြင်းသည် လူတစ်ဦးချင်းစီ၏ကျန်းမာရေးအတွက်တင်မကဘဲ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးနှင့် လည်ပတ်မှုစနစ်တစ်ခုလုံးကိုပါ ရပ်တန့်သွားစေနိုင်သည့် သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်လာသည်။ ထို့ကြောင့်လည်း ကမ္ဘာ့နိုင်ငံများက ကာဗွန်လျှော့ချနိုင်ရန်အတွက် သစ်ပင်များစိုက်ကြရန်တိုက်တွန်း၍ ကြိုးစားစိုက်ပျိုးနေကြခြင်းလည်းဖြစ်သည်။

အပူချိန်မြင့်တက်လာရသည့်အကြောင်းရင်းများ

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများ၌ အပူချိန်မြင့်တက်လာစေသည့် အဓိကအကြောင်းရင်းမှာ ဖန်လုံအိမ်ဓာတ်ငွေ့များ ဆက်တိုက်ထွက်ရှိနေခြင်းဖြစ်ပြီး မီးရထား၊ ကား၊ စက်ရုံ များနှင့် လျှပ်စစ်ထုတ်လုပ်မှုများမှထွက်ရှိလာသည့် ကာဗွန်ဒိုင်အောက်ဆိုက်များသည် ကမ္ဘာ့လေထုထဲမှအပူကို ပိတ်လှောင်ထားခြင်းကြောင့်ဖြစ်သည်။ အကယ်၍ ကမ္ဘာ့နိုင်ငံများက ကာဗွန်ထုတ်လွှတ်မှုကို ယခုထက်ပိုမိုမလျှော့ချနိုင်ခဲ့လျှင် ၂၀၅၀ ပြည့်နှစ်မတိုင်မီတွင် အပူချိန် ၅၀ ဒီဂရီဆဲလ်စီယပ်ကျော်သည့် မြို့အရေအတွက်မှာ သိသိသာသာတိုးပွားလာမည်သာဖြစ်သည်။ အယ်လ်နီညိုကဲ့သို့သော ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များသည်လည်း မကြာခဏဖြစ်ပွားလာမည်ဖြစ်သည်။

လက်ရှိ ကမ္ဘာ့အပူချိန်သည် စက်မှုတော်လှန်ရေးခေတ်မတိုင်မီကထက် ၁ ဒသမ ၂ ဒီဂရီဆဲလ်စီယပ်ခန့်ထိ မြင့်တက်လာသည်။ အကယ်၍ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီယပ်သာ ကျော်လွန်သွားခဲ့မည်ဆိုလျှင် ကမ္ဘာ့နေရာတော်တော်များများ၌ ၅၀ ဒီဂရီဆဲလ်စီယပ်ကျော်လွန်သည့်အပူလှိုင်းများကို ပုံမှန်လိုမျိုးကြုံတွေ့လာကြရတော့မည်ဖြစ်သည်။ မြန်မာနိုင်ငံချောက်မြို့သည် ၂၀၂၄ ခုနှစ်၌ ၄၈ ဒသမ ၂ ဒီဂရီဆဲလ်စီယပ်သို့ရောက်ရှိခဲ့ပြီးဖြစ်သည့်အတွက် ၁ ဒသမ ၈ ဒီဂရီဆဲလ်စီယပ်လောက် ထပ်တက်ရုံနှင့် ၅၀ ဒီဂရီဆဲလ်စီယပ်ကိုရောက်ရန် အခွင့်အလမ်းသည်လာမည့် ခုနစ်နှစ်မှ ၁၄ နှစ်အတွင်းရှိနေသည်။ အပူချိန် ၅၀ ဒီဂရီဆဲလ်စီယပ်ဝန်းကျင်၌ ရှင်သန်ရသည့် လူနေမှုစနစ်သည် လက်ရှိ ဖြတ်သန်းနေရသည့်ပုံစံနှင့် လုံးဝကွဲပြားသွားပါလိမ့်မည်။ အပူဒဏ်ကို အန်တုနိုင်ရန်အတွက် အလုပ်ချိန်နှင့် လူမှုဘဝအချိန်ဇယားများကိုပါ ပြောင်းလဲလာကြရတော့မည်ဖြစ်သည်။

အပူချိန်မြင့်တက်လာမှုနှင့်အတူ လျှပ်စစ်ဆိုင်ရာပြဿနာများနှင့် ဖြေရှင်းရန်နည်းလမ်းများ

နေ့လယ်ဘက်အပူဆုံးအချိန်များတွင် အပြင်ထွက်ရန်မဖြစ်နိုင်တော့သည့်အတွက် မြို့ပြ၏ လည်ပတ်မှုစနစ်များ ညဘက်သို့ ပြောင်းလဲခြင်း၊ စျေးဝယ်စင်တာများ၊ ရုံးများနှင့် အလုပ်ရုံများသည် ညနေစောင်းမှ နံနက်အစောပိုင်းကို ပြောင်းလဲခြင်း၊ အပူရှိန်ပြင်းလွန်းသောကြောင့် အိမ်တိုင်းတွင် ဆိုလာစနစ်များတပ်ဆင်ကာ လျှပ်စစ်ပစ္စည်းများ အသုံးပြုခြင်းနှင့် အဲကွန်းအသုံးပြုရန်အတွက် လျှပ်စစ်ဓာတ်အားကိုယ်တိုင်ထုတ်ယူသည့်စနစ်ကို မဖြစ်မနေအသုံးပြုခြင်းများ ဆောင်ရွက်နိုင်သည်။

အပူချိန်မြင့်တက်လာ၍ သစ်ပင်များခြောက်သွေ့သည့်အခါ အဆိုပါသစ်ပင်များတွင် သိုလှောင်ထားသည့်ကာဗွန်ဒိုင်အောက်ဆိုက်များသည် လေထုထဲကို ပြန်ရောက်သွားမည်။ ထိုအခါ လေထုထဲတွင် ကာဗွန်များပိုများလာသည့်အတွက် ကမ္ဘာကြီးကို ပိုမိုပူနွေးလာစေသည်။ လက်ရှိသုံးစွဲနေသည့် နည်းပညာအများစုသည် အပူချိန် ၅၀ ဒီဂရီဆဲလ်စီယပ်တွင် ပုံမှန်အတိုင်းအလုပ်လုပ်ရန်ခက်ခဲလာသည်။ ကွန်ပျူတာဆာဗာများ၊ ဖုန်းဘက်ထရီများနှင့် စက်ရုံသုံးစက်ကြီးများသည် အပူချိန် ၄၀-၄၅ ဒီဂရီဆဲလ်စီယပ်ကျော်လျှင် အလိုအလျောက်ပိတ်သွားခြင်းများသို့မဟုတ် ပေါက်ကွဲပျက်စီးခြင်းများဖြစ်နိုင်သည်။ အအေးခံအဆောက်အအုံအတွက် စရိတ်များပိုမိုကုန်ကျလာနိုင်သည်။

ဆက်လက်ဖော်ပြပါမည်။

❖ အပူချိန်မြင့်တက်လာ၍ သစ်ပင်များခြောက်သွေ့သည့်အခါ အဆိုပါသစ်ပင်များတွင် သိုလှောင်ထားသည့်ကာဗွန်ဒိုင်အောက်ဆိုက်များသည် လေထုထဲကို ပြန်ရောက်သွားမည်။ ထိုအခါ လေထုထဲတွင် ကာဗွန်များပိုများလာသည့်အတွက် ကမ္ဘာကြီးကို ပိုမိုပူနွေးလာစေသည်။ လက်ရှိသုံးစွဲနေသည့် နည်းပညာအများစုသည် အပူချိန် ၅၀ ဒီဂရီဆဲလ်စီယပ်တွင် ပုံမှန်အတိုင်းအလုပ်လုပ်ရန်ခက်ခဲလာသည်။ ကွန်ပျူတာဆာဗာများ၊ ဖုန်းဘက်ထရီများနှင့် စက်ရုံသုံးစက်ကြီးများသည် အပူချိန် ၄၀-၄၅ ဒီဂရီဆဲလ်စီယပ်ကျော်လျှင် အလိုအလျောက်ပိတ်သွားခြင်းများသို့မဟုတ် ပေါက်ကွဲပျက်စီးခြင်းများဖြစ်နိုင်သည်။ ❖

ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

တောင်ကိုရီးယားနိုင်ငံ ဂျယ်ဂျူကျွန်းတွင် ချမ်ပီမုန်တိုင်းတိုက်ခတ်နေသဖြင့် လေပြင်းတိုက်ခတ်မှုနှင့်လှိုင်းကြီးမှုများ သတိပြုရန်လို



ဆိုးလ် အောက်တိုဘာ ၂၇

တောင်ကိုရီးယားနိုင်ငံ ဂျယ်ဂျူကျွန်းတွင် ချမ်ပီမုန်တိုင်း တိုက်ခတ်နေသဖြင့် လေပြင်းတိုက်ခတ်မှုနှင့် လှိုင်းကြီးမှုများ ဆက်လက်သတိပြုရန် လိုအပ်ကြောင်း ဂျယ်ဂျူကျွန်းအာဏာပိုင်များက ယနေ့တွင် သတိပေးထုတ်ပြန်ထားသည်။

မုန်တိုင်းကြောင့် ဂျယ်ဂျူကျွန်းရှိ ဟန်လာတောင် ဆမ်ဂတ် ဘုံတောင်ထိပ်တွင် မိုးရေချိန် ၃၄၀ မီလီမီတာကျော် ရွာသွန်းခဲ့ကြောင်း၊ အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှု လျော့ကျလာသဖြင့် မိုးသည်းထန်မှုဆိုင်ရာ သတိပေးချက်များကို ရုပ်သိမ်းခဲ့သော်လည်း လေပြင်းသတိပေးချက်များ ဆက်လက်ထုတ်ပြန်ထားကြောင်း၊ ထို့ပြင် ပင်လယ်ပြင်တွင် လှိုင်းအမြင့် ငါးမီတာကျော်ထိ ဖြစ်ပေါ်နိုင်သဖြင့် ရေကြောင်းခရီးသွားလာသူများအနေဖြင့် သင်္ဘောနှင့် ကူးတို့ယာဉ်ပြေးဆွဲမှု အခြေအနေများကို ကြိုတင်စစ်ဆေးရန် တာဝန်ရှိသူများက သတိပေးထားကြောင်း သိရသည်။

မုန်တိုင်းကြောင့် အောက်တိုဘာ ၂၅ ရက်နှင့် အောက်တိုဘာ ၂၆ ရက် နှစ်ရက်အတွင်း လေကြောင်းခရီးစဉ် ၃၃ ခု ဖျက်သိမ်းခဲ့ရပြီး ဟန်လာတောင်ရှိ တောင်တက်လမ်းကြောင်းများ အပါအဝင် အန္တရာယ်ရှိနိုင်သော နေရာ ၃၅ ခု သို့ဝင်ရောက်ခွင့်ကိုလည်း ကန့်သတ်ခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

ရေဆိုးများ ပြန်လည်သန့်စင်အသုံးပြုနိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုမြှင့်တင်ရေးကို North Kabd စက်ရုံက ဆောင်ရွက်မည်

ကူဝိတ် အောက်တိုဘာ ၂၇

ကူဝိတ်နိုင်ငံ၏ North Kabd စက်ရုံသည် ကူဝိတ်နိုင်ငံအတွင်း ရေဆိုးများကို ပြန်လည်သန့်စင်အသုံးပြုနိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုကို မြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

North Kabd စက်ရုံအာဏာပိုင်အဖွဲ့အစည်းအနေဖြင့် ကူဝိတ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီးနောက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ရေဆိုးရေညစ်များကို ပြန်လည်သန့်စင် အသုံးပြုနိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲမှုကို မြှင့်တင်ပေးနိုင်ရေးအတွက် အစိုးရထံမှ ခွင့်ပြုချက်ရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

"ကူဝိတ်နိုင်ငံအတွင်း သောက်သုံးရေလုံလောက်ဖို့နဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းတွေ ရေရှည်တည်တံ့ခိုင်မြဖို့ အတွက် ကျွန်တော်တို့ စက်ရုံအနေနဲ့ တာဝန်ယူဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ အစိုးရဆီကနေလဲ ခွင့်ပြုချက်ရပြီးပြီဖြစ်တဲ့အတွက် စီမံချက်တွေကို စတင်ဖို့ ဖွင့်ပွဲအခမ်းအနားတစ်ရပ် ပြုလုပ်ခဲ့ပါတယ်။ အချိန်တိုအတွင်း ရည်မှန်းချက်တွေကို ပြီးမြောက်အောင် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ အစိုးရအဖွဲ့က အကြီးပိုင်းတာဝန်ရှိသူတွေလဲ ပူးပေါင်းပါဝင်ပေးမှာဖြစ်တဲ့အတွက် ဒီစီမံချက်က မျှော်လင့်ထားတဲ့ အချိန်ထက် ပိုမိုမြန်ဆန်စွာ ပြီးမြောက်မှာပါ" ဟု North Kabd စက်ရုံမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

အိန္ဒိယနိုင်ငံတွင် အာနပ်ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ပြီးနောက် ရေကြီးရေလျှံမှုဖြစ်ပေါ်ကာ လူထောင်ပေါင်းများစွာ ဘေးလွတ်ရာရွှေ့ပြောင်းနေရ

နယူးဒေလီ အောက်တိုဘာ ၂၇

အိန္ဒိယနိုင်ငံ အရှေ့ဘက်ကမ်းခြေတွင် အာနပ်ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် ရေကြီးရေလျှံမှုဖြစ်ပေါ်ကာ ဒေသခံထောင်ပေါင်းများစွာ ဘေးလွတ်ရာ ရွှေ့ပြောင်းနေရကြောင်း အိန္ဒိယအရေးပေါ် စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မုန်တိုင်းကြောင့် လေတိုက်နှုန်းလည်းမြင့်မားနေပြီး တစ်နာရီ ၈၇ မိုင်နှုန်းဖြင့် တိုက်ခတ်နေကြောင်း၊ အာနပ်ဆိုင်ကလုန်းမုန်တိုင်းသည် ဘင်္ဂလားပင်လယ်အော်မှ စတင်တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး မုန်တိုင်းကြောင့် အရှေ့ဘက် ကမ်းခြေဒေသများနှင့် အလယ်ပိုင်းဒေသများတွင် ဆိုးရွားသည့် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရနိုင်ကြောင်း အိန္ဒိယမိုးလေဝသညွှန်ကြားရေး ဦးစီးဌာန(IMD) က ထုတ်ပြန်ခဲ့သည်။

မုန်တိုင်းသည် အနှံ့ရာပရာ



ဒွေ့ရှ်ပြည်နယ်မြောက်ဘက်ပိုင်းသို့ ဦးတည်တိုက်ခတ်နေပြီး ဘေးလွတ်ရာ ရွှေ့ပြောင်းနေရသူမှာ ခန့်မှန်း ၅၄၀၀၀၀ ကျော်ထိရှိနေပြီး ဘေးလွတ်ရာ ရွှေ့ပြောင်းရသည့် လူဦးရေ ဆက်လက်မြင့်တက်လာနိုင်ကြောင်း အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"အာနပ်ဆိုင်ကလုန်းမုန်တိုင်းဟာ အရှေ့ဘက်ကမ်းခြေဒေသတွေနဲ့ အလယ်ပိုင်းဒေသတွေကို ဖြတ်သန်း တိုက်ခတ်ခဲ့ပါတယ်။ မုန်တိုင်းကြောင့် လေတိုက်နှုန်းတွေလဲ မြင့်တက်နေတယ်။ လေတိုက်နှုန်းဟာ တစ်နာရီ ၈၇ မိုင်နှုန်းထိ မြင့်တက်နေပါတယ်။ မုန်တိုင်းကြောင့် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူ ၅၄၀၀၀၀ ဦးထက်မနည်းရှိခဲ့ပါတယ်"ဟု အိန္ဒိယအရေးပေါ်စီမံခန့်ခွဲရေး အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

တရုတ်နိုင်ငံ ဟလုံကျန်းပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေ ၁၁၆၂၆ ဟက်တာ ပျက်စီးခဲ့

ပေကျင်း အောက်တိုဘာ ၂၇

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း ဟလုံကျန်းပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုကြောင့် အောက်တိုဘာ ၂၆ ရက်ထိ သစ်တောမြေ ၁၁၆၂၆ ဟက်တာခန့် မီးလောင်ပျက်စီးခဲ့ကြောင်း ကမ္ဘာလုံးဆိုင်ရာ သဘာဝဘေးအန္တရာယ် သတိပေးစနစ် (GDACS) ၏ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ မီးလောင်မှုသည် ဟလုံကျန်းပြည်နယ် အတွင်းရှိ လူနေဒေသများအနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မီးလောင်ကျွမ်းရာ ဧရိယာအနီးဝန်းကျင်တွင် လူဦးရေ ၁၀၇၈၇ ဦးခန့် နေထိုင်လျက်ရှိကြောင်း၊ ထို့ကြောင့် အာဏာပိုင်များက ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားထားကြောင်း၊ ထို့ပြင် လူနေရပ်ကွက်များဆီသို့ တောမီးကူးစက်မလောင်ကျွမ်းစေရေး မီးသတ်တပ်ဖွဲ့ အင်အားအမြောက်အမြားနှင့် မီးသတ်ယာဉ်များ အသုံးပြု ငြိမ်းသတ်နေကြောင်း သိရသည်။

တောမီးလောင်မှုကြောင့် သစ်တော၏ သဘာဝပတ်ဝန်းကျင်နှင့် တောရိုင်းတိရစ္ဆာန်များ၏ နေထိုင်ကျက်စားရာနေရာများ ထိခိုက်ပျက်စီးခဲ့ရသော်လည်း လူသေဆုံးမှု၊ ထိခိုက်ဒဏ်ရာရမှု၊ နေအိမ်နှင့် အခြေခံအဆောက်အအုံပျက်စီးမှု မရှိသေးကြောင်း အာဏာပိုင်များက အတည်ပြုပြောကြားခဲ့သည်။

Ref : Sputnik News
Trs : KZ

အပူပိုင်းသစ်တောကြိုးဝိုင်းများကို ကာကွယ်ရန်အတွက် နယ်သာလန်အစိုးရက ကန်ဒေါ်လာ သန်း ၅၀၀ ထိ ခွင့်ပြု

အမ်စတာဒမ် အောက်တိုဘာ ၂၇

နယ်သာလန်နိုင်ငံတွင် အပူပိုင်းသစ်တောကြိုးဝိုင်းများ ရာသီဥတုဖောက်ပြန်မှုကြောင့် ပျက်စီးမှုများရှိလာခဲ့သည့်အတွက် အပူပိုင်း သစ်တောကြိုးဝိုင်းများကို ကာကွယ်ရန် နယ်သာလန်အစိုးရက ဘတ်ဂျက်ငွေအဖြစ် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ထိ ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံချက်အတွက် အရေးကြီးဆုံးမှာ သစ်တောကြိုးဝိုင်းများကို ထိန်းသိမ်းစောင့်ရှောက်ရေး ဖြစ်ပြီး အစိုးရက ငွေကြေးရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ နယ်သာလန်နိုင်ငံအတွင်း ရာသီဥတုဖောက်ပြန်မှုလျော့ချရေးအတွက် သစ်တောကြိုးဝိုင်းများက အဓိကကျသည့် အစိတ်အပိုင်းများဖြစ်၍ အခြားသော စီမံချက်များထက် သစ်တောကြိုးဝိုင်းများ ထိန်းသိမ်းစောင့်ရှောက်ရေးစီမံချက်ကို ဦးစားပေးသွားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ အပူပိုင်းသစ်တောကြိုးဝိုင်းများကို ထာဝရထိန်းသိမ်းစောင့်ရှောက်ရေး ယန္တရားအတွက် အစိုးရအနေဖြင့် နှစ်စဉ်ငွေကြေးသုံးစွဲမှုများ ပြုလုပ်မည်ဖြစ်ကြောင်း အတည်ပြုထုတ်ပြန်ခဲ့သည်။

"နယ်သာလန်နိုင်ငံအတွင်း ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးကို ထိရောက်စွာ ဆောင်ရွက်သွားဖို့စီစဉ်နေပါတယ်။ သစ်တောကြိုးဝိုင်းတွေကို ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့အတွက် အပူပိုင်းသစ်တောကြိုးဝိုင်းများကို ထာဝရထိန်းသိမ်းစောင့်ရှောက်ရေးယန္တရားအတွက် အမေရိကန်ဒေါ်လာသန်း ၅၀၀ ထိ ရင်းနှီးမြှုပ်သွားမှာဖြစ်ပါတယ်" ဟု နယ်သာလန်အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat



ကမ္ဘာ့မြေပုံပြောင်းလဲလာခြင်းနှင့် ကမ္ဘာ့အစီအစဉ်သစ်အတွက် အရေးပါမှု

မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)



အောက်တိုဘာ ၂၀ ရက်မှအဆက်

ထို့ကြောင့် ပြောင်းလဲနေသော ကမ္ဘာ့မြေပုံဆိုသည်မှာ မြေပုံရေးဆွဲမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတစ်ခုထက် ပိုမိုနက်ရှိုင်းသည့် အဓိပ္ပာယ်သက်ရောက်မှုရှိသည်။ ၎င်းသည် ကမ္ဘာ့အမြင်သဘောထားများတွင် ဖြစ်ပေါ်နေသော ပိုမိုနက်ရှိုင်းသည့် အသွင်ကူးပြောင်းမှုကို ထင်ဟပ်စေသည်။

ထို့ပြင် တရုတ်၊ အိန္ဒိယ၊ အရှေ့တောင်အာရှ၊ အာဖရိကနှင့် အခြားသော ပေါ်ထွန်းစဒေသများ၏ အင်အားကြီးထွားလာမှုသည် ကမ္ဘာ့ရေးရာကိစ္စရပ်များကို အနောက်တိုင်း ပထဝီရှုထောင့်မှသာ အဓိကထား နားလည်သဘောပေါက်နိုင်သည် ဟူသော အယူအဆကို စိန်ခေါ်လျက်ရှိသည်။ စီးပွားရေးတိုးတက်မှု၊ လူဦးရေဆိုင်ရာ အပြောင်းအလဲများ၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှု၊ စွမ်းအင်အရင်းအမြစ်များနှင့် ကုန်သွယ်ရေးလမ်းကြောင်းသစ်များက ကမ္ဘာ့မဟာဗျူဟာမြောက်မြေပုံကို ပုံစံသစ်ဖော်ဆောင်လျက်ရှိသည်။

ဤရှုထောင့်မှကြည့်လျှင် မြေပုံကို ပြောင်းလဲလိုက်ရုံဖြင့် ကမ္ဘာကြီးကို ပြောင်းလဲသွားစေမည် မဟုတ်သော်လည်း လူတို့ ကမ္ဘာကြီးကိုနားလည်သဘောပေါက်ပုံကိုမူ ပြောင်းလဲသွားစေနိုင်သည်။

ပညာရေးနှင့် မျိုးဆက်သစ်များ

ကမ္ဘာ့မြေပုံ၏အရေးအပါဆုံးသော သက်ရောက်မှုမှာ ပညာရေးဆိုင်ရာကဏ္ဍတွင် ဖြစ်နိုင်သည်။ ကလေးများသည် နိုင်ငံတကာ နိုင်ငံရေး သို့မဟုတ် စီးပွားရေးအကြောင်းကို နားမလည်မီကတည်းက မြေပုံများမှတစ်ဆင့် ကမ္ဘာကြီးနှင့် ထိတွေ့လေ့ရှိကြသည်။ ၎င်းတို့ မြင်တွေ့ရသည့် မြေပုံပုံရိပ်များသည် တိုက်ကြီးများ၊ နိုင်ငံများနှင့် ကမ္ဘာလုံးဆိုင်ရာ ဆက်နွယ်မှုများအပေါ် ၎င်းတို့၏ နားလည်သဘောပေါက်မှုကို လွှမ်းမိုးနိုင်စွမ်းရှိသည်။

မျှတမှုပိုမိုရှိသော မြေပုံတစ်ခုသည် ကျောင်းသားများကို ပထဝီဆိုင်ရာ အချက်အလက်များကို ပိုမိုတိကျမှန်ကန်စွာ နားလည်သဘောပေါက်လာစေရန် ကူညီပေးနိုင်သည်။ ထို့ပြင် အာဖရိက၊ အာရှ၊ လက်တင်အမေရိကနှင့် အခြားဒေသများကို ကမ္ဘာ့စနစ်၏ အဓိကကျသော အစိတ်အပိုင်းများအဖြစ် ရှုမြင်လာစေရန်လည်း အားပေးကူညီနိုင်မည်ဖြစ်ပြီး ၎င်းတို့ကို အရေးပါမှုနည်းပါးသော ဘေးဖယ်ထားသည့် ဒေသများအဖြစ်သာ သတ်မှတ်မြင်တွေ့ခြင်းမျိုး မဖြစ်စေတော့ချေ။

စင်စစ်ဖွံ့ဖြိုးဆဲနိုင်ငံများအတွက်မူ ဤအချက်သည် အလွန်အရေးကြီးသည်။ ပညာရေးဆိုသည်မှာ အချက်အလက်များကို လေ့လာမှတ်သားရုံ သက်သက်မဟုတ်ဘဲ ကမ္ဘာကြီးထဲတွင် မိမိတို့၏နေရာကို လက်တွေ့ကျကျ နားလည်သဘောပေါက်လာစေရန် ပြုလုပ်ပေးခြင်းလည်းဖြစ်သည်။

ထို့ကြောင့် ခေတ်မီသော ပထဝီဝင်သင်ရိုးညွှန်းတမ်းတစ်ခုအနေဖြင့် မြေပုံများသည် လက်တွေ့ကမ္ဘာ၏ အတိအကျတူညီသော ပုံတူများမဟုတ်ဘဲ လက်တွေ့အခြေအနေကို ကိုယ်စားပြုဖော်ပြထားသည့် ပုံရိပ်များသာဖြစ်ကြောင်း ကျောင်းသားများကို သင်ကြားပေးသင့်သည်။ မြေပုံပုံစံအမျိုးမျိုး (Projections) အဘယ်ကြောင့် ရှိနေရသလဲဆိုသည့် အချက်နှင့် လမ်းကြောင်းရှာဖွေသွားလာမှုအတွက် ရည်ရွယ်ရေးဆွဲထားသော မြေပုံတစ်ခုသည် တိုက်ကြီးများ၏ ဧရိယာပမာဏကို နှိုင်းယှဉ်ကြည့်ရှုရန်အတွက် အကောင်းဆုံးမြေပုံ မဖြစ်နိုင်ရသည့် အကြောင်းရင်းများကိုလည်း သိရှိနားလည်သင့်သည်။

ဝင်ရိုးစုံ (Multipolar) ဖြစ်လာသော ကမ္ဘာကြီး၏ သင်္ကေတတစ်ခု

ကမ္ဘာ့မြေပုံများနှင့် ပတ်သက်သည့် ဆွေးနွေးငြင်းခုံမှုများသည် ပိုမိုကျယ်ပြန့်သော သံတမန်ရေးရာသတင်းစကားတစ်ခုကိုလည်း သယ်ဆောင်ထားသည်။ ကုလသမဂ္ဂတွင် အများစု၏ ထောက်ခံမဲရရှိခဲ့ခြင်းက နိုင်ငံတကာကိုယ်စားပြုမှုတွင် ပထဝီဆိုင်ရာ မျှတမှု ပိုမိုရှိစေရေးကို နိုင်ငံအများအပြားက ထောက်ခံကြောင်း ပြသနေသည်။ ဤဖြစ်ရပ်သည် ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်းများကို ပြုပြင်ပြောင်းလဲရေး၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၏အသံကို ပိုမိုအားကောင်းလာစေရေးနှင့် အားလုံးပါဝင်နိုင်သော နိုင်ငံတကာစနစ်တစ်ခုကို ဖန်တီးရေးတို့နှင့်ပတ်သက်သည့် ပိုမိုကျယ်ပြန့်သော ဆွေးနွေးမှုများ ဖြစ်ပေါ်နေချိန်တွင် ပေါ်ပေါက်လာခြင်းဖြစ်သည်။

သို့သော်လည်း မြေပုံနှင့်ပတ်သက်သည့် ဤဆွေးနွေးငြင်းခုံမှုကို အလွန်အမင်း အလေးပေးလွန်ကဲစွာ မမြင်သင့်ပေ။ မြေပုံပုံစံကို ပြောင်းလဲလိုက်ရုံဖြင့် ဆင်းရဲမှု၊ မညီမျှမှု၊ ဖွံ့ဖြိုးမှုနောက်ကျခြင်း သို့မဟုတ် ပထဝီနိုင်ငံရေးဆိုင်ရာ ပဋိပက္ခများကို အလို အလျောက် ဖြေရှင်းပေးနိုင်မည် မဟုတ်ပေ။ စီးပွားရေး သို့မဟုတ် စစ်ရေးဆိုင်ရာအင်အားကို ပြန်လည်ခွဲဝေပေးနိုင်မည်လည်း မဟုတ်ချေ။

သို့သော် နိုင်ငံတကာရေးရာကိစ္စရပ်များတွင် သင်္ကေတများသည် အရေးပါသည်။ စာသင်ခန်း၊ အစိုးရရုံး၊ သတင်းစာ သို့မဟုတ် ဒစ်ဂျစ်တယ် ပလက်ဖောင်းတစ်ခုခုတွင် ပြသထားသည့် မြေပုံတစ်ခုသည် ကမ္ဘာကြီးနှင့်ပတ်သက်သော ပုံရိပ်တစ်ခုကို ဖော်ပြနေသည်။ အကယ်၍ ထိုပုံရိပ်က ဒေသတချို့ကို အလွန်အမင်းကြီးမားစွာပြသပြီး အခြားဒေသများကိုမူ သေးငယ်စွာပြသခြင်းမျိုးကို ထပ်တလဲလဲ ပြုလုပ်နေပါက ခေတ်နောက်ကျနေသော အမြင်များကို ပိုမိုခိုင်မာစေနိုင်သည်။ ထို့ကြောင့် မျှတသော ပုံဖော်ပြသမှုသည် ကမ္ဘာကြီးနှင့်ပတ်သက်၍ ပိုမိုမျှတသောရှုမြင်သုံးသပ်ချက်များ ဖြစ်ပေါ်လာစေရန် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

နိဂုံးသုံးသပ်ချက်

ကမ္ဘာ့မြေပုံ ပြောင်းလဲလာခြင်းသည် အနှစ်သာရအားဖြင့် ပထဝီ၊ ရှုမြင်ပုံအမြင်၊ အာဏာတို့နှင့် သက်ဆိုင်သည့် ကိစ္စရပ်တစ်ခုဖြစ်သည်။ ကုလသမဂ္ဂ၏ ၂၀၂၆ ခုနှစ် ဆုံးဖြတ်ချက်နှင့် ပြင်သစ်နိုင်ငံ၏ မြေပုံ ပုံစံ (Projection) အသစ်တစ်ခုကို အသုံးပြုရန် ဆုံးဖြတ်ချက်တို့က မြေပုံရေးဆွဲခြင်းလုပ်ငန်းစဉ်သည် ကိုယ်စားပြုဖော်ပြမှုနှင့် ကမ္ဘာ့အစီအစဉ်သစ်ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုတို့နှင့် ပတ်သက်သည့် နိုင်ငံတကာအဆင့် ဆွေးနွေးမှုကြီး၏ အစိတ်အပိုင်းတစ်ခုဖြစ်လာပြီဖြစ်ကြောင်း ပြသနေသည်။ ဤလှုပ်ရှားမှုသည် ရှိရင်းစွဲမြေပုံအားလုံးကို မြေပုံတစ်ခုတည်းဖြင့် အစားထိုးရမည်ဟု ဆိုလိုခြင်း မဟုတ်ပေ။ ၎င်းအစား အစိုးရများ၊ ပညာပေးသူများ၊ မီဒီယာအဖွဲ့အစည်းများနှင့် နည်းပညာကုမ္ပဏီများ အနေဖြင့် မိမိတို့၏ ရည်ရွယ်ချက်အလိုက် သင့်လျော်မည့် ပထဝီဆိုင်ရာ ဖော်ပြပုံစံများကို ရွေးချယ် အသုံးပြုရန်နှင့် မြေပုံပုံစံတိုင်းတွင် မလွဲမသွေ ပါဝင်နေတတ်သည့် ပုံရိပ်ယောင်လွဲမှားမှုများ (Distortions) ကို အသိအမှတ်ပြုနားလည်စေရန် တိုက်တွန်းအားပေးလျက်ရှိသည်။

အာဖရိကတိုက်နှင့် ကမ္ဘာ့တောင်ခြမ်း (Global South) ဒေသများအတွက်မူ ဤတိုးတက်ပြောင်းလဲမှုသည် ထူးခြားသော သင်္ကေတဆိုင်ရာ အရေးပါမှုတစ်ရပ်ကို ဆောင်ကြဉ်းပေးသည်။ ၎င်းတို့၏ လူဦးရေ၊ စီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ အရေးပါမှုများ တိုးတက်လာသည်နှင့်အမျှ ၎င်းတို့၏ ပထဝီဆိုင်ရာ အတိုင်းအတာပမာဏကို ပိုမိုတိကျမှန်ကန်စွာဖော်ပြနိုင်ခြင်းက ကမ္ဘာ့အမြင်သဘောထားများ ပိုမိုကျယ်ပြန့်စွာ ပြောင်းလဲလာစေရေးကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

၂၁ ရာစုသည် အချင်းချင်း ပိုမိုချိတ်ဆက်မှုရှိပြီး ဝင်ရိုးစုံ (Multipolar) ကမ္ဘာကြီးသို့ ဦးတည်လာသည်။ ထို့ကြောင့် နယ်နိမိတ်များနှင့် ရှေးရိုးအမြင်များကိုကျော်လွှန်၍ ကမ္ဘာ့မြေပုံအသစ်သည် ကမ္ဘာ့အခြေအနေသစ်တစ်ခု၏ သင်္ကေတဖြစ်လာနိုင်သည်။ ထိုအခြေအနေသစ်တွင် ပထဝီအနေအထားကို ပိုမိုတိကျမှန်ကန်စွာ ဖော်ပြနိုင်ပြီး ကမ္ဘာ့မြေပုံ၏ အရေးပါမှုကိုလည်း ပိုမိုကျယ်ပြန့်စွာ နားလည်သဘောပေါက်လာနိုင်မည်ဖြစ်ကြောင်း ရေးသား လိုက်ရပါသည်။

❖ နိုင်ငံတကာရေးရာကိစ္စရပ်များတွင် သင်္ကေတများသည် အရေးပါသည်။ စာသင်ခန်း၊ အစိုးရရုံး၊ သတင်းစာ သို့မဟုတ် ဒစ်ဂျစ်တယ် ပလက်ဖောင်းတစ်ခုခုတွင် ပြသထားသည့် မြေပုံတစ်ခုသည် ကမ္ဘာကြီးနှင့်ပတ်သက်သော ပုံရိပ်တစ်ခုကို ဖော်ပြနေသည်။ အကယ်၍ ထိုပုံရိပ်က ဒေသတချို့ကို အလွန်အမင်းကြီးမားစွာပြသပြီး အခြားဒေသများကိုမူ သေးငယ်စွာပြသခြင်းမျိုးကို ထပ်တလဲလဲ ပြုလုပ်နေပါက ခေတ်နောက်ကျနေသော အမြင်များကို ပိုမိုခိုင်မာစေနိုင်သည်။ ထို့ကြောင့် မျှတသော ပုံဖော်ပြသမှုသည် ကမ္ဘာကြီးနှင့်ပတ်သက်၍ ပိုမိုမျှတသောရှုမြင်သုံးသပ်ချက်များ ဖြစ်ပေါ်လာစေရန် အထောက်အကူပြုနိုင်မည်ဖြစ်သည်။ ❖

ကိုးကား

1. Reuters. (2026, September 4). UN approves resolution in support of map that shows Africa's true size. Reuters.
2. Le Monde. (2026, September 4). France adopts fairer world map ahead of UN vote on more balanced geography. Le Monde.

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ခ) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(င) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်ထားသူများလည်း လျှောက်ထားနိုင်သည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာ တပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (**www.myawady.net.mm/nurse(male)**)တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၄-၁၀-၂၀၂၆ ရက်နေ့မှစ၍ ၃၀-၁၁-၂၀၂၆ ရက်နေ့အတွင်း နီးစပ်ရာ တပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျဉ်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်း ရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်ဆေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၉-၁၂-၂၀၂၆ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady.net.mm/nurse(male))တွင် ဝင်ရောက်လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်ဆေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၆-၁၂-၂၀၂၆ ရက်နေ့မှ ၂၃-၁၂-၂၀၂၆ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဓာတ်ခွဲခန်းနည်းပညာ) B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ခန္ဓာသန်စွမ်းမှုနည်းပညာ) B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) B.Med.Tech(Medical Imaging Technology)

(စ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာ) B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့(Master of Science) နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ) (ဒုတိယတန်း)အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသူအမျိုးသမီးများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(င) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်ထားသူများလည်း လျှောက်ထားနိုင်သည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာ တပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (**www.myawady.net.mm/nurse(female)**)တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၄-၁၀-၂၀၂၆ ရက်နေ့မှစ၍ ၃၀-၁၁-၂၀၂၆ ရက်နေ့အတွင်း နီးစပ်ရာ တပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျဉ်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်း ရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၉-၁၂-၂၀၂၆ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady.net.mm/nurse(female))တွင် ဝင်ရောက်လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၆-၁၂-၂၀၂၆ ရက်နေ့မှ ၂၃-၁၂-၂၀၂၆ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဓာတ်ခွဲခန်းနည်းပညာ) B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ခန္ဓာသန်စွမ်းမှုနည်းပညာ) B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) B.Med.Tech(Medical Imaging Technology)

(စ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာ) B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့(Master of Science) နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ) (ဒုတိယတန်း)အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။



စစ်ကိုင်းတောင်ရိုး(ဝါးချက်) ဇီဝိတဒါနသံဃာ့ဆေးရုံ ခွဲစိတ်ကုသရေးအထူးအစီအစဉ်(၁/၂၀၂၆)

စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုး(ဝါးချက်) ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ရန်ကုန်မြို့မှ ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခဦးဝင်းမြင့်အဖွဲ့နှင့် ဆေးရုံဝန်ထမ်းများပူးပေါင်း၍ ၂၀၂၆ ခုနှစ် ဒီဇင်ဘာလ (၂)ရက်နေ့မှ (၅)ရက်နေ့အထိ အောက်ဖော်ပြပါရောဂါများကို စစ်သပ်၊ စစ်ဆေး၊ ခွဲစိတ် ကုသပေးပါမည်။

၁။ သည်းခြေအိတ်ကျောက်တည်ခြင်းရောဂါ(Gall Stone)
(ဝမ်းဗိုက်တွင်းခွဲစိတ်မှုနည်းပြောင်းစက် Laparoscope ဖြင့် ကုသပေးပါမည်။)
၂။ အူကျရောဂါ(Hernia)
၃။ လည်ပင်ကြီးရောဂါ(Goitre)
၄။ မုတ္တာရောဂါ(Hydrocele)
၅။ ဂရင်ဂျီနာ(F.I.A)
၆။ လိပ်ခေါင်းရောဂါ(Piles)

ကုသမှုခံယူလိုသော လူနာများသည် ကြိုတင် စစ်သပ်/စစ်ဆေးရန် လိုအပ်ပါသောကြောင့် ဆေးရုံဝန်ထမ်းများမှ ကြိုတင်စစ်သပ်/စစ်ဆေးပြီး ခွဲစိတ်အထူးကုဆရာဝန်ကြီးများနှင့် ဆက်လက်ကုသနိုင်ရန် ရက်ချိန်းပေးပါမည်။

ကြိုတင် စစ်သပ်/စစ်ဆေးပေးမည့် အစီအစဉ်

နေ့ရက် - (၁၅-၁၀-၂၀၂၆) မှ (၁-၁၂-၂၀၂၆)ရက်နေ့အထိ
အချိန် - နံနက် (၈)နာရီမှ (၁၂)နာရီ၊ နေ့လယ် (၂)နာရီမှ ညနေ (၄)နာရီအထိ

မိမိတို့၏ ဆေးမှတ်တမ်းများနှင့် ယခုသောက်နေသောဆေးများရှိပါက ယူဆောင်လာခဲ့ပါ။
သွေးကျဲဆေးသောက်နေသော လူနာများကို (၁၈-၁၁-၂၀၂၆)ရက်နေ့အထိသာ ကြိုတင် စစ်သပ်/စစ်ဆေးပေးပါမည်။

ကုသမှုအစီအစဉ်ကို သိရှိလိုပါက ဆေးရုံဖုန်း ၀၉-၉၁၀၄၃၇၇၇၊ ၀၉-၄၅၀၂၀၀၇၄၇၊ ၀၉-၄၅၀၂၀၀၇၄၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဆေးရုံကြီးကြပ်စောင့်ရှောက်ရေးအဖွဲ့



အဖိုးတန် ရေချိုကို ချွေတာပါ

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစစ်ဆေးရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဧရာဝတီရိုးမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၊
၀၆၇-၈၁၀၃၃၅၊
Email Address – accm@accm.gov.mm
Website Address – http://www.accm.gov.mm

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

“ဝိမုရ” ဇာတ်တော်ကြီး တင်ဆက်ကပြဖျော်ဖြေ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တက်ရောက်ကြည့်ရှုအားပေး





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး ဒေါ်နီလာ “သဘင့်မာန်ဟုန် ရွှေရန်ကုန်” ဇာတ်တော်ကြီးအဖွဲ့က “ဝိမုရ”ဇာတ်တော်ကြီး ကပြဖျော်ဖြေ တင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၂၇

မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်သောအားဖြင့် “သဘင့်မာန်ဟုန် ရွှေရန်ကုန်” ဇာတ်တော်ကြီးအဖွဲ့က သမားစဉ်နှင့်အညီ ကပြဖျော်ဖြေတင်ဆက်သည့် “ဝိမုရ” ဇာတ်တော်ကြီးတင်ဆက်ကပြဖျော်ဖြေခြင်းကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် သဘင်ဆောင်အတွင်း၌ ကပြဖျော်ဖြေရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါဇာတ်တော်ကြီးတင်ဆက်ကပြဖျော်ဖြေပွဲအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်နီလာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

ရတနာပုံ ယနေ့ဖတ်စရာ

သီတင်းကျွတ်ကာလအခါသမယတွင် နိုင်ငံတစ်ဝန်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများတွင် ပြည်သူအများ အေးချမ်းစွာ ဖူးမြော်ကြည်ညိုကုသိုလ်ဒါနပြု၊ သီတင်းကျွတ် မီးထွန်းပွဲတော်များ ကျင်းပ

စာမျက်နှာ - ၂၁

မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ ဆင်ခြေလျှော မြေသားနိမ့်ကျမှု ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

စာမျက်နှာ - ၂၂

မုဒုံမြို့ ဆံတော်ရှင်ကန်ကြီးစေတီတော်မြတ်ကြီး၏ ၁၅၂ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



မော်လမြိုင် အောက်တိုဘာ ၂၇

မွန်ပြည်နယ် မုဒုံမြို့၏ အထင်ကရ သမိုင်းဝင် ဆံတော်ရှင်ကန်ကြီးစေတီတော်မြတ်ကြီး၏ ၁၅၂ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို သီတင်းကျွတ်လပြည့်နေ့အခါသမယတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါပြိုင်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ကန်ကြီးမင်္ဂလာကန်တော်၌ ကျင်းပရာ မြို့နယ်အသီးသီးမှ လှေလှော်အသင်းများနှင့် ဒေသခံရိုးရာလှေလှော်အားကစားသမားများက အားမာန်အပြည့်ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

စာမျက်နှာ ၂၀ ကော်လံ ၄ ✱



၂၀၂၆ ခုနှစ် ကမ္ဘာ့တစ်နှစ်တာအကောင်းဆုံး ကစားသမားဆု(Ballon d'Or)ကို တိုက်စစ်မှူး ဟယ်ရီကိန်း ရရှိ

လန်ဒန် အောက်တိုဘာ ၂၇

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)နှင့် ပြင်သစ်မဂ္ဂဇင်းတို့ ပူးပေါင်းချီးမြှင့်ပေးအပ်သည့် ၂၀၂၆ ခုနှစ် ကမ္ဘာ့တစ်နှစ်တာ အကောင်းဆုံးဆုပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အင်္ဂလန်နိုင်ငံ

စာမျက်နှာ ၂၃ ကော်လံ ၁ ◆

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ငါးထပ် အဆောက်အအုံကို စက်ယန္တရားများဖြင့် စနစ်တကျဖြိုချဖျက်ဆီး နေမှု မှတ်တမ်းဓာတ်ပုံ။



နေပြည်တော် အောက်တိုဘာ ၂၇

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ် အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိရာ လုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများအများဆုံး

စာမျက်နှာ ၂၄ ကော်လံ ၁ ■